
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၈၀၈၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၆၄၀၆၁၀
၂၀၁၀ ခုနှစ်၊ ဇူလိုင်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်
ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓာမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။
မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။
အတွင်းပုံနှိပ်
ဦးကျင်ရင်(၀၅၄၁၇)၊ ရွှေခြသေ့်ပုံနှိပ်တိုက်၊
အမှတ်(၁၂)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊
အလုံမြို့နယ်။
ပြည်လုံးကျွတ်ဖြန့်ချိရေး
ရဲရင့်အောင်စာပေ
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
သျှင်ဂွမ်းကွီ
ဒုတိယလူ / သျှင်ဂွမ်းကွီ။ - ရန်ကုန်၊
ဂန္ဓာမြိုင်စာပေ၊ ၂၀၁၀။
၁၄၄-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) ဒုတိယလူ

ကျွန်တော်ဟာ ဘယ်လောက် ကြိုးစား ကြိုးစား ပထမနေရာ ဘယ်တုန်းကမှ မရသလို နောက်ဆုံးနေရာကိုလည်း မရောက်ခဲ့ဘူး။



ကျွန်တော် အမြဲရနေတာက . . . ဒုတိယနေရာပါ။ တခြားနေရာတွေမှာဆို ပြဿနာ မရှိပေမယ့် . . . အချစ်နဲ့ပတ်သက်တဲ့ နလုံးသားရေးရာမှာတော့ ဒုတိယဆိုတာ မဖြစ်သင့်ဘူး . . . လို့ ကျွန်တော်ထင်တယ်။

ဒါပေမဲ့ . . . ကျွန်တော်ဟာ ဒုတိယနေရာကလူ
ဒုတိယလူပါပဲဗျာ . .

ထူးမင်းထက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဒီနေ့ ကျောင်းတက်ရတာ စိတ်ထဲ တစ်ခုခုလိုနေသလိုပဲ။ မနက် အိမ်က ထွက်လာကတည်းက ထီးကပါမလာ။ ထီးမပါလာတာကို သိလို့ လား မသိ . . . ကိုရွှေမိုးက ရွာတယ်။ ဒေါသဖြစ်ပြီး သွားထိုးလို့လည်း မရ။ သူက ကောင်းကင်ပေါ်မှာ အခန့်သား။ ဒီတော့လည်း မိုးမစိုအောင် မိုးလွတ်တဲ့နေရာကို ဝင်ပြေးရတယ်။

ဝင်ပြေးတဲ့နေရာကလည်း အရောင်းအဝယ်ကောင်းလွန်းလို့ မကြာသေးခင်က ဖောက်သည်တချို့ကို အတင်းတောင်းပန်ပြီး ပိတ်လိုက် တဲ့ အကြော်ဆိုင်အစုတ်လေး။

မတတ်နိုင်ပါ။ မိုးဝင်ခိုရတော့တာပဲ။ ရုပ်ရှင်တွေထဲကလို အိုင် တင်နဲ့ လွယ်အိတ်လေးပိုက်၊ မိုးရေထဲ ခပ်ကုပ်ကုပ်နဲ့သွားရင် . . . စာအုပ် တွေစို၊ လူလည်းစိုနဲ့ ကျောင်းရောက်မှာတောင် မဟုတ်တော့ဘူး။

အကြော်ဆိုင်လေးထဲရောက်တော့ ကိုယ်ထက် အရင်ဦးတဲ့ပုဂ္ဂိုလ် က ကွပ်ပျစ်ဟောင်းလေးပေါ်မှာ အခန့်သား ကွေးနေတယ်။ သူဝင်လာ တာကို မခန့်သလိုနဲ့ ခေါင်းတစ်ချက်ထောင်ကြည့်ပြီး ပြန်ကုပ်နေတယ်။





ဘာမှမပြောရဲပါဘူး။ ဟိုက . . . သူ့ အရင်ရောက်တာ မင်းက အခုမှ ဝင်လာတာဆိုပြီး သူ့ဘာဘာစကားနဲ့ ဟိန်းဟောက်လိုက်ရင် သူပြေးရမှာ လေ။ ထီးနဲ့လာမယ့် လူကြုံကို စောင့်ကြည့်လိုက်တယ်။

လာပါပြီ . . . သူ့တို့ ရပ်ကွက်ထဲက လူပျိုကြီး ကော်ဇောထီးကြီးကို စတိုင်ကျကျဆောင်းကာ သူ့ကိုယ်သူ ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့ ဟန် အပြည့်နှင့် သူ့ရှေ့နားရောက်လာတယ်။သူကလည်း အဖော်ရွှေခုံး ပြုံးပြီး

"ကိုကြီးစိုး . . . ဘယ်သွားမလို့လဲ"

"ဟာ . . . ယောက်ဖ . . . အဲ . . . ထူးမင်းထက် . . . အကြော် ဆိုင်ထဲမှာ ဘာလုပ်နေတာလဲ"

"ကျောင်းသွားမလို့ဗျာ . . . မိုးရွာလာတာနဲ့"

"တော် . . . သဘောပေါက်ပြီ မင်းမှာ ထီးပါမလာလို့ မိုးဝင်ခိုနေ တာမဟုတ်လား"

"ဟုတ်တယ် ကိုကြီးစိုး . . . အဲဒါ လမ်းကြုံလိုက်ချင်လို့"

"ရပါတယ်ကွာ . . . ကိုယ့်အပေါင်းအသင်းတွေပဲ"

ထိုအချိန်တွင် ကိုကြီးစိုးတို့တစ်အိမ်ကျော်မှ အပျိုကြီးညီအစ်မ နှစ်ဦး ဈေးခြင်းတောင်းကိုဆွဲကာ ကိုကြီးစိုးရှေ့မှအဖြတ် . . .

"ဟာ . . . နီနီတို့ ဈေးကပြန်လာတာလား"

"ဟုတ်တယ် ကိုစိုး"

"လာ . . . လာ . . . ကိုယ်လည်း အိမ်ပြန်မလို့ အတော်ပဲ . . . ကိုယ် ခြင်းတောင်းပိုင်းဆွဲမယ်"

"ဟင်"

"ကိုကြီးစိုး . . . ကျွန်တော် . . . "

"မင်းက ကားမှတ်တိုင်သွားမှာ၊ ငါက အိမ်ပြန်မှာ . . . လမ်းမကြုံ ဘူး၊ နောက်လူကြုံကို စောင့်"

www.burmeseclassic.com



"ဟာဗျာ"

ကိုကြီးစိုး သူ့ဦးတည်ရာ ပြောင်းသွားတယ်။ လမ်းထိပ် ထွက်လာပြီးမှ သူ့အိမ်ဘက် ပြန်လှည့်သွားသဖြင့် သူ အကြော်ဆိုင်မှာ ဆက်ကျန်ခဲ့တယ်။

သူ့ကံဇာတာ ကြာကြာမညံ့ပါ။ သိပ်မကြာခင်ပဲ သူ့တို့လမ်းထဲက ကုလားမလေး ကလျာ သူ့ရှေ့သို့ ဖြတ်လျှောက်လာတာကို တွေ့တာနဲ့

"ဟဲ့ ကလျာ . . . နင် ဘယ်သွားမလို့လဲ"

"ကုလားနဲ့ ချိန်းထားလို့ . . . အဲ . . . မဟုတ်ပါဘူး . . . ယောင်လို့ . . . ဈေးဘက်သွားမလို့"

"ငါလည်း လိုက်မယ်"

"ဘာလိုက်လုပ်မှာလဲ . . . ငါ့မှာရည်းစားရှိတယ်"

"လမ်းကြုံလိုက်ချင်လို့ပါဟာ၊ ကျောင်းသွားမလို့ နောက်ကျနေပြီ ကားမှတ်တိုင်လေးတင် လိုက်မှာ"

ကုလားမလေး သေချာစဉ်းစားတယ်။ ပြီးတော့ သူ့တစ်ကိုယ်လုံးကို သေချာကြည့်တယ်။ စိတ်ချပြီထင်လို့နဲ့ တူတယ် တစ်ကိုယ်လုံးမှာ တစ်နေရာပဲ ဖြူတဲ့ သွားလေးပေါ်အောင် ခပ်ပါးပါးပြုံးပြီး . . .

"ငါ့ရည်းစားနဲ့တွေ့ရင် နင် ရှင်းပြရမယ်နော်"

"အေးပါဟာ . . . ရှင်းပြပါ့မယ်"

"ပြီးရော . . . လာ . . ."

သူ တဲထဲက ပြေးထွက်ပြီး ကုလားမလေးနဲ့အတူ မိုးရေထဲ ထီးတစ်ချောင်းအောက်မှာ နှစ်ယောက်အတူဆောင်းပြီး လျှောက်လာတယ်။ ထီးတစ်ချောင်းတည်းကို နှစ်ယောက်အတူဆောင်းတော့ လူချင်းတလည်း ပူးပူးကပ်ကပ်၊ ဒီကြားထဲ ကုလားမက စကားကို အဆက်မပြတ်ပြောတာ။ သူ အင်မတန်ကို သည်းခံနေရတယ်။





"ငါ့ဘဝမှာ အခုလို မိုးရေထဲ ယောကျ်ားတစ်ယောက်နဲ့ ထီးအတူဆောင်းတာ ဒါ . . . ဒုတိယအကြိမ်ပဲ"

"ဟင်"

"ငါ့ရည်းစားကုလားနဲ့ တစ်ခါဆောင်းဖူးတယ်၊ သူကလည်း သီချင်းဆို၊ ငါကလည်း သီချင်းဆိုနဲ့ အရမ်းပျော်ဖို့ကောင်းတယ်၊ အခုလို ပျင်းခြောက်ခြောက်ကြီး မဟုတ်ဘူး"

"ငါမှ သီချင်းမရတာ"

"အဲဒါကြောင့် . . . ငါ ဗမာတွေကိုမကြိုက်တာ၊ ဗမာတွေက သီချင်းဆိုဖို့ မကြိုးစားဘူး"

"ဘာလုပ်ဖို့ ကြိုးစားလဲ"

"အဲဒါတော့ . . . နင်တို့အသိဆုံးပဲ၊ ငါတို့ ကုလားတွေက ဘာလုပ်လုပ် သီချင်းဆိုတယ်၊ သေရင်တောင်မှ ဆိုင်းတီးပြီးသီချင်းဆိုတယ်"

ကုလားမရဲ့သီချင်းဋီကာအကြောင်းကို နားမခံသာအောင် သူ နားထောင်နေသည်။ မှတ်တိုင်ကလည်း ရောက်ဖို့ လိုနေသေးတာကြောင့် သူ့ကိုမဆန့်ကျင်ရဲ။ အလိုက်သင့်နှင့် . . .

"နင်တို့ကုလားတွေ ညဘက် လူကြီးတွေမသိအောင် ချိန်းတွေ့ရင် ဘယ်လိုသီချင်းဆိုလဲ"

"အဲဒီကျတော့ သီချင်းမဆိုတော့ဘူး"

"ဘာလုပ်လဲ"

"အသံတိုးတိုးနဲ့ ဆိုင်းတီးတယ်၊ ဒို . . ရေ . . မီ . . ဖာ . . ဆို . . လာ . . တီ . . တိုလေဟာ"

"နင်တို့ကုလားတွေမှာ ဒို ရေ မီ ဖာ ရှိလို့လား"

"ရှိတာပေါ့ဟာ၊ ဘာလဲ . . . နင်က ငါတို့ကုလားတွေကို အထင်သေးတာလား၊ ဂီတအစ ကုလားကတဲ့"



www.burmeseclassic.com

www.burmeseclassic.com



! "အေးပါ . . . အေးပါ . . . ငါမှတ်ထားပါ့မယ်"

"ကဲ . . . ရောက်ပြီ"

ကားမှတ်တိုင်ရောက်အောင်တော့ လိုက်ပို့ရှာသည့် ကုလားမလေးကလျှာကို ကျေးဇူးတင်စွာဖြင့် . . .

"ကျေးဇူးပဲဟာ"

"ရတယ်"

ကားတစ်စီး မှတ်တိုင် ကို ဝင်လာတာမြင်တော့ ကားပေါ်ကို ပြေးတက်လိုက်တယ်။

မနက်ပိုင်းဆိုပေမယ့် ကားကတော့ လူအကျပ်ကြီးမဟုတ်။ သူ့အတွက် ထိုင်စရာ နေရာတစ်နေရာရသဖြင့် ဝင်ထိုင်လိုက်တယ်။

သူ့ဘေးက အန်တီကြီးကတော့ ပရိတ်တရားစာအုပ်ကိုကြည့်ပြီး ရွတ်နေရာ သူဝင်ထိုင်တာကိုပင် သိသည်မထင်ပါ။ ကားကလည်း တစ်မှတ်တိုင်ဝင်၊ တစ်မှတ်တိုင်ထွက်နှင့် ခရီးသည်က သူတက်စကလို မဟုတ်။ တဖြည်းဖြည်း ပြည့်ကျပ်လာ၏။

သူ့ခုံဘေးနားက လက်တန်းလေးကိုကိုင်ပြီး ကိုယ်ဝန်ဆောင်မိန်းမတစ်ဦး ရပ်နေရာ ယောကျ်ားတစ်ယောက်ဖြစ်သည့်သူ အခန့်သားထိုင်နေလျှင် မသင့်တော်ဟု သူ့ကိုယ်သူယူဆပြီး နေရာပေးရန် စဉ်းစားလိုက်တယ်။

"ဝါး"

ကလေးတစ်ယောက်၏ စူးစူးဝါးဝါးငိုသံ။ သူလှမ်းကြည့်လိုက်တော့ မိန်းမတစ်ဦးချီထားသည့်ကလေး။ လူကျပ်တာကိုစိတ်ညစ်လို့ ထင်တယ် ထ,ငိုတယ်။ အဲဒီမိန်းမလည်း တိုးရင်း တိုးရင်း သူ့ခုံရှေ့ကိုရောက်လာတယ်။ သူခေါင်းက အမြန်စဉ်းစားတယ်။

"ဘယ်သူ့ကို နေရာပေးရမလဲ"

သူနှစ်ယောက်လုံးမျက်နှာကို မော့ကြည့်တော့ နှစ်ယောက်လုံးက





ည်း မျှော်လင့်ချက်မျက်လုံးတွေနဲ့ သူ့ကို ပြန်ကြည့်တယ်။

သူ ဆုံးဖြတ်ချက်ကို အလျှင်အမြန်ချလိုက်တယ်။ ကိုယ်ဝန်ဆောင် မျိုးသမီးကို လက်တို့ပြီး . . .

"ထိုင် အစ်မ . . . ကျွန်တော်ထ,ပေးမယ်"

"အေး . . . အေး"

ကိုယ်ဝန်ဆောင်အမျိုးသမီးက ဝမ်းသာအားရ ထိုင်တယ်။ လေးအမေက သူ့ကို မျက်စောင်းထိုးတယ်။ မတတ်နိုင်ဘူး။

ကားက လူသိပ်ကျပ်တော့ ကိုယ်ဝန်ကိုဖိတိုးမိရင် အချိန်မရွေး ပေါက် ကွဲသွားနိုင်တယ်။ ကလေးအမေလည်း မနစ်နာအောင် . . .

"အစ်မကလေး ကျွန်တော့်ကိုပေး . . . ကျွန်တော် ချီထားမယ်"

"ဝါး"

ကလေးက ငိုနေဆဲမို့ သူခေါ်ပေမယ့် သူ့အမေက မပေး။ ကလေး ကိုသာ အငိုတိတ်အောင် ချော့နေတယ်။

"သား . . . တိတ် တိတ် . . . ကားက သိပ်ကျပ်တယ်၊ မငိုနေနဲ့ ထိုင်စရာနေရာရဖို့ဆို မိန်းကလေးမွေးထားမှ ဖြစ်မယ်ထင်တယ်၊ ခုတော့ . . မင်းက ယောကျ်ားလေး ဖြစ်နေတာကိုး . . . တိတ် တိတ် . . .၊

မငိုပါနဲ့ သားရယ် . . . နောက်တစ်ယောက်ထရင် အမေတို့ နေရာရမှာပါ၊ ဗိုက်ထဲက ကလေးက ပိုအရေးကြီးတယ် သားရဲ့၊ မိန်းက လေးလည်း ဖြစ်နိုင်တယ်လေ"

ကလေးအမေကတော့ ကလေးချော့ရင်း သူ့ကို စောင်းနေတယ်။ ကိုယ်ဝန်နဲ့မိန်းမက မသိဟန်ဆောင်ပြီး ကားဘေး ပြတင်းပေါက်အပြင် ဘက်ကိုသာ ကြည့်နေတယ်။

သူ့ဘေးက အန်တီကြီးရဲ့ပရိတ်ရွတ်သံက လူများလို့ထင်တယ်၊ ပိုလို့တောင် ကျယ်လာတော့တယ်။ ကိုယ်ဝန်သည်မိန်းမ ထိုအန်တီကြီး

www.burmeseclassic.com



ပရိတ်ရွတ်တာကို နားထောင်ရင်း . . .

"အဒေါ် . . . အခုရွတ်နေတဲ့ပရိတ် ဆက်မရွတ်ရင်ကောင်းမယ်"

ပြောလိုက်လေရော . . .

"ဟင် . . . ငါ့ဘာသာ ပရိတ်ရွတ်နေတာ ဘာဖြစ်လို့လဲ"

"အဒေါ်ရွတ်နေတာ သားဖွားနိုင်အောင် ရွတ်တဲ့ အင်္ဂုလိမာလသုတ်၊ ကျွန်မဗိုက်က ခုမှ ခုနစ်လပဲရှိသေးတယ်၊ အဒေါ်ရွတ်လို့ လမပြည့်ဘဲ ကားပေါ်တင်မွေးသွားမှ ကျွန်မယောက်ျားနဲ့ ပြဿနာတက်နေဦးမယ်"

"ဘာဆိုင်လို့လဲ"

"ကျွန်မယောက်ျားက ကျွန်မ,မွေးရင် ကလေးကို သူ ပထမဆုံး ကြည့်မယ်တဲ့၊ ကားပေါ်မှာသာ မွေးရင် လူတကာ မြင်ပြီးမှ သူမြင်ရရင် ကျွန်မကို သတ်လိမ့်မယ်"

ကိုယ်ဝန်သည်မိန်းမရဲ့အသံက တစ်ကားလုံးကို ဖုံးသွားတော့ ကားပေါ်ကလူတွေကလည်း သူ့ကို အာရုံစိုက် ဝိုင်းကြည့်ကြတယ်။ ပရိတ်ရွတ်နေတဲ့ အန်တီကြီးကလည်း သူရွတ်နေတဲ့ပရိတ်ကို မရပ်ပေးဘူး ဆက်ရွတ်တယ်။

"ဒီနေရာမှာ ထိုင်မိတာကိုက မှားတာ၊ ဗိုက်တောင် နာချင်ချင် ဖြစ်လာပြီ"

သူ့ကိုကြည့်ပြီး ကိုယ်ဝန်ဆောင်မိန်းမကပြောတော့ ယောင်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ နောက်တော့ သူ့ဘက် မြားဦးလှည့်လာမှာ ကြောက်တာနဲ့ ကားနောက်သွားကာငြိမ်ငြိမ်လေးသိုက်လာတော့တယ်လေ။

❧ ❧ ❧



## အခန်း (၂)

"ထူးမင်းထက်"

သူ့နာမည်ကို လှမ်းခေါ်လိုက်သည့်အသံကို ကြားလိုက်ရ၍ သူ နောက်သို့လှည့်ကြည့်လိုက်သည်။

"သော်ဇော် . . . မင်းတစ်ယောက်တည်းလား"

"အေး . . . ဝသုန်က သွားနှင့်ပြီဆိုတာနဲ့ ငါတစ်ယောက်တည်း ထွက်လာတာ"

သော်ဇော်က သူ့ပခုံးကိုဖက်ရင်း ကော်ရစ်တာတစ်လျှောက် နှစ်ယောက်အတူ လျှောက်လာကြသည်။

"ဝသုန်ကတော့ တို့ကို စိတ်ကောက်တော့မှာပဲ"

"ဘယ်တတ်နိုင်မလဲ ထူးမင်းထက်ရာ . . . သူ့အိမ်က ကျောင်းနဲ့ သိပ်မဝေးဘူး၊ တို့လာရတာက မင်းသိတဲ့အတိုင်း"

ဟုတ်တော့လည်း ဟုတ်သည်။ သော်ဇော်က သုဝဏ္ဏတွင်နေကာ သူက မရမ်းကုန်းတွင်နေသည်။ ရွှေဝသုန်က မြောက်ဒဂုံထဲတွင်မို့ ဒီဒဂုံတက္ကသိုလ်က သူနှင့် အနီးဆုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့ရောက်တော့ ဆရာပင် ရောက်နေပြီမို့ သူတို့နှစ်ယောက် အခန်းအပြင်မှာသာ ရပ်နေလိုက်သည်။

သိပ်မကြာခင်ပဲ ရွှေဝသုန်က သူတို့နှစ်ယောက်ကို မြင်သွားပြီး မျက်စောင်းတစ်ချက်ထိုးကာ ဆရာသင်သည့်စာများကို လိုက်မှတ်နေသည်။

"ထူးမင်းထက် … မင်း အတန်းတက်ဦးမလား"

"မင်းရော"

"မတက်တော့ဘူးကွာ … ဆရာသင်တဲ့စာတွေ ဝသုန့်ဆီက ကူးတော့မယ်"

"အေး ကောင်းတယ် … ကန်တင်းသွားမယ်"

"ဝသုန့်ကို အချက်ပြခဲ့မယ်"

"အေး"

သော်ဇော်က ကန်တင်းဘက်လက်ညှိုးထိုးပြပြီး ရွှေဝသုန့်ကို ပြလိုက်သည်။ ပြီးတော့ သူတို့နှစ်ယောက် ကန်တင်းသို့ ထွက်လာကြသည်။

ကန့်တင်းမှာထိုင်ရင်း သော်ဇော်က …

"ဝသုန်က ခုထက်ထိ ကလေးစိတ် မပျောက်သေးဘူးကွာ … ခုထိ တို့ကို စိတ်ကောက်လိုက်, ရန်လုပ်လိုက်နဲ့"

"ငါတို့ကလည်း သူ့ကို စတာကိုး"

"သူက ငယ်ငယ်ကတည်းက စိတ်ဆိုးတတ်တော့ စလို့ကောင်းတာ ပေါ့"

"တို့တွေ ဟိုတုန်းက ကလေးဘဝကို လွမ်းတယ်ကွာ၊ စိုင်းထီးဆိုင်သီချင်းထဲကလို အပူအပင်ကင်းတဲ့ကလေးဘဝ ပြန်ရချင်တယ်ဆိုတာ လေ"

"ဘယ်အပူကင်းတဲ့ကလေးဘဝကို ရချင်တာလဲ"

အသံကျယ်ကျယ်ဖြင့် ဆိုင်ထဲသို့ ဝင်လာသည့် ဝကြီးက သူတို့ဝိုင်းထိုင်ကာ မေးလိုက်သည်။





သူက …

"တို့အိမ်နားက ကလေးပါကွာ၊ မွေးကတည်းက တစ်ခါမှ ကိုယ်မှာဘာတို့, ဖျားတာတို့ မရှိဘူး … တအားကျန်းမာတယ်"

"မင်းက သူ့ဘဝကို ရချင်တယ်ပေါ့"

"ဟုတ်တယ်လေ … ကျန်းမာတော့ မကောင်းဘူးလား"

"ကောင်းပါတယ် … သူ့ဘဝကို ရချင်ရင် သူနဲ့အတူ သွားနေ၊ သူ့အမေနို့တိုက်ရင် မင်းလည်း လိုက်စို့လိုက်၊ အဓိက,က မိခင်နို့ရည်ပဲကွ"

"တော်ပါတော့ ဝကြီးရယ် … မင်းလုပ်တာနဲ့ ကလေးရဲ့အဖေ ပါလာသတ်နေဦးမယ်"

'ဟား … ဟား … ဟား …'

သော်ဇော်နဲ့ ဝကြီးက သူ့ကိုကြည့်ပြီး ရယ်ကြတယ်။ ဝကြီးဆိုတဲ့ကောင်က သူ့ခန္ဓာကိုယ်ကြီးကို လှုပ်ပြီး အားရပါးရရယ်တာ ခုံတောင် ကျိုးလောက်တယ်။

"ဟေ့ကောင် ဝကြီး … သတိထားပြီးရယ်၊ ခုံကျိုးသွားမှ လျော်နေရဦးမယ်"

"ကိစ္စမရှိဘူး ထူးမင်းထက် … မင်းတို့အိမ်နားက ကလေးနဲ့ ပြေလည်အောင်သာ မင်းညှိ"

"ရတယ် … ငါက ဒါမျိုး ဘယ်တော့မှ အရှုံးပေးတာမဟုတ်ဘူး"

"နှာဘူးကောင်"

ဝကြီးနှင့်ထူးမင်းထက်တို့ပြောနေကြတာကို သော်ဇော်က ဘာမှဝင်မပြော … နားပဲ ထောင်နေတယ်။

"ထူးမင်းထက် … မင်းနဲ့ရွှေဝသုန်က ငယ်ငယ်ကတည်းက ခင်လာကြတာလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ... ဘာဖြစ်လို့လဲ"

"သော်ဇော်နဲ့က"

"အတူတူပဲလေ"

"အခု မင်းတို့နေတာက တစ်နေရာစီ ဘာလို့ဖြစ်နေတာလဲ"

"ဒါကတော့ကွာ ... မိဘတွေနေတဲ့နေရာ လိုက်နေရတာ၊ ငါတို့က ဘယ်မှမပြောင်းပါဘူး ... မရမ်းကုန်းမှာပဲ၊ သော်ဇော်နဲ့ရွှေဝသုန်တို့သာ ပြောင်းသွားကြတာ"

"ခု ... တက္ကသိုလ်တက်မှ ပြန်ဆုံတာပေါ့"

"အေး"

သော်ဇော်က စာသင်ဆောင်ဘက်သို့ ကြည့်နေရင်း ...

"ထူးမင်းထက် ... ရွှေဝသုန်နဲ့အေးမာ လာနေပြီ"

"ငါ သွားကြိုပေးရမလား"

ဝကြီးက ဝင်ပြောတယ်။

"ရတယ် ... မင်းသွားကြိုရင် ဟိုက သွေးတက်နေဦးမယ်၊ ဒီမှာပဲ ငြိမ်ငြိမ်ထိုင်"

"မင်းတို့က ရွှေဝသုန်နဲ့ပတ်သက်ရင် သိပ်တိုတာပဲ"

ဝကြီး မကျေမနပ်နှင့် ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။ ထူးမင်းထက်က ...

"စိတ်လျှော့ ဝကြီး ... ဘော်ဒီချင်း မမျှလို့ပါကွာ၊ ငါတို့သူငယ်ချင်းခန္ဓာကိုယ်က မင်းကိုမမီတော့ သူ အားငယ်သွားမှာစိုးလို့"

"ဟောကောင် ထူးမင်းထက် ... ဝတယ်ဆိုတာ လူတိုင်း ဝချင်လို့ဝတာမဟုတ်ဘူး၊ အဲဒီလိုဝဖို့ကို အစားများများစားရတယ်၊ အချိန်ပေးပြီး အိပ်ရတယ်၊ အချဉ်, အငန်, အပူ, အစပ် မစားရဘူး"

"ငါကတော့ အချဉ်, အငန်, အပူ, အစပ် အကုန်ကြိုက်တယ်"





"ဟင် ... ရွှေဝသုန်"

ရွှေဝသုန်၊ အေးမာနှင့်အတူ သူတို့စားပွဲမှာဝင်ထိုင်ရင်း ဝကြီးကို ပြောလိုက်၏။

"ဟဲ့ ... နင်တို့နှစ်ယောက် ဘာလို့ အတန်းမတက်တာလဲ"

ရွှေဝသုန်မေးတာကို သော်ဇော်က ...

"အခု အတန်းဝင်တဲ့ဆရာက ဆံပင်ကောက်တယ်"

"ဘာဆိုင်လို့လဲ"

"သူသင်တဲ့ ကွန်တိုမျဉ်းကွေးကလည်း သူ့ဆံပင်အတိုင်း ကောက်ကောက်ကွေးကွေးနဲ့"

"ကွန်တိုမျဉ်းပဲ ကောက်မှာပေါ့"

"ငါက ဖြောင့်တာပဲ ကြိုက်တယ်၊ ကောက်ကောက်ကွေးကွေးတွေ မကြိုက်ဘူး"

"ထူးမင်းထက် ... နင်ကရော ဘာလို့မတက်တာလဲ"

သော်ဇော်ကို ဘာမှဆက်မမေးတော့ဘဲ ထူးမင်းထက် ဘက်သို့ လှည့်ကာ မေးလိုက်၏။

"ဆရာ ပုဆိုးဝတ်တာ သိပ်နိုင်ပုံမရလို့"

"ဟင်"

"မတော်တဆ ပုဆိုးကျွတ်ကျရင် ငါမကြည့်ရဲဘူး"

"ဩော် ... ငါတို့က ကြည့်ချင်လို့ အတန်းတက်တာလို့ နင်ပြောချင်တာလား"

"အဲဒါတော့ ကိုယ့်ဘာသာတွေး"

ရွှေဝသုန် ဒေါကန်ကန်နှင့် ထူးမင်းထက်ကို ရန်တွေ့တော့တယ်။ ထုံးစံအတိုင်း ထူးမင်းထက်က ခပ်ပြုံးပြုံးနဲ့ ကြည့်နေတယ်။ ကြားက ဝကြီးက ...


www.burmeseclassic.com

www.burmeseclassic.com

''ကဲ ... တော်ကြပါတော့၊ ပွဲခင်းထဲ ဖျာလုနေကြတဲ့အတိုင်း။ ဒါ ကန်တင်း ... စားရမယ့်နေရာ၊ ဖျာလုရမယ့်နေရာ မဟုတ်ဘူး''

''အဲဒါပဲ ဝကြီး ... မိန်းမတွေက တစ်ခုခုဖြစ်ရင် ပေါက်ကွဲဖို့ပဲ၊ ဘာနဲ့တူလဲဆိုတော့ ပူစီဖောင်းနဲ့တူတယ်၊ ဆူးပေါ် ပူစီဖောင်းကျလည်း ပူစီဖောင်းပဲ ပေါက်တယ် ...၊

ပူစီဖောင်းပေါ် ဆူးကျရင်လည်း ပူစီဖောင်းပဲ ပေါက်တယ်''

''နင့်ပါးစပ်ပိတ်ထား ထူးမင်းထက်''

''အေးပါ ပူစီဖောင်းရယ်''

''ဘာ''

'ဟား .. ဟား .. ဟား'

ရွှေဝသုန် ဒေါသထွက်တာကိုကြည့်ပြီး သူတို့ ဝိုင်းရယ်ကြတယ်။ ပြီးတော့ ဝကြီးက ...

''အေးမာ ... နင် ဘာလို့အရပ်ပုတာလဲ''

''ငါ့ဘာသာ အရပ်ပုတာ နင့်အပူမပါဘူး''

''အေးပါ ... ငါ့အပူတော့ မဟုတ်ပါဘူး။ နင်အိမ်ထောင်ကျရင် နင့်ယောက်ျား စိတ်ပျက်မှာစိုးလို့''

''စိတ်ပူတယ်ပေါ့''

''အေးပေါ့ဟ ... နင်က ငါ့သူငယ်ချင်းပဲ''

''ငါအိမ်ထောင်ကျလို့ ငါ့ယောက်ျား စိတ်မပျက်အောင် နင့်ညီမ တစ်ယောက် ထည့်ပေးလိုက်''

''ဟင်''

ဝကြီး ပါးစပ်ပိတ်သွားတယ်။

သူ့ညီမက ပထမနှစ်သင်္ချာမှာ တက်နေတာကို သူတို့အားလုံး သိသည်လေ။





''ကဲ ... တော်ကြပါတော့ ... နောက်တစ်ချိန် ပရက်တီကယ် မဟုတ်လား။ ငါတို့သွားမယ် သော်ဇော် ... ဒီဝိုင်းကို မင်းရှင်းလိုက်''

''ငါတစ်ယောက်တည်း ရှင်းရမှာလား ... ထူးမင်းထက်''

''အေးလေ ... မင်းက သူဌေးသားပဲ ရှင်းလိုက်ပေါ့''

ဝကြီးက ဝင်ပြောလိုက်ရာ ရွှေဝသုန်က ...

''အေး ဟုတ်တယ် ... သော်ဇော် ရှင်း၊ နေဦး ... ငါ ပေါက်စီ တစ်လုံး ထပ်စားမယ်''

''နင်က လောဘကိုကြီးတယ်''

''ဝကြီးကို မခံချင်လို့ပါ သော်ဇော်ရယ်၊ ဒီကောင့်လို ဘော်ဒီမျိုး ဖြစ်အောင် ငါကြိုးစားမယ်''

''နင် ရည်းစားရမှ နင့်ဘဲကို ကြိုးစားခိုင်း''

ရွှေဝသုန်က ဘာမှပြန်မပြောတော့ဘဲ ပေါက်စီကိုသာ အားရပါးရ စားနေ၏။ ဝကြီးက အေးမာကို ...

''ဟဲ့ အေးမာ ... နင် ပေါက်စီတွေ ပါဆယ်ဆွဲမသွားနဲ့၊ ပြန်ချ ထား''

''ငါ ... ကိုင်တောင် မကိုင်ဘူး''

''မညာနဲ့ အေးမာ ... နင်ဖွက်ထားတာ ငါတွေ့နေတယ်''

''ဟယ် ... ဝကြီး ညစ်ပတ်တယ်''

'ဟား .. ဟား .. ဟား'

သူတို့ဝိုင်းလေးက စိုစိုပြည်ပြည် ရယ်မောသံတွေနှင့် ဆူညံကာ သွားတော့သည်။ သူတို့အားလုံးရဲ့ နံနက်ခင်းကတော့ နေရောင်မပါလည်း အမြဲကို လှနေသည်လေ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့ . . .

ထူးမင်းထက် . . . သော်ဇော်ဖုန်းဆက်ပြီး ခေါ်တာကြောင့် သုဝဏ္ဏသို့ လိုင်းကားစီးပြီး ရောက်လာသည်။

လွန်စွာသေသပ်လှပသော ခြံဝန်းကျယ်ကြီးထဲတွင် ခေတ်မီသော နှစ်ထပ်တိုက်အိမ်ကြီးကို ခံ့ညားစွာဆောက်ထားသော သော်ဇော်တို့အိမ် ခြံတံခါးဝက လူခေါ်ဘဲလ်ကိုနှိပ်ကာ သော်ဇော့်ကို ခေါ်လိုက်၏။

ခဏကြာတော့ အိမ်ထဲမှ အမျိုးသမီးတစ်ဦး ထွက်လာပြီး . . .

"ထူးမင်းထက်ပါလား"

"ဟုတ်ကဲ့ အန်တီ . . . သော်ဇော်ရှိလား"

"အပြင်ခဏသွားတယ်၊ လာလေ . . . အထဲမှာဝင်ထိုင်၊ ပြန်လာတော့မှာပါ"

"ဟုတ်ကဲ့"

ထူးမင်းထက် ခြံတံခါးလာဖွင့်ပေးသော အမျိုးသမီးနောက်က လိုက်လာကာ အိမ်ထဲရှိ ဧည့်ခန်းတွင် ဝင်ထိုင်လိုက်၏။





ခမ်းနားလှသောဧည့်ခန်းတွင် ဆိုဖာဆက်တီထိုင်ခုံများ မွေးစွ ကော်ဇောများဖြင့် ပြင်ဆင်ထားပုံမှာ သော်ဇော်တို့၏ ကြွယ်ဝချမ်းသာမှုကို ပို၍ပေါ်လွင်စေသည်။

သော်ဇော့်မိဘများမှာ နိုင်ငံခြားတွင်ရှိနေပြီး ဒီအိမ်ကြီးမှာတော့ သူ့ဦးလေး ဦးလေးမောင်၊ အဒေါ်ဖြစ်သူ ဒေါ်သီတာတို့နှင့် သော်ဇော် အတူနေသည်။

ထူးမင်းထက်နှင့်လည်း ရင်းနှီးတာမို့ သူ ဒီအိမ်သို့ရောက်သည့် အခါ ဖော်ဖော်ရွေရွေဆက်ဆံသည်။

ခုလည်း . . . သော်ဇော်အပြင်သွားနေသည်ကို စောင့်နေသည့် သူ့ကို ဦးလေးမောင်က လာရောက်စကားပြော၏။

"ထူးမင်းထက် . . . မင်း ကျောင်းပြီးရင် ဘာလုပ်မယ်လို့ စိတ်ကူးလဲ"

"မွေးမြူရေးလုပ်မယ် ဦးလေး"

"ဟော . . . ရည်ရွယ်ချက်ကြီးမားလှချည်လား"

"ဟုတ်ကဲ့"

"ငါလည်း . . . မွေးမြူရေးလုပ်ဖို့ ကြိုးစားပါတယ်ကွာ၊ ဒါပေမဲ့ . . . ငါ့စိတ်ကူးတွေကို မင်းအန်တီက ပယ်ချတယ်ကွ"

"ဘာဖြစ်လို့လဲ . . . အန်တီက အားမပေးဘူးလား"

"သူ့မှာ ရောဂါရှိတယ်"

"ဟင်"

ဦးလေးမောင်ပြောတာကို ထူးမင်းထက် စဉ်းစားတယ်၊ အဖြေက ဘယ်လိုမှမရသဖြင့် . . .

"မွေးမြူရေးလုပ်တာနဲ့ အန်တီ့မှာရောဂါရှိတာနဲ့ ဘာဆိုင်လို့လဲ အန်တီ့ကို ဦးလေး မွေးမြူရေးလုပ်မယ့်နေရာကို ခေါ်မနေနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“မင်းမသိပါဘူး ထူးမင်းထက်ရယ်၊ မင်းအန်တီက သဝန်လည်း တိုတတ်တယ်”

“ဟုတ်လား”

“အစာကျွေးရင်တောင် မရမ်းသီးတို့ မာလကာသီးတို့ မချဉ် တို့ကိုတောင် မကျွေးဘူး”

“ဘာလို့လဲ”

“မ,ပါလို့တဲ့”

“အဲဒီလောက်ကို သဝန်တိုတာလား”

ထူးမင်းထက် အလိုက်သင့် မြောက်ပေးလိုက်ရာ ...

“အဲဒီထက်ဆိုးတာက အိပ်ရင်တောင် အိပ်မက်ထဲမှာ မိန်းမပါတဲ့ အိပ်မက်ကို မက်ခွင့်မပေးဘူး”

“အိပ်မက်ပဲဗျာ ... အန်တီ ဘယ်လိုသိမလဲ”

“ငါအိပ်ရင် မင်းအန်တီက ငါ့မျက်နှာကို သေချာကြည့်နေတာ အိပ်ရင်းနဲ့ ငါပြုံးမိရင် မိန်းမ,ပါတဲ့အိပ်မက်, မက်လို့ဆိုပြီး ပြဿနာရှာ တာကွ”

“ဦးလေးဘဝက အတော်ဆိုးတာပဲ၊ အိပ်ရင်းနဲ့တောင် ပြုံးခွင့် မရဘူး”

“အဲဒီထက်ဆိုးတာတွေ ရှိသေးတယ်၊ ငါးဆိုရင်လည်း ငါးခြေ မစားရဘူး။ ဖိနပ်စီးတော့လည်း နံ့ပါတ်ကိုးမစီးရဘူး။ တစ်ဆယ်စီးရတယ် ငါ့ခြေထောက်ထက် ဖိနပ်က ပိုထွက်နေတယ်”

“နံ့ပါတ်ကိုးက ဘာဖြစ်လို့လဲ”

“မ,ဂဏန်းလေကွာ”

“ဩော်”

သူ့မိန်းမ၏အချစ်ကြီးပုံ သဝန်တိုပုံကို အားပါးတရပြောနေသော





ဦးလေးမောင်ကို အိမ်နောက်ဘက်မှ ငါးဆင့်ချိုင့်ဆွဲလာသော အန်တီ ဒေါ်သီတာက ...

“ကိုမောင်ရေ ... သီလရှင်ကျောင်းကို ဆွမ်းချိုင့်သွားပို့ပေးဦး”

“အေး အေး ... ထားခဲ့ ... ကိုမောင် သွားပို့လိုက်မယ်”

အန်တီဒေါ်သီတာ ချိုင့်ကို စားပွဲပေါ်တင်ပြီး အိမ်နောက်ဘက်သို့ ပြန်ဝင်သွားသည်။

“ဦးလေးပြောတော့ အန်တီက မိန်းမ,တွေနဲ့ မပတ်သက်ရဘူး ဆို”

“ဟုတ်တယ်လေ”

“ခု ... သီလရှင်ကျောင်းကို ဆွမ်းချိုင့်ပို့လာတာက”

“မင်းအန်တီပြောထားတဲ့ထဲမှာ သီလရှင်ကျောင်းမပါဘူး”

“ဩော်”

ချိုင့်ကိုဆွဲကာ ဧည့်ခန်းထဲမှထွက်သွားသော ဦးလေးမောင်က ဖိနပ်စင်တွင်ရှိသော သူ့ခြေထောက်ထက် ပိုကြီးနေသောဖိနပ်ကိုစီးကာ ခြိတ်ခါးဖွင့်ပြီး ထွက်သွားလေသည်။

သူ့ဧည့်ခန်းထဲတွင် ဂျာနယ်တစ်စောင်ကိုဖတ်နေရင်း ခဏကြာ တော့ သော်ဇော် အပြင်မှပြန်လာသည်။

“ထူးမင်းထက် ... ရောက်တာကြာပြီလား”

“အေး”

“မင်းကို ပြစရာရှိလို့ကွာ ... လာ ... လိုက်ခဲ့”

သော်ဇော်က သူ့အိပ်ခန်းသို့ ခေါ်သွားသည်။ အခန်းထဲ ရောက် သောအခါ နံရံတွင်ကပ်ထားသည့်ဓာတ်ပုံများကြောင့် သူ အရမ်းအံ့ဩ သွား၏။

“သော်ဇော် ... ဒါ ရွှေဝသုန့်ပုံတွေမဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ငါ အဲဒါခေါ်ပြတာ"

မြောက်မြားစွာ ကပ်ထားသောပုံများပေမယ့် ဓာတ်ပုံဓါပုံသဏ္ဍာန်က တစ်ပုံတည်းဖြစ်သည်။

"ငါ . . . ဝသုန္ဒ်ကိုချစ်နေပြီ ထူးမင်းထက်"

"ဟင်"

"ငါတို့က ငယ်သူငယ်ချင်းတွေဆိုတော့ ဟိုတုန်းကတည်းက သံယောဇဉ်ရှိပြီးသားပဲ၊ ငါ့ကို ဝသုန္ဒ် ပြန်ချစ်နိုင်ပါတယ်နော် . . . ထူးမင်းထက်"

"ဝသုန္ဒ်ကို ဖွင့်ပြောလိုက်ပေါ့ သော်ဇော်"

"ငါမပြောရဲဘူး ထူးမင်းထက် . . . မင်းဆီက အကြံဉာဏ်လိုချင်တယ်ကွာ"

သူ သော်ဇော့်ကို ဘယ်လိုဆက်ပြောရမှန်း မသိတော့။ နံရံတစ်နေရာတွင် မှုတ်ဆေးဖြင့် "ဝသုန္ဒ်ကို သိပ်ချစ်တယ်" ဟု ရေးထားသောစာတန်းကိုသာ စိုက်ကြည့်နေသည်။

"ဒီအခန်းက ငါ့ရဲ့ရင်ဖွင့်ခန်းပဲ ထူးမင်းထက်၊ ငါ ဒီအခန်းထဲမှာ ဝသုန္ဒ်ကို ချစ်တယ်လို့ အကြိမ်ကြိမ်ပြောခဲ့ဖူးတယ် . . .၊

ဓာတ်ပုံထဲက ဝသုန္ဒ်ရဲ့အပြုံးတွေကို ငါ တသသနဲ့ကြည့်ရင်း ကြည်နူးခဲ့တယ်၊ ငါ့ရင်မှာ အချစ်ဆိုတာရှိလာတာ ဝသုန္ဒ်ကြောင့်ပဲလို့ ငါထင်တယ်"

"အေးလေ . . . ဝသုန္ဒ်ဟာ မင်းနဲ့ အသင့်တော်ဆုံးလူဖြစ်မှာပါ၊ သူ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်ပေါ့"

"ဝသုန္ဒ် . . . ငါ့ကို လက်ခံပါ့မလား ထူးမင်းထက်"

"လက်ခံနိုင်ပါတယ် . . . တို့တွေရဲ့သံယောဇဉ်က နည်းမှမနည်းတာ"





သော်ဇော့်ကို အကောင်းဆုံးနှစ်သိမ့်ပေးရင်း သူ့ရင်မှာ အစည်မတပ်နိုင်တဲ့ ဝေဒနာတစ်ခုက ဖြစ်ပေါ်လာသည်။ ဝမ်းနည်းခြင်းလား ဝမ်းသာခြင်းလား သူကိုယ်တိုင် ဝေခွဲလို့မရခဲ့ဘူးလေ။

"ငါပြန်မယ် သော်ဇော် . . . အမေ သိပ်နေမကောင်းဘူး"

"အဒေါ် ဘာဖြစ်လို့လဲ . . . အရင်လို ချောင်းဆိုးတာလား"

"ဟုတ်တယ် . . . လူကြီးဆိုတော့ တရှောင်ရှောင်ပေါ့ကွာ၊ ဆေးခန်းလည်း အမြဲမပြနိုင်တော့ ဆေးမြီးတိုနဲ့ပဲ ကုနေရတာ"

"ငါလိုက်ခဲ့မယ်"

သော်ဇော် အခန်းထဲကပြန်ထွက်လာရင်း ခြံထဲကကားကို တံခါးဖွင့်တက်ထိုင်ကာ မောင်းထွက်လာခဲ့သည်။

သော်ဇော်က သူ့အပေါ်တွင်မကာ ဆင်းရဲချို့တဲ့သည့် သူ့မိသားစုအပေါ် အမြဲကြည့်ရှုစောင့်ရှောက်ကာ လိုအပ်တာမှန်သမျှကို ဖြည့်ဆည်းပေး၍လည်း သူ အမြဲအားနာရသည်။

သော်ဇော်က ငွေချမ်းသာသော်လည်း မာန်မာနမရှိ။ ငွေကြေးကို ရက်ရောတတ်သူမို့လည်း သူ့ကို ခင်မင်သူများ ပေါ်များလှ၏။

အမေ့ကို ဆေးခန်းပို့၊ ဆေးထိုးပေးပြီးမှ သော်ဇော် ပြန်သွားသည်။ သူလည်း အိမ်ရောက်တော့ အခန်းထဲသို့တန်းဝင်ပြီး သူ့ရဲ့ဒိုင်ယာရီစာအုပ်ထဲက စာရွက်တစ်ရွက်တွင် ရေးထားသောစာကြောင်းလေးကို ဖတ်ရင်း သက်ပြင်းချလိုက်လေသည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တိမ်တွေဟာ အစုလိုက် အပြုံလိုက်နဲ့ ရွေ့နေလိုက်တာ ကောင်းကင်တစ်ခုလုံး မည်းနက်နေတာပဲ။

ကြိုးတန်းလန်းနဲ့ စွန်တစ်ကောင်က ဘယ်ညာယိမ်းပြီး တိမ်တွေကိုဖောက်ထွက်ဖို့ အကြိမ်ကြိမ်ကြိုးစားနေတယ်။

ရစ်လုံးထဲမှာရှိတဲ့ ကြိုးကို အဆုံးထိ လျှော့ပေးလိုက်တယ်။ စွန်က . . . အရောက်နိုင်ဆုံး အမြင့်ထိ တိမ်တွေကို ထိုးဖောက်ဖို့ ကြိုးစားနေခဲ့ပါ။

ဒါပေမဲ့ . . . လေကြမ်းတစ်ချက် ဝှေ့တိုက်လိုက်တာ စွန်ကောင်လေး ဘယ်ညာယိမ်းပြီး ဦးစိုက်သွားတယ်။ ဒီတစ်ခါမှာတော့ သူ ခေါင်းအလှည့်ကိုစောင့်ရင်း ရစ်လုံးကို ခပ်ကြမ်းကြမ်းလှည့်ရင်း အပေါ်ကို ပြန်ရစ်တင်လိုက်တယ်။

တိမ်တွေနဲ့ နီးသထက်နီးအောင်ပေါ့။ စွန်ကောင်လေးလည်း ကြိုးစားရုန်းတက်ပါတယ်။ ဘယ်အခါမှ မရောက်နိုင်တာကို သူ့ကိုယ်သူ သိတယ်လေ။ ဘာလို့လဲဆိုတော့ . . .

စက္ကူစွန်ဖြစ်နေတာမို့ပါ။ ရစ်လုံးအဆုံးထိ ကြိုးကိုလျှော့ရင်း သူ





ကြိုးအဆုံးကနေ ကြိုးကိုဖြတ်လိုက်တယ်။ စွန်လေးကတော့ ဘယ်ညာလူးပြီး အဝေးကို လွင့်ထွက်သွားတယ်။

အားလုံးက ဝိုင်းပြီး "စွန်ကော့သွားပြီ" . . . တဲ့။

သူ ခပ်ပြုံးပြုံးပဲ ရစ်လုံးကိုကိုင်ပြီး ကော့သွားတဲ့စွန်လေးကို ကျောခိုင်းလိုက်တယ်။ တကယ့်စွန်လွှတ်လိုက်တာပါ။

ရစ်လုံးမှာ ကျန်နေတဲ့ လက်ကျန်ကြိုးတောင် မထားတော့ဘူး။ စွန်တစ်ကောင်လုံး ဆုံးရှုံးရပြီးပြီလေ။

ကျောင်းကို သူရောက်လာတော့ ပထမအချိန် အတန်းမရှိတာမို့ သူ့သူငယ်ချင်းတွေ ကန်တင်းမှာရှိမှာပဲဆိုပြီး ကန်တင်းသို့ ထွက်လာခဲ့သည်။

"ထူးမင်းထက် . . . ဒီနေ့ နောက်ကျလှချည်လား"

"အေး"

ကန်တင်းတွင် လူရှင်းနေကာ ရွှေဝသုန်နှင့်အေးမာတို့ ထိုင်နေသည့်ဝိုင်းသာ ရှိသည်။

"သော်ဇော်နဲ့ ဝကြီးရော . . . မတွေ့ပါလား"

"သော်ဇော်က မလာသေးတာ၊ ဝကြီးက အီးမေဂျာကကောင်တွေနဲ့ ဂိမ်းသွားနိုပ်တယ်"

သူ ရွှေဝသုန့်မျက်နှာကို သေချာကြည့်ပြီး . . .

"ဝသုန် . . . နင့်ကို သော်ဇော် ဘာပြောသေးလဲ"

"မပြောပါဘူး . . . ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး . . . သူက နင့်ကို ပြောစရာရှိတယ်လို့ ပြောဖူးတယ်"

"သော်ဇော် နင့်ကို တကယ်ပြောတာလား"

"အေး"

ရွှေဝသုန် မျက်နှာတည်တည်ဖြင့် သူ့ကိုမေးသည်။

"ငါ့ကို ကြွေးတောင်းမလို့နဲ့တူတယ်၊ ငါ သူ့ဆီက ပိုက်ဆံ တစ်သောင်းချေးထားတာ ကြာပြီ"

"ဟင်"

"ထူးမင်းထက် . . . နင့်မှာ ပိုက်ဆံပါလား"

"တစ်ထောင်လောက်ပဲရှိတယ်"

"ရှိရင် ပေးထားဟာ၊ အေးမာရော ဘယ်လောက်ရှိလဲ"

"နှစ်ထောင်ရှိတယ် ဝသုန်"

"ပေး . . . သူပြန်တောင်းလို့ မပေးနိုင်ရင် အရှက်ကွဲနေဦးမယ်၊ ဒီကောင်က သဘောကောင်းသလောက် တစ်ခါတလေ စိတ်ပုပ်တယ်"

ထူးမင်းထက် ဘာမှဆက်မပြောတော့။ သော်ဇော်ကို ကြွေးဆပ်ဖို့ ပိုက်ဆံလိုက်စုနေသော ရွှေဝသုန်ကို အိတ်ထဲပါသမျှပိုက်ဆံကို ပေးလိုက်သည်။

"ကျေးဇူးပဲ . . . နင်တို့ကို ငါပြန်ဆပ်ပါ့မယ်၊ ငါအိမ်က တောင်းထားတာကြာပြီ . . . မပေးသေးလို့"

"ရပါတယ်"

"ထူးမင်းထက် . . . သော်ဇော်လာရင် နင်နဲ့အေးမာ ရှောင်နေ၊ နင်တို့ပေးတာနဲ့ ငါ့မှာရှိတာနဲ့ ငါးထောင် အရင်ဆပ်လိုက်မယ် . . .၊ နှစ်ယောက်တည်းဆိုတော့ အားနာတာနဲ့ ဘာမှပြောမှာ မဟုတ်ဘူး။ နင်တို့ရှိနေရင် မရဘူး ဘာညာနဲ့ဆိုပြီးပြောနေဦးမယ်"





"အချင်းချင်းတွေပဲဟာ . . . သော်ဇော် မပြောလောက်ပါဘူး"

အေးမာက ဝင်ပြောတော့ . . .

"နင်မသိပါဘူး အေးမာရယ်"

သိပ်မကြာခင်ဘဲ သော်ဇော်ကန်တင်းသို့ ရောက်လာသည်။ ထူးမင်းထက်က ထိုင်ခုံမှထပြီး . . .

"အေးမာ . . . နင် စာကြည့်တိုက် သွားမလို့ဆို"

"အေး"

"လာ . . . ငါလည်း သွားမလို့"

သူ ထိုင်ခုံမှထတော့ သော်ဇော်က သူ့ကိုကြည့်ပြီး ပြုံးပြတယ်။ သူကလည်း ပြန်ပြုံးပြလိုက်တယ်။

သော်ဇော်က သူ့ကို ထူးမင်းထက် အလိုက်တသိ ရှောင်ပေးတယ်ထင်ပြီး ကျေနပ်စွာ ပြုံးပြလိုက်တာပါ။ ရွှေဝသုန်နဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ပြီး . . .

"ဝသုန်"

"ဟင်"

သော်ဇော့်အသံက အရမ်းနူးညံ့နေသလို ရွှေဝသုန်ရဲ့ ခေါင်းငုံ့ပြီး ပြန်ထူးသံက သိပ်ကို ညင်သာနေတယ်။

"ယောကျ်ားတိုင်း ဒီစကားကို ပြောဖူးကြမှာပါ၊ ငါကတော့ နင့်ကို ပြောမထွက်ဘူး"

"ရပါတယ်"

သော်ဇော် အားတက်သွားတယ်။ အမြဲတမ်း အသံတစာစာနှင့် ပြောဆိုတတ်တဲ့ ရွှေဝသုန်ရဲ့စကားတွေဟာ အခုအချိန်မှာ အရမ်းကို နူးညံ့နေတယ်လေ။

"ငါ ဒက်ဒီနဲ့မာမီဆီကိုလည်း ဖုန်းဆက်ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အံ့ဩစွာနဲ့ ရွှေဝသုန် ...သော်ဇော်ကို ခေါင်းထောင်ကြည့်လိုက်တယ်။

"ဒက်ဒီကတော့ ပြောပါတယ် ...သိပ်အလောတကြီး မလုပ်နဲ့တဲ့၊ မာမီကတော့ နမြော်တာပေါ့"

"ငါ့မှာလည်းလေ"

"နေ ... နေ ... ငါ အရမ်းဖိုးလ်ဝင်နေတယ်၊ ဆက်ပြောပါရစေ ... ငါ ညဘက်ဆို အိပ်လို့မရဘူး၊ နင့်အကြောင်းပဲ ခေါင်းထဲရောက်နေတယ် ဝသုန်"

"နင့်အတွက် အဲဒီလောက် အရေးကြီးနေလို့လား သော်ဇော်"

"ဘယ်လိုပြောလိုက်တာလဲ ဝသုန် ... အရေးကြီးတာပေါ့။ ငါ့ရဲ့မျှော်လင့်ချက်, ငါ့ရဲ့အိပ်မက်တွေ ရှင်သန်ဖို့ကို နင့်ဆီက ငါတောင်းနေတာ"

'အို'

ရွှေဝသုန် ခုံကို လက်နဲ့ပုတ်ပြီး ရုတ်တရက် မတ်တတ်ထ,ရပ်ကာ သော်ဇော့်ကို ခပ်စူးစူးကြည့်ပြီး ...

"နင့်ပိုက်ဆံကို ငါ အမြန်ဆုံးပေးမှာပါ၊ နင် အဲဒီလောက် စိတ်ဆင်းရဲခံမနေနဲ့ ရော့ ... ငါးထောင် အရင်ယူထား၊ ပိုက်ဆံတစ်သောင်းရဖို့ကို နိုင်ငံခြားမှာရှိတဲ့ နင့်မိဘတွေဆီ လှမ်းပြောစရာ မလိုပါဘူး ...၊ ပြီးတော့ ... အိပ်မက်တွေ ရှင်သန်ဖို့ တစ်သောင်းရမှ ဖြစ်မှာလား ရော့ ... ငါ့လက်စွပ် ယူထား"

"မဟုတ်ဘူး ... ငါပြောတာက ..."

"ဘာမှလာပြောမနေနဲ့ သော်ဇော် ... နင်တို့လို ချမ်းသာတဲ့လူတွေ ငွေမက်တာ နင်နဲ့တွေ့မှ ပိုသိတယ်"





"ဝသုန် ထိုင်ဦး။ ငါ နင့်ဆီက ကြွေးတောင်းနေတာ မဟုတ်ဘူး"

"တော်ပြီ ... ငါ့လက်စွပ် ကျန်တဲ့ငါးထောင်နဲ့ အပြီးယူလိုက်၊ နင့်ဆီကပိုက်ဆံ ဘယ်တော့မှ မချေးတော့ဘူး"

ပြောကာ ... ဆိုင်ထဲမှ ထွက်သွားတော့၏။ သော်ဇော်လည်း ဘာလုပ်ရမှန်းမသိ။ လက်စွပ်လေးကို ကိုင်ကြည့်ကာ သူ့လက်သန်းကို စွပ်ကြည့်တော့ ကွက်တိဖြစ်နေတာနဲ့ စွပ်ထားလိုက်တော့တယ်။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"နင်စဉ်းစားကြည့် ထူးမင်းထက် ... ဒီကောင် သူ့ငွေလေး တစ်သောင်းလောက် ငါယူမိတာကို ပြောတဲ့စကားတွေက ကြီးကြီးကျယ်ကျယ်နဲ့"

ထူးမင်းထက်ကိုလိုက်ရှာပြီး ရွှေဝသုန်က သော်ဇော် ... သူ့ကိုပြောတာကို ပေါက်ကွဲ၏။

"ဒီကောင် အဲဒီလိုမဟုတ်ပါဘူး ဝသုန်ရယ် ... တစ်ခုခု လွဲနေတာများလား"

"မလွဲဘူး ... သေချာကို ကြွေးတောင်းတာ၊ ငါလည်း မခံချင်တာနဲ့ လက်စွပ်ချွတ်ပေးလိုက်တယ်"

"ယူလား"

"ယူတာပေါ့"

ရွှေဝသုန့်လေသံက ဒေါသသံပေါက်ကာ သော်ဇော့်ကို အပြင်းအထန် ဝေဖန်သည်။ သူ့ဘေးက အေးမာကလည်း ...

"ရုပ်ကလေးကတော့ ချောပြီး ငွေတအားမက်တာပဲ၊ ဝသုန့်နေရာမှာ





... ငါသာဆို ဆွဲကိုက်ပစ်တယ်"

"နင့်အရပ်နဲ့ ဟိုက မြင့်မြင့် ... ဘယ်နေရာကိုက်မှာလဲ"

"မီရာကိုက်မှာပေ့ါဟာ"

"ငါ သော်ဇော့်ကို သတိပေးမှုဖြစ်မယ် ... အေးမာ ကိုက်တတ်တယ်လို့"

ထူးမင်းထက် အေးမာကိုနောက်လိုက်တော့ ရွှေဝသုန်ရဲ့ တင်းနေတဲ့မျက်နှာ အနည်းငယ်လျော့သွားတယ်။

"ငါ ... ဒီကောင့်ကို လုံးဝမကျေနပ်ဘူး"

"စိတ်လျှော့လိုက်ပါ ဝသုန်ရယ် ... ငါ ဒီကောင့်အကြောင်း သိပါတယ်၊ နင့်ကို သူကြွေးတောင်းတာ မဟုတ်ပါဘူး"

"ထူးမင်းထက် ... နင်က တော်တော်တုံးတာပဲ၊ ငါ့ကို သေချာ ကြွေးတောင်းတာ"

"မဟုတ်ဘူး ဝသုန် ... သော်ဇော် နင့်ကိုပြောတာ သူ့ရင်က ခံစားချက်အမှန်ကိုပြောတာ"

"ဘာခံစားချက်လဲ ... ပိုက်ဆံရချင်တဲ့ ခံစားချက်လား"

သူ ဘယ်လိုမှ ရွှေဝသုန်ကိုပြောပြလို့ နားလည်မှာမဟုတ်၍ ဆက်မပြောတော့ဘဲ စာသင်ဆောင်ဘက်သို့သာ လျှောက်လာခဲ့ကြသည်။

လမ်းတွင် သူတို့နောက်မှ ကျောင်းသားသုံးယောက် သူတို့ကို ကျော်တက်ကာ ရှေ့မှ ပိတ်လမ်းလျှောက်နေသဖြင့် ရွှေဝသုန်က အလယ်မှ ကျောင်းသားဖိနပ်နောက်ဘက်ကို တက်နင်းလိုက်သည်။

"ဟာ ဖိနပ်ပြတ်သွားပြီ ... ဒါ ဘာလုပ်တာလဲ"

သုံးယောက်လုံး နောက်လှည့်မျက်နှာချင်းဆိုင်ကြည့်လိုက်၏။ သူတို့ကလည်း သုံးယောက်၊ ရွှေဝသုန်ကလည်း သုံးယောက်။

"ဘာလို့ ... ရှေ့က ပိတ်လျှောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com


"ကိုယ့်ဘာသာလျှောက်တာ ဘာဖြစ်လဲ၊ မြန်ချင်ရင် ကျော်လျှောက်ပေါ့ . . . ဘာလို့ ဖိနပ်နင်းတာလဲ"

"မင်းတို့က ပြဿနာရှာတာလား"

ထူးမင်းထက်က ဝင်ပြောရာ . . . ရွှေဝသုန်က ထူးမင်းထက် လက်မောင်းကိုဆွဲပြီး ရှေ့သို့ဝင်ရပ်ကာ . . .

"ကဲ ပြော . . . နင်တို့ ဘာဖြစ်ချင်လဲ၊ငါတို့ဘာသာ လမ်းလျှောက်လာတာ . . . ရှေ့က ပိတ်လျှောက်သေးတယ်၊ လူကိုလည်း ရန်လုပ်တယ်"

"ခင်ဗျားနော် . . . ကျွန်တော်တို့ ဒေါသမထွက်သေးလို့"

"နင်တို့ ဒေါသထွက်တဲ့ထိ ထိုင်စောင့်မယ် . . . ဘယ်ကောင်နဲ့ ချမလဲ"

ရွှေဝသုန်က ထူးမင်းထက်ရှေ့ကရပ်ပြီး စိန်ခေါ်နေတယ်။ ထူးမင်းထက်ကိုလည်း လုံးဝအဝင်မခံ။ အေးမာက ကြောက်ကြောက်နှင့် ထူးမင်းထက်ဘေး ကပ်ကာနေသည်။ ထူးမင်းထက်က လေသံတိုးတိုးဖြင့် အေးမာကို . . .

"နင် ဘယ်သူ့ကို ဘယ်နေရာကိုက်ရင် ကောင်းမလဲလို့ စဉ်းစား၊ ဝဝနဲ့ကောင်ကို ကိုက်ရင်ကိုက်၊ ဒီကောင် အသားပေါတယ်"

"အေး . . . အေးပါ"

ပွဲက တော်တော်ကြမ်းလာသည်။ အချိန်မရွေး ပေါက်ကွဲသွားနိုင်သည့် စစ်ပွဲကြီးတစ်ပွဲလိုဖြစ်နေရာ တစ်ဖက်ကျောင်းသားသုံးယောက်ထဲမှ ဗလကောင်းကောင်းနှင့်ကောင်က . . .

"နင့်လောက်တော့ ကိုင်ပေါက်လို့ရတယ်၊ ငါက စမတ်ဒေါင်းချန်ပီယံ . . . ပျော့ကောင်တွေ ပြောလိုက်စမ်း"

"ဟုတ်တယ် . . . ဂိမ်းနိုပ်တာ"

"ဒီကောင်က . . . ကစ်ဘောက်စာ ချန်ပီယံ"

သူ့ဘေးက အရပ်ရှည်ရှည်နှင့်လူကို လက်ညှိုးထိုးပြပြီး ပြောသည်။ ရွှေဝသုန်က မခံချင်စိတ်ဖြင့် . . .

"ငါက . . . ပါးရိုက်ချန်ပီယံ၊ မယုံရင် ငါ့ရုပ်ကွက်ထဲက ကလေးတွေမေးကြည့်၊ သူက အကိုက်ချန်ပီယံ၊ သူက သိုင်းချန်ပီယံ"

တစ်ဖက်နှင့်တစ်ဖက် ဂုဏ်သရေတို့ကို ဖော်ကျူးနေကြစဉ် . . .

"ဘာဖြစ်နေတာလဲဟေ့"

အသံကျယ်ကျယ်နှင့် ဝကြီးရောက်လာပြီး အကျိုးအကြောင်းကို မေးသည်။

"ကဲ . . . တော်ကြပါတော့ကွာ၊ ရွှေဝသုန်လည်း တော်၊ ဒီဘက်က စမတ်ဒေါင်းချန်ပီယံလည်း တော်၊ ကျောင်းသားအချင်းချင်း ရန်ဖြစ်တာ မကောင်းပါဘူး"

"ကျွန်တော့်ဖိနပ် ပြတ်သွားတာ"

"မနိုင်လို့နေမှာပေါ့ကွာ . . . အသစ်ဝယ်စီးလိုက်"

တစ်ဖက်ကျောင်းသားအဖွဲ့လည်း ဒေါကန်ကန်နှင့် ထွက်သွားလေရာ ရွှေဝသုန်က . . .

"ဝကြီး . . . နင်လာလို့ပေါ့ဟာ၊ ငါ့လက်စွမ်း ဒီကောင်တွေကို ပြချင်နေတာ"

"နင့်လက်စွမ်း မပြခင် ကိုင်ပေါက်ခံနေရဦးမယ်"

"ဝသုန့်ကို ကိုင်ပေါက်ရင် ငါက ငြိမ်နေမှာမဟုတ်ဘူး"

အေးမာက ဝင်ပြောလိုက်ရာ . . . ထူးမင်းထက်က . . .

"ဟုတ်တယ် ဝကြီး . . . အေးမာက အကိုက်ချန်ပီယံတဲ့ . . . ဟိုကောင်တွေတောင် ဖြုံသွားတယ်"

"ဟုတ်လား . . . နင်ဘယ်လိုလုပ် အကိုက်ချန်ပီယံဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

''မခံချင်လို့ပေါ့ဟာ''

ဝကြီး ဆက်မမေးတော့။ သူကိုယ်တိုင်လည်း အေးမာကို ဖြိုနေပုံရ၏။ အတန်းထဲရောက်သည်အထိ ရွှေဝသုန် ဒေါသမပြယ်သေး။ တောက်တခေါက်ခေါက်နှင့်ဖြစ်နေသည်။

သော်ဇော်က အတန်းထဲရောက်နှင့်နေတာမို့ အခြေအနေကို ဘာမှမသိ။ ဒေါသဖြစ်နေသော ရွှေဝသုန်ကိုလည်း မမေးရဲ ဖြစ်နေသည်။

''ကစ်ဘောက်စာ ချန်ပီယံပဲဖြစ်ဖြစ်, စမတ်ဒေါင်းချန်ပီယံပဲဖြစ်ဖြစ် ငါလက်ဝါးနဲ့တွေ့ရင် ဘာခံနိုင်မှာလဲ''

''စိတ်လျှော့လိုက်ပါဟာ''

''ဝသုန်ဆိုတဲ့ ငါ့ကို စော်ကားသွားတဲ့ကောင်တွေ ဘယ်မှေ့ကလဲ . . . နင်စုံစမ်းထား ဝကြီး''

''ဘာလုပ်မလို့လဲ''

''သော်ဇော်နဲ့ ချနိုင်းမယ်''

''ဟင်''

ဘာမှမပြောဘဲ ခုံမှာ ငြိမ်ငြိမ်ထိုင်နေတဲ့ သော်ဇော် ရွှေဝသုန်စကားကြောင့် မျက်နှာငယ်လေးနဲ့ လှမ်းကြည့်တယ်။

သူကြွေးတောင်းသည့်ဟု ရွှေဝသုန်ထင်၍ ကလဲ့စားချေတာလားဟုလည်း တွေးမိ၏။

''ဖြစ်ပါ့မလား . . . သော်ဇော်က ရန်ဖြစ်ဖူးတာ မဟုတ်ဘူး''

''နင်မသိပါဘူး ဝကြီးရယ် . . . ငယ်ငယ်တည်းက ရန်ဖြစ်တိုင်း ငါနဲ့ ထူးမင်းထက်ပဲ ချခဲ့ရတာ၊ သူက အမြဲထွက်ပြေးတယ်၊ ခုတော့ . . . သူပဲ ချပစေ''

စစ်ပွဲတိုက်မည့် စစ်သူကြီးတစ်ဦးပုံဖြင့် စီမံခန့်ခွဲနေသော ရွှေဝသုန်





ကို သော်ဇော်က . . .

''ပြေလည်အောင် ငါရှင်းပေးမယ်ဟာ . . . ရန်ဖြစ်တာ မကောင်းပါဘူး''

''ကောင်းတယ် . . . ရန်ဖြစ်မှ စိတ်ခတ်တက်ကြွတာ၊ နင် ချသာချစမ်းပါ . . . ငါတို့ ဘေးက စောင့်ကြည့်မယ်၊ နင်မနိုင်ရင် ငါဝင်ချမယ်''

တက်တက်ကြွကြွပြောနေသော ရွှေဝသုန်ကို သူ ဘာဆက်ပြောရမှန်း မသိ။ သူချစ်နေသည့်ကောင်မလေးက ရန်ဖြစ်ဖို့ တိုက်တွန်းနေသာကို ငြင်းလိုက်လျှင် သူ့ကို အထင်ကြီးမှာမဟုတ်တာကြောင့် . . .

''ဝသုန် . . . နင် ငါနဲ့ စမတ်ဒေါင်းချန်ပီယံချတာ မြင်ချင်တာလား''

''အကွဲအပြဲနဲ့လဲတာ မြင်ချင်တာ''

''ဒါဆို ရတယ် . . . နင် ငါ့ကို ငါးရက်အချိန်ပေး''

''ကန့်ဝင်ပြီး လေ့ကျင့်မလို့လား''

''သုဝဏ္ဏကွင်းဝင်ပြီး အပြေးလေ့ကျင့်မလို့''

''အရှူး . . . ငကြောက် . . . ငပေါ . . .''

ရွှေဝသုန်က သော်ဇော့်ကို ပျစ်ပျစ်နှစ်နှစ်ပြောလေရာ အားလုံးက ဝိုင်းရယ်ကြ၏။

'ဟား . . ဟား . . ဟား . .'

ထိုအချိန်တွင် အခန်းထဲသို့ ဆရာဝင်လာသဖြင့် အားလုံး၏ အသံများ တိတ်ဆိတ်သွားသည်။

ဆရာက သမိုင်းသင်သည့်ဆရာမို့ ကျောက်ခေတ်၊ ပဒေသရာဇ်ခေတ်၊ ကျွန်ခေတ်၊ ကိုလိုနီခေတ် စတဲ့ ခေတ်အဆက်ဆက်အကြောင်းကို ရှင်းပြ၏။

''ကိုလိုနီခေတ်က နယ်ချဲ့တွေဟာ တို့နိုင်ငံကို ဘာကြောင့်လာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို တိုတိုင်းပြည်ကို ခေါ်လာတယ်၊ ငွေချေးတဲ့လုပ်ငန်းတွေကို လုပ်နိုင်တယ်၊ အတိုးတွေ မတရားယူတယ် . . .၊

မဆပ်နိုင်တဲ့ လယ်သမားတွေဆီက လယ်တွေကို သိမ်း၊ တိရစ္ဆာန် သိမ်းနဲ့ နောက်ဆုံး . . . သမီးပျိုတွေပါ အသိမ်းခံရတယ်"

အတန်းထဲက အားလုံးသော ကျောင်းသူကျောင်းသားတွေဟာ ဆရာပြောတဲ့ သမိုင်းကြောင်းကို စိတ်ဝင်တစား နားထောင်နေကြသည်။

"အဲဒီတော့ . . . ငွေရှင်တွေလို အမြတ်ထုတ်ပြီး လူညွန့်ခြူစားတဲ့ လူတွေကို ဘာလုပ်သင့်လဲ"

ဆရာ့မေးခွန်းက မာန်ပါသလို တစ်တန်းလုံးက ကျောင်းသူကျောင်းသားအားလုံး ငြိမ်သက်သွားစေသည်။

ငြိမ်သက်နေသော အတန်းထဲမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

"အပြတ်ရှင်းသင့်တယ် ဆရာ"

"ဟေ"

ဆရာမျက်မှန်ထူထူကိုပင့်ကာ . . . အသံထွက်လာရာဆီသို့ ကြည့်လိုက်၏။

"ကဲ . . . ခုန ဆရာ့ကို အဖြေပေးတဲ့ကျောင်းသူ ထပါ"

"ဟုတ်ကဲ့"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ရွှေဝသုန်ပါ ဆရာ"

ရွှေဝသုန်မတ်တတ်ရပ်ကာ လက်ပိုက်ပြီး ဆရာ့အမေးကို ဖြေလိုက်သည်။ တစ်တန်းလုံးက အတန်းဖော်တွေရဲ့မျက်လုံးက ရွှေဝသုန့်ဆီ ရောက်နေ၏။

"မင်း အဖြေကောင်းပါတယ် . . . ဒါပေမဲ့ ကိုလိုနီခေတ်က လယ်





သမားတွေဟာ ချစ်တီးဆီက ပိုက်ဆံကို ချေးယူတယ်၊ ပြန်ဆပ်ဖို့က အတိုးများတော့ ခက်ခဲတာပေါ့၊ တစ်ဖက်က ကြည့်ပြန်တော့လည်း သူ့ပိုက်ဆံကိုမဆပ်လို့ ပိုင်ဆိုင်တာ သိမ်းတယ်ပေါ့ . . .၊

ဘယ်လိုပဲဖြစ်ဖြစ်ပါ . . . သူ့ပိုက်ဆံကိုယူရင် ပြန်ဆပ်ရမယ်လေ ဆပ်ချင်လို့ အပြတ်ရှင်းမယ်ဆိုရင် မတရားရာကျမယ်မဟုတ်လား . . . အဲဒီတော့ ငွေရှင်ကို ဘာလုပ်သင့်လဲ"

"ကျောင်းထုတ်ခံရအောင် လုပ်သင့်တယ်"

"ဟေ"

ရွှေဝသုန်ရဲ့မကျေနပ်မှုတွေကို ဆရာက ဒုတိယအကြိမ် ဟေလိုက်ရတယ်။ ဆက်မေးလျှင်လည်း သတ်သင့်တယ်ပဲ ဖြေနိုင်မှာစိုးတာမို့ . . .

"ကဲ . . . ထိုင်ပါ . . . သမီးရဲ့အဖြေစကားတွေကို ဆရာ မှတ်တမ်းတင်ထားပါ့မယ်"

ကျေနပ်စွာနဲ့ ထိုင်ခုံမှာ ပြန်ထိုင်ရင်း သူ့ကို အံ့သြစွာနဲ့ ကြည့်နေတဲ့ သော်ဇော်ကို မဲ့ပြုံးလေးတစ်ချက် ပြုံးပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကျောင်းကပြန်တော့ . . သော်ဇော်က သူ့ကိုလိုက်ပို့ရင်း ကျောက်ရေတွင်း ရထားခုံးကျော်တံတားအဆင်း လေဆိပ်လမ်းက ကော်ဖီဆိုင်ရှေ့ရောက်တော့ ကားကိုရပ်လိုက်တယ်။

“ကော်ဖီသောက်ရအောင် ထူးမင်းထက်”

“အေး . . . ကောင်းတယ်”

နှစ်ယောက်သား ကားပေါ်မှဆင်းကာ ကော်ဖီဆိုင်ထဲသို့ ဝင်လာ၏။ ကော်ဖီနှစ်ခွက်ကိုမှာရင်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီးသောအခါ သော်ဇော်က . . .

“ဝသုန် . . . ငါ့ကို တော်တော်မုန်းသွားလားမသိဘူး”

“ဝသုန်က စိတ်ထဲထင်တာကို ဖွင့်လှစ်, ဖွင့်ပြောတာပါ သော်ဇော်ရယ် . . . စိတ်ထဲ ဘာမှမထားပါနဲ့”

“မဟုတ်ဘူး ထူးမင်းထက် . . . ငါက သူ့ကိုရင်ဖွင့်တာ သူက အကြွေးတောင်းတယ် ထင်တယ်၊ ငါ ဘယ်လိုရှင်းပြ, ရှင်းပြ မရဘူး”

“ငါ ပြောပြလိုက်ပါ့မယ်”





သူပြောတာကို သော်ဇော်က စိတ်မချသေး။ အားကိုးတဲ့အကြည့်များနှင့်ကြည့်ကာ . . .

“ငါ့ကိုပြောပေးပါ ထူးမင်းထက်ရယ် . . . ငါ မင်းကို အားကိုးပါတယ်၊ ငါ သူ့ကို ဘယ်လောက်ချစ်လဲဆိုရင် သူသာ လက်ခံမယ်ဆိုရင် ချက်ချင်းလက်ထပ်မယ်”

“ငါ ယုံပါတယ်”

“ဝသုန် ငါ့ကို အထင်လွဲတာကို ခံရတဲ့အချိန်ဟာ ငါ့အတွက် အပူလောင်ဆုံးအချိန်ပဲ ထူးမင်းထက်၊ ငါသိပ်မြတ်နိုးတဲ့ သူ့ရဲ့မျက်နှာလေးမှာ ဒေါသတွေ အလိပ်လိပ်တက်နေတာ မြင်တော့ ငါ တကယ်ကို ထိတ်လန့်ခဲ့တာပါ”

“ဟုတ်ပါပြီ . . . မင်းပေါက်ကွဲပြနေတာ ငါတောင် ရင်ခုန်ချင်လာပြီ”

“ဟော့ကောင် ထူးမင်းထက် . . . ငါ ယောက်ျားနော်၊ မင်း အဲဒီလိုကြည့်နဲ့ . . . ငါ မနေတတ်ဘူး”

“အေး . . . ဒါဆိုလည်း တိတ်တိတ်နေ၊ ငါ ဝသုန့်ကို ပြောပေးမယ်”

“ဒီကေ . . . အားကိုးတယ် ထူးမင်းထက်၊ ငါ ကျောင်းသုံးရက်တက်ဘူး”

“ဘာလို့လဲ”

“ပုသိမ်ဘက် ခဏသွားမလို့၊ ငါ့ဘကြီး အသည်းအသန် ဖြစ်နေတယ် ပြောတယ်၊ ကျောင်းပျက်မယ့် သုံးရက်ရယ်, စနေ,တနင်္ဂနွေရယ် . . ပေါင်းငါးရက်၊ အဲဒီရက်အတွင်း ဝသုန်နဲ့ ငါ့ကိစ္စကို ပြေလည်အောင် လုပ်ပေး”

“ငါ ကြိုးစားပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ထူးမင်းထက်ရဲ့စကားကို ကြားရ၍ သော်ဇော် စိတ်ချသွားပြီ ထင်၏။ ကော်ဖီကို တစ်ခွက်လုံးကုန်အောင် တစ်ချက်တည်း မော့သောက် လိုက်သည်။

"ငါတို့ ကလေးဘဝကနေ အခုချိန်ထိ ပြန်တွေးလိုက်ရင် အိပ် မက်လိုပဲကွာ ... အချိန်တွေ အရမ်းမြန်နေသလိုပဲ"

"ဒီလိုပဲပေါ့ သော်ဇော် ... မင်းနဲ့ဝသုန်က တခြားပြောင်းသွား ပေမယ့် ငါတို့ရဲ့ မြို့လယ်က ရွာလေးကတော့ ဒီအတိုင်းပါပဲ"

"ဘာမြို့လယ်က ရွာလဲ"

"တို့ ဒီနေရာလေးက ပန်းစိုက်တဲ့ ခြံလေးတွေရယ်၊ သဲဆန်တဲ့ မြေရယ်၊ သစ်ရိပ်ဝါးရိပ်ပေါတဲ့ မြေနေရာတွေဟာ တိုက်ကြီးတွေ အပြိုင်း အရိုင်းဆောက်ကြပေမယ့် တို့နေရာလေးက သီးခြားလို ကျန်ခဲ့တယ်လေ၊

တို့တက်ခဲ့တဲ့ ကျောင်းလေးလည်း ဘာမှပြောင်းလဲတာ မရှိဘူး ... ဟိုးအရင်ကအတိုင်း။ ပြောင်းလဲသွားတာ တို့ရင်ခုန်သံတွေပဲ သော် ဇော်"

"ဟင် ... မင်း ရင်ခုန်ရတဲ့လူ ရှိနေပြီလား"

ထူးမင်းထက်က တည်ငြိမ်စွာနဲ့ ပြုံးပြီး ...

"မင်း ဘာလို့ အခုမှ ငါ့ကိုမေးတာလဲ"

"မသိဘူးလေ ... မင်းက အချစ်အကြောင်းနဲ့ သီးသန့်လို ဖြစ်နေ တဲ့ကောင်ဆိုတော့"

"အလကားပြောတာပါကွာ ... ငါ့မှာ ချစ်ရတဲ့သူဆိုလို့ မင်း ရယ်, ဝသုန်ရယ်ပဲ ရှိပါတယ် ... တခြားမရှိပါဘူး၊ ငါ့ဘဝကို ငါနားလည် တယ် သော်ဇော် ...၊

ပန်းစိုက်ပြီးရောင်းတဲ့ အမေရယ်, စက်ရုံမှာ အလုပ်လုပ်တဲ့ ငါ့အစ်မ ရယ်, ချို့ချို့တဲ့တဲ့ကျောင်းတက်ရတဲ့ဘဝတွေအတွက် ငါ ချစ်သူ မထား





နိုင်သေးပါဘူး"

"ကောင်းပါတယ် ... ချစ်သူထားတယ်ဆိုတာ တကယ်တော့ ပြည့်စုံမှ ကောင်းတာ"

သော်ဇော်က သူ့ခံယူချက်ကို အားမနာတမ်း ပြောချလိုက်ပေမယ့် ထူးမင်းထက် စိတ်မဆိုးဘဲ ခေါင်းညိတ်ပြလိုက်၏။

"မင်းအယူအဆကို ငါလက်ခံပါတယ် သော်ဇော်၊ ဒါပေမဲ့ ... ရင်ခုန်သံဟာ အကန့်အသတ်နဲ့တော့ မဟုတ်ဘူးဆိုတာ မင်း နားလည် ထားပါ"

"အေးပါ ... ငါမှာတာ မမေ့နဲ့နော်၊ ငါပြန်လာရင် ဝသုန့်ဆီက အဖြေရဖို့ မင်း ကြိုးစားပေးထား"

ထို့နောက် ကော်ဖီဆိုင်မှထွက်လာကာ သူတို့ လမ်းထိပ်ရောက် သောအခါ ကားရပ်ပေးသဖြင့် ကားပေါ်ကဆင်းကာ အိမ်သို့ လမ်းလျှောက် ပြန်လာခဲ့သည်။

"ထူးမင်းထက် ... ကျောင်းက ပြန်လာတာလား"

"ဟုတ်တယ် မအေး ... တောင်းရွက်ပြီး ဘယ်သွားမလို့လဲ"

"နင့်အစ်ကို ကိုဖိုးထိန်လေ ... သူတို့အလုပ်က ညဘက် အိုတီ ဆက်ဆင်းရမယ်တဲ့၊ ဒါကြောင့် ... ညနေစာ ထမင်းသွားပို့မလို့"

"အငယ်ကောင်လေးရော"

"အိမ်မှာ ထားခဲ့တယ် ... ကြည့်ထားလိုက်ဦး"

"ဟုတ်ကဲ့"

မအေးတို့လင်မယားက သူတို့နှင့် ခြံချင်းကပ်၊ တစ်ဦးအကူအညီ လိုလျှင် တစ်ဦးပေးနေကျမို့ သူ့ကို အကူအညီတောင်းခြင်းလည်း ဖြစ်သည်။

အိမ်ရောက်တော့ ခြံထဲဆင်းပြီး သစ်ခွပန်းတွေကို လိုက်ကြည့် လိုက်၏။ ညနေ နေဝင်တော့မှ ခြံထဲက တက်လာကာ ပန်းများကို အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပျစ်ပေါ်တင်ပြီး အမေနှင့်အတူ ပန်းများကိုစည်းလိုက်သည်။

"သား ... ဝသုန်လည်း အမေတို့ဆီ မရောက်တာ အတော်ကြာပြီနော်"

"ဟုတ်တယ် အမေ ... ကျောင်းစာတွေနဲ့ မအားလို့ပါ"

"သူတို့မိသားစုတွေ ဒဂုံကို ပြောင်းသွားတည်းက ဝသုန်တစ်ယောက်ပဲ သားနဲ့ရောက်လာတယ်၊ သူ့အဖေနဲ့အမေတော့ မလာတော့ဘူး"

"ဝသုန့်အဖေက အရာရှိကြီးဖြစ်သွားပြီ အမေရဲ့"

"ဟုတ်လား ... ဝမ်းသာလိုက်တာ၊ တို့အရပ်ကလူတွေ အဲဒီလို အဆင့်မြင့်တာ ကြားရတာ ဝမ်းသာလိုက်တာ"

ဝသုန့်အဖေနှင့်အမေက အရင်လိုမဟုတ်တော့ဘဲ သူ့ကို အရေးတယူမဆက်ဆံတာကို အမေ စိတ်မကောင်းမှာစိုး၍ မပြောတော့။

"ဝသုန်လေးကလည်း တအားချောလာတယ်နော် သားရဲ့ ... တက္ကသိုလ်မှာ ရည်းစားရှိပြီလား"

"မရှိသေးပါဘူး အမေရယ် ... ဝသုန့်ကိုလည်း ဘယ်ကောင်းသားကမှ မလိုက်ရဲဘူး"

"ဘာဖြစ်လို့လဲ သားရဲ့"

"သူက ရန်တွေ့ကောင်းတယ်လေ"

'ဟင်း .. ဟင်း .. ဟင်း ..'

အမေက သဘောကျစွာ ရယ်တယ်။ တကယ်ဆို ဝသုန်က သူ့လက်ပေါ်မှာ ကြီးလာတာပဲလေ။ ဝသုန့်အကြောင်းကို သိတာပေါ့။

"ခုမှ သတိရတယ် အမေ ... ခြေရင်းခြံက မအေးသား အငယ်ကောင်ကို သွားကြည့်ရဦးမယ်"

"ကြည့်မနေနဲ့တော့ ... သူ့အမေတောင် ပြန်လာပြီ အမေလည်း





စောစောက မုန့်သွားကျွေးသေးတယ်"

"ဟုတ်လား ... ကျွန်တော် ထမင်းသွားစားလိုက်ဦးမယ်"

"အေး ... အေး"

အိမ်ရှေ့ကွပ်ပျစ်က ထကာ ... အိမ်ထဲသို့ဝင်လာပြီး ထမင်းစားလိုက်တယ်။ ပြီးတော့ အခန်းထဲဝင်ကာ စာကြည့်ဖို့ စားပွဲပေါ်ထိုင်လိုက်တော့ သူ့ရှေ့က ဒိုင်ယာရီစာအုပ်လေးကို တစ်ရွက်ချင်း လှန်လိုက်တယ်။

ခံစားချက်တချို့ ရင်ဖွင့်ထားတဲ့စာလေးတွေကို ပြန်ဖတ်ရင်း ရင်ထဲမှာ မောလို့နေတယ်။ ဘယ်တတ်နိုင်မလဲ။

ဖွင့်ဖတ်တွေ တစ်ရွက်ချင်းထပ်မှ ပန်းပွင့်ဖြစ်တာပဲ ...

သူလိုလူဟာ ...

ပင်ခြေက ပေါင်းသင်မြေဖို့ဖို့လောက်ပဲ အသုံးဝင်ခဲ့တာ မဟုတ်လား။ ဘယ်တော့မှ မရောက်နိုင်တဲ့ ခရီးတစ်ခုကို မျှော်လင့်ချက်တွေထားပြီး ရင်ခုန်သံတစ်ခုတည်းနှင့် လက်မှတ်ရဖို့ကြိုးစားနေတဲ့ ငါ့ကို နင်ကိုယ်တိုင် လှုမိုက်လို့ပြောမှာ မဆန်းဘူးလေ ...။



www.burmeseclassic.com

www.burmeseclassic.com

ထိမ်ချောတ်လို့ နှင်းချောတ်ထာထာ
မနေလောခင်ထိဝါ ဝသုန် . . .
နေချောတ်လို့ နှင်းပျောတ်ရင် . . .
နှင်းတွေထိုးထားတဲ့ ထမ္မည်းထ
အရည်ပျော်ကျသွားထာဝဲ . . . လေး ။

## အခန်း (၇)

အခုမနက်ပိုင်း ပရက်တီကယ်ရှိတာမို့ နေ့လယ်ခင်း အားနေတယ်။ အတန်းအချိန်လည်း မရှိတော့သဖြင့် ရွှေဝသုန်က . . .

"ငါတို့ ဘုရားသွားရအောင် . . . ထူးမင်းထက်"

"ဘယ်ဘုရားသွားမလဲ"

"မယ်လမုဘုရားသွားမယ်ဟာ၊ ဗေဒင်လည်း ဝင်တွက်မယ်၊ အားမှာ . . . လိုက်မယ်မဟုတ်လား"

"လိုက်မယ်လေ"

"ငါလည်း လိုက်မယ်"

ဝကြီးက အားတက်သရောဝင်ပြောရာ ရွှေဝသုန်က . . .

"ငါတို့ ဝင်နဲ့ကြွေးတော်ပြေဘုရားဘက်ကူးရင် နင် မလိုက်နဲ့"

"ဘာဖြစ်လို့လဲ"

"နင့်ခန္ဓာကိုယ်က အိုဗာဝိတ် . . . တော်ကြာ လှေနစ်သွားမယ်၊ ငါက ရေမကူးတတ်ဘူး"

"ရေမကူးတတ်တာများဟာ လှေမှာ နင့်ကိုယ်ကို ကြိုးမျှည်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်''

ဝကြီးရဲ့စကားကို ရွှေဝသုန် ပြန်မချေတော့ဘဲ ၄၉ ဒိုင်နာကား ကိုစီးရန် ကားမှတ်တိုင်သို့ ထွက်လာကြ၏။

ကားမှတ်တိုင်ရောက်တော့ ဟိုနေ့က သူနှင့်ရန်ဖြစ်သည့်ကောင် သုံးယောက် မှတ်တိုင်ကထိုင်ခုံတွင် ထိုင်နေတာကိုတွေ့သဖြင့် ထူးမင်း ထက်နားသို့ကပ်ကာ လေသံတိုးတိုးဖြင့် ...

''ဟိုနေ့ကကောင်တွေ''

''မသိချင်ယောင်ဆောင်နေပါ ဝသုန်ရယ်''

''ဘာလို့ မသိချင်ယောင်ဆောင်ရမှာလဲ၊ ငါ့ကို စမတ်ခေါင်း ချုန်ပီယံ, ကိုင်ပေါက်မယ် ... ဘာမယ်နဲ့''

ပြောလည်းပြော ခေါသထွက်ထွက်နဲ့ သူ့ရှေ့က ကျောက်ခဲတစ် လုံးကို ခြေဖြင့်ကန်လိုက်ရာ စမတ်ခေါင်းချုန်ပီယံ၏ခြေသလုံးကို သွား ထိတော့သည်။

''အား ... အ ... မ ... လေး''

''ဟာ ... ဟော့ကောင် ဘာဖြစ်တာလဲ''

စမတ်ခေါင်းချုန်ပီယံနှစ်ယောက်က သူ့လူကို မျက်လုံးမျက်ဆန် ပြူးကာ အတင်းမေး၏။

''ငါ့ခေါင်း ထိသွားပြီ''

''ဘယ်နေရာလဲ၊ ဘယ်သူ မင်းကို ချောင်းဆော်သွားတာလဲ''

''ဟို ... ဟိုမှာ ...''

နာနေရာမှ ရွှေဝသုန့်ကို လက်ညှိုးထိုးပြလိုက်ရာ ရွှေဝသုန်က မသိဟန်ဆောင်ပြီး စားနေသည့်ဆီးထုပ်ထဲက ဆီးစေ့ကို နောက်ပြန်ပစ် နေသဖြင့် သူတို့ကို လာထိနေသည်။

''အေးမာ ... နင် ဟိုနေ့က ကိုက်လိုက်တဲ့ကောင်သုံးကောင်





အခုမနက် လျှောသွားတယ်ဆို''

''ဟုတ်တယ် ဝသုန် ... ငါ့အမေ အခုမနက်ပဲ ချက်လိုက်တယ်၊ ဆီကိုပြန်နေတာပဲ''

''ဘာကို ကိုက်တာလဲ''

ဝကြီးရဲ့ အလိုက်မသိ ဝင်မေးတာကို အေးမာက အရှိန်မပျက် အလိုက်သင့်ဖြေလိုက်၏။

''ငါမကိုက်ခင် ... ဝသုန် ပါးရိုက်လိုက်သေးတယ်''

''တစ်ကောင်ကို တစ်ချက်ပဲ နင်သိပါတယ် ... ငါက ပါးရိုက် ချုန်ပီယံလေ၊ ညနေပိုင်း သွားဆေးခန်းမှာထိုင်ဖို့ ငါ့ကို လာကမ်းလှမ်း ထားတယ်''

''သွားဆရာဝန်က ကြွေးတောင်းခိုင်းဖို့လား''

''မဟုတ်ဘူး ဝကြီး ... သူ သွားနှုတ်လို့မရတဲ့လူနာကို ငါနဲ့ သီးခြားပြဖို့''

''နေပါဦး ... နင်တို့နှစ်ယောက် ပါးရိုက်ပြီးကိုက်လိုက်တဲ့ အကောင်သုံးကောင်က ဘာကောင်လဲ''

''ဂဏန်းလေဟာ''

ရွှေဝသုန် ပါးစပ်ထဲရှိရာ ဝကြီးကို ပြောလိုက်သည်။ ဝကြီးလည်း အတော်စဉ်းစားသည်။ ဂဏန်းကို ပါးရိုက်တယ်ဆိုတော့ ဂဏန်းပါးက ဘယ်နေရာရှိတာလဲဟု တွေးမရဖြစ်နေစဉ် ...

''ဒီမှာ''

''ဘာလဲ''

သူတို့နောက်က ခေါ်သံကြောင့် ... ရွှေဝသုန် နောက်လှည့်ကာ ပြန်ထူးလိုက်၏။

''ခင်ဗျား ခဲနဲ့ထုတာ ... ကျွန်တော့်သူငယ်ချင်း ခေါင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ''

''သေလိုက်''

''ခင်ဗျား ... တာဝန်မဲ့လှချည်လား''

''တာဝန်ရှိရအောင် ငါက ရပ်ကွက်လူကြီးမဟုတ်ဘူး၊ နင်တို့ရှိတာ ငါမသိဘူး''

''အား ... နာလိုက်တာ ... လုပ်ပါဦး''

စမတ်ဒေါင်းချုန်ပီယံ ဗလအားကိုးနှင့် စွတ်အော်နေရာ ... သူ့သူငယ်ချင်းနှစ်ယောက် ဒေါကန်နေသည်။

''ကျွန်တော့်သူငယ်ချင်း ခေါင်းထိပြီး ရူးသွားပြီလား မသိဘူး''

''သနားစရာပဲ ... သူက အနိုင်ချုန်ပီယံ၊ နိုင်လိုက်ရင် ရူးတာ ပျောက်သွားလိမ့်မယ်''

ဝကြီးကို လက်ညှိုးထိုးပြီး ရွှေဝသုန်ပြောရာ စမတ်ဒေါင်းချုန်ပီယံ နာလို့အော်နေရာမှ ရပ်ပြီး ...

''နေပါစေ ... သူ့ခန္ဓာကိုယ်နဲ့နိုင်ရင် အသက်ထွက်လိမ့်မယ်''

''ခင်ဗျားကို နောက်ဆုံးအကြိမ် သတိပေးမယ်''

''ဘာလဲ ... တောင်းပန်မလို့လား''

''နောက်တစ်ကြိမ် ကျွန်တော်တို့ထဲက တစ်ယောက်ယောက်ကို ထိနိုက်အောင်လုပ်ရင် ခွင့်မလွှတ်ဘူး''

''အေးမာ''

''ဟေ''

''ခွင့်မလွှတ်ဘူးတဲ့''

''ဘယ်တတ်နိုင်မလဲဟာ ... သူတို့က အားနွဲ့တဲ့ယောက်ျားလေး တွေပဲ''

ရွှေဝသုန်နဲ့ အေးမာတို့ အတိုင်အဖောက်ညီစွာ ပြောတဲ့စကားကို





စမတ်ဒေါင်းချုန်ပီယံတို့ ကြောင်အမ်းအမ်းနှင့် နားထောင်နေရသည်။

''နင်တို့ တကယ်ခွင့်မလွှတ်ဘူးလား''

''မလွှတ်ဘူး''

''ခွင့်မလွှတ်ရင်လည်း တစ်နေရာရာမှာ ရှောင်နေ ... လူသိမခံနဲ့၊ ငါ စေတနာနဲ့ပြောတာ၊ နင်တို့ကြည့်ရတာ မိခင်စိတ် ရှိပါတယ်''

''ဟဲ့ ဝသုန် ... ကားလာပြီ သွားမယ်''

ထူးမင်းထက်က ကားပေါ်အတင်းဆွဲခေါ်သဖြင့် ရွှေဝသုန်လည်း ကားပေါ်ပါလာပြီး စမတ်ဒေါင်းသုံးကောင်မှာ မှတ်တိုင်တွင် ဒေါသဖြစ်ပြီး ကျန်ခဲ့တော့သည်။

''ရှေ့လေးကို တိုးထား၊ အလယ်မှာ အချောင်ကြီး ... ဆင်နှစ်ကောင် ဖင်ထောင်က,လို့ရတယ်''

စပယ်ယာလေးရဲ့ စကားအဆုံးမှာ ပါဝါမျက်မှန်ထူထူ၊ တိုက်ပုံအနက်ဝတ်ထားပြီး လက်ထဲ၌ စာရွက်များပါသည့်ဖိုင်ကို ပိုက်ထားသည့် လူကြီးက ...

''ညီလေး ... ခုန မင်းဘာပြောတာလဲ''

''မကြားဘူးလားဗျာ၊ စပယ်ယာအသံ နတ်ပြည်ကတောင် ကြားရတယ်''

''ကြားတယ် ... ငါ ရှေ့တိုးမလို့ ... သေချာအောင် မေးတာ''

''ထပ်ပြောမယ် ... သေချာအောင် မှတ်ထား။ ရှေ့လေးကိုတိုး၊ အလယ်မှာ အချောင်ကြီး ... ဆင်နှစ်ကောင် ဖင်ထောင်ကလို့ ရတယ်၊ ကိုယ့်ပစ္စည်း ကိုယ်သတိထား''

စပယ်ယာက ပြောရင်း ထပ်ဖြည့်သတိပေးစကားကိုပါ ထပ်ထည့်လိုက်ရာ ပါဝါမျက်မှန်ထူထူနှင့်လူကြီးက အသံကျယ်ကျယ်ဖြင့် ...

''မင်းပြောတာ ရှေ့မှာ လေတိုးတယ်၊ အလယ်မှာ ချောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ခြင်နှစ်ကောင် ဖင်ထောင်ကနေတယ်၊ကိုယ့်ပစ္စည်း သတိထား ... ဟုတ်လား''

'ဟား .. ဟား .. ဟား'

တစ်ကားလုံး ရယ်မောသံတွေ ဆူညံလို့သွားတယ်။ ရွှေဝသုန် လည်း အားရပါးရ ရယ်တယ်၊ မရယ်တာက စပယ်ယာလေးနဲ့ မျက်မှန်ထူ ထူနဲ့လူကြီး ...

စပယ်ယာလေးက ပိုက်ဆံကောက်ပြီး မှတ်တိုင်မေးတယ်။

''လေးဆယ့်ခြောက်ပါလား''

'' ... ...''

''ဗထူးပါလား''

''ပါတယ်''

''ဗထူးအနီးဆုံး ဆရာရေ လူပြည့် အတွယ်ခြောက်ယောက် ... လိုက်ရင် တင်လို့ရတယ်''

စပယ်ယာလေးရဲ့ စကားသံဆုံးတော့ ကားက တစ်ရှိန်ထိုး မောင်း ထွက်လာတာ ခရီးသည်တစ်ယောက်မှ ထပ်မတင်တော့ဘူး။ ဗထူးမှတ် တိုင်နီးလာတော့ စပယ်ယာလေးက သေချာအောင် ...

''ဗထူးပါလား''

''ပါတယ်လေကွာ ... မင်းက ခဏ ခဏ မေးနေတာပဲ''

အသံထွက်လာတာကို ကြည့်လိုက်တော့ မျက်မှန်ထူထူနှင့် လူ ကြီးက ပြောနေခြင်းဖြစ်သည်။ ကားက မောင်းလာရင်း ဗထူးမှတ်တိုင် ရောက်တော့ ရပ်လိုက်၏။

''ဗထူး ရောက်ပြီ''

ကားပေါ်က တစ်ယောက်မှမဆင်း၊ စပယ်ယာလေးက စိတ်မ ရှည်သည့်လေသံဖြင့် ...





''ဟို ... လူကြီး ဗထူးပါတယ်ဆို''

''ပါတယ်လေ ... မင်းပဲ ဗထူးပါလား၊ ဗထူးပါလားနဲ့ ငါ့နာမည် ... ဘထူးလေ၊ ပါလားမေးတော့ ... ပါတယ် ဖြေတာပေါ့''

''ဟာဗျာ ဘာမှန်းမသိဘူး ... မောင်းဗျာ ... မောင်း''

ဗထူးမှတ်တိုင်မှာ တစ်ယောက်မှမဆင်းပါ။ စပယ်ယာလေးရဲ့ စိတ်မရှည်တဲ့လေသံက ပို၍ဆိုးလာ၏။ ဒါကို ရိပ်မိတဲ့ ပါဝါမျက်မှန်ထူထူ နှင့်လူကြီးက ...

''တို့တိုင်းပြည်မှာ စိတ်မရှည်တဲ့လူ သုံးမျိုးရှိတယ်၊ ကားစပယ် ယာရယ်, ဆေးရုံအပေါက်စောင့်တဲ့သူရယ်, စာအုပ်ထုတ်တဲ့ ထုတ်ဝေသူ ရယ် ...၊

သူတို့ကြည့်လိုက်ရင် အမြဲ ဟောက်လိုက်.ဟိန်းလိုက်နဲ့ မြန်မြန် လုပ် ဆိုတာချည်းပဲ''

''ဒါကတော့ ... အများနဲ့ အလုပ်လုပ်ရတာကိုး၊ ကိုယ်ချင်း စာကြည့်ပေါ့ဗျာ''

''ဟော့ကောင် စပယ်ယာ ... ကိုယ်ချင်းစာတဲ့နေရာမှာ ဘထူးကို ဘယ်ကောင်မှမမီဘူး၊ ငါ့သမီး ... ငါ့ခြံထဲမှာ ရည်းစားနဲ့ ချိန်းတွေ့တာ တောင် ယောက်ျားချင်း ကိုယ်ချင်းစာပြီး မမြင်ချင်ယောင်ဆောင်ခဲ့တဲ့ ကောင်''

တစ်ကားလုံး မျက်မှန်ထူထူကြီးရဲ့အသံ လွှမ်းမိုးနေတယ်၊ ခရီး သည်အားလုံးကလည်း အပျင်းပြေသဘောမျိုးနဲ့ နားထောင်နေကြတယ်။

'' ... ဂျာနယ်ရဲ့ အမျိုးသမီးကဏ္ဍမှာ ကိုယ်ဝန်ဆောင်နေနည်း ထိုင်နည်းကို ငါ အပတ်စဉ် ရေးနေတာ''

''ခင်ဗျားက ကိုယ်ချင်းစာစိတ်နဲ့ပေါ့''

''ဒါပေါ့ကွ ... မင်း ငါရေးတဲ့ဆောင်းပါးတွေ ဖတ်ကြည့်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ယောကျ်ားလေးဗျ ... လူပျို ဖတ်စရာမလို သေးဘူး"

စပယ်ယာက သူ့ကိုယ်သူ ကြေညာရင်း မှတ်တိုင်တို့ကို ထပ်မေး သည်။

"နာမည်မေးမှာ မဟုတ်ဘူး ... မှတ်တိုင်မေးမှာနော် ... ကျောင်း ကွေ့, မြို့စပယ်, ခေမာ, ကိုးဘွဲ့ရ, အနီးဆုံး အဝိုင်းပဲ ဆရာရေ ... တောက်လျှောက်သာမောင်း"

စပယ်ယာရဲ့မေးသံဆုံးတော့ ကားက တောက်လျှောက်မောင်း လာရင်း အဝိုင်းရောက်တော့ သူတို့အုပ်စုနှင့် ခရီးသည် အနည်းငယ်သာ ကျန်တော့သည်။ မျက်မှန်ထူထူနှင့်လူကြီးလည်း ကားပေါ်က ဆင်းသွားကာ စပယ်ယာလေးအား ...

"မင်းကား ခုမှ ခြင်နှစ်ကောင် ဖင်ထောင်ကလို့ရတာ"

"ဟုတ်ပါတယ် ... ကိုယ်ဝန်ဆောင်ကြီးရယ်၊ အဲ ... ရေးတဲ့ လူကြီးရယ်"

အပြန်အလှန်ပြောကြရင်း ဆင်းသွားတော့သည်။ ရွှေဝသုန်က ထူးမင်းထက်အား ...

"ဘုန်းကြီးလမ်းပါတယ်လို့ ကြိုပြောထားဦး"

"အေးပါ"

ကားပေါ်ခရီးသည်အချို့ တက်လာပြီးနောက် ... မောင်းထွက် လာရာ မကြာမီ ဘုန်းကြီးလမ်းမှတ်တိုင်သို့ ရောက်လာခဲ့တော့သည်။






www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မယ်လမုဘုရားဝန်းထဲသို့ ရောက်လာကြပြီး ဘုရားဝတ်ပြုကာ ဘုရားအရှေ့ဘက် ငမိုးရိပ်ချောင်းဘက်သို့ လျှောက်လာကြ၏။

"တို့ အထက်တန်းကျောင်းသားဘဝတုန်းက ဒီဘုရားကို ခဏ ခဏရောက်တယ် အေးမာရဲ့"

"ကျောင်းပြေးတာလား ဝသုန်"

"မဟုတ်ဘူး ... ကျောင်းသွားရင် ဘုရားရှေ့က ဖြတ်သွားရတယ်၊ ပြန်ရင်လည်း ဒီလမ်းက ပြန်ကြရတာ"

"လမ်းလျှောက်ရတာလား"

"မဟုတ်ဘူး ... စက်ဘီးနဲ့တက်တာ၊ ငါနဲ့ ထူးမင်းထက်က တစ်စီး၊ သော်ဇော်က တစ်စီးပေါ့ဟာ"

ရွှေဝသုန်က ရှင်းပြတာကို အေးမာက ခေါင်းတညိတ်ညိတ်နှင့် နားထောင်တယ်။

ထူးမင်းထက်နဲ့ ဝကြီးကတော့ ရှေ့က စကားတပြောပြောနဲ့ လျှောက်ကြတယ်။





ဗေဒင်ဆိုင်ခန်းများရှေ့ရောက်တော့ ရွှေဝသုန်က ...

"ဗေဒင်ဝင်တွက်ရအောင် ထူးမင်းထက်"

"မတွက်ချင်ပါဘူးဟာ ... ကံကြမ္မာတိုင်း ကြိုသိနေရင် စိတ်ဆင်းရဲရမယ်"

"မကောင်းတာကို ယတြာချေရတာပေါ့ ... လာပါဟာ"

ထူးမင်းထက်လက်ကို ရွှေဝသုန်က အတင်းဆွဲခေါ်တော့ ကန့်လန့်၊ ကန့်လန့်နှင့် ဗေဒင်ခန်းသို့ ပါလာသည်။

ဗေဒင်ဟောခန်း၌ လူရှင်းနေသဖြင့် သူတို့လေးယောက် ဟောခန်းထဲ ဝင်ထိုင်လိုက်ရာ ဗေဒင်ဆရာက ခုံအပုလေးမှာထိုင်ပြီး ကျောက်သင်ပုန်းပေါ် ဟိုခြစ် ဒီခြစ်လုပ်နေ၏။

"သမီးတို့ ဗေဒင်တွက်ချင်လို့ ဆရာ"

"ဘယ်သူ အရင်တွက်မလဲ"

"ထူးမင်းထက် ... နင် အရင်တွက်"

ရွှေဝသုန်က ထူးမင်းထက်ကို ရှေ့သို့ အတင်းရောက်အောင် ပို့သည်။

"ကဲ ပြော ... ညီလေးမွေးသက္ကရာဇ်"

"တစ်ထောင့်ကိုးရာ ရှစ်ဆယ့်နှစ်၊ အောက်တိုဘာလ ဆယ့်ရှစ်ရက်၊ စနေသား"

"ရပြီ ... စနေသား တစ်ကြွင်း၊ ဟုတ်ပြီ ... မင်းနေတဲ့ အရပ်ကနေ အရှေ့ဘက်ကို မသွားနဲ့"

"ဘာဖြစ်လို့လဲ ဆရာ"

"အကျိုးမပေးဘူး"

"ကျွန်တော့်အိမ်ရဲ့ အရှေ့အရပ်မှာ ကျောင်းတက်နေရတာ ဆရာ ... မသွားရင် စာဘယ်တတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့ဆို မသွားနဲ့ကွာ"

ဗေဒင်ဆရာ စိတ်အနည်းငယ် တိုသွားပုံရ၏။ ပြီးတော့ ကျောက်သင်ပုန်းမှာ ဟိုခြစ် ဒီခြစ်လုပ်ကာ ...

"မင်းမှာ အဖျက်ရှိတယ်"

"ရှိတယ် ဆရာ"

"ငါ ဆရာဒေဝ ... မမှန်ရင် မဟောဘူး"

သူ့လွယ်အိတ်ထဲမှ ခဲဖျက်ကိုထုတ်ပြီး ဆရာဒေဝကို ပြလိုက်ရာ ...

"ဒါ အဖျက်လေဆရာ ... ခဲဖျက်"

"ဘာကွ ... မင်း လာနောက်နေတာလား"

"မဟုတ်ဘူးဆရာ ... ဆရာပြောလို့ သက်သေပြတာ"

"ထားတော့ ... မင်းဟာ ဘယ်နေရာဖြစ်ဖြစ် ပထမရမှာ မဟုတ်ဘူး"

"ဟင်"

"ဒုတိယပဲ ရမယ်၊ ကဲ ... မင်းသိချင်တာမေး"

ထူးမင်းထက် စဉ်းစားတယ်။

ဘာမေးရင် ကောင်းမလဲလို့။

ဗေဒင်မေးဖူးတဲ့အတွေ့အကြုံလည်း မရှိတာမို့ ပါးစပ်ထဲရှိတာ လျှောက်မေးလိုက်၏။

"ကျွန်တော် ဘယ်တော့သေမလဲ"

"အင်း ... မင်းဇာတာအရ ကံကုန်တဲ့နေ့သေမယ်၊ မမျှော်လင့်ဘဲ ကလေးတစ်ယောက်ရမယ်"

"ဗျာ ... ကျွန်တော်က ယောကျ်ားလေ ဆရာ"

"မင်းဇာတာမှာကိုက ပါတာ၊ နောက်မေးခွန်းတစ်ခု ထပ်မေး"





"ဒီည ... မန်ယူနဲ့ အာစင်နယ် ဘယ်အသင်းနိုင်မလဲ"

ဗေဒင်ဆရာ ခေါင်းကုတ်သွားတယ်။

သူကလည်း နာမည်ကျော် ဆရာဒေဝပဲ ... ညံ့တဲ့လူမှ မဟုတ်တာ။

ဒါကြောင့် ...

"ဂိုးပိုသွင်းတဲ့အသင်း နိုင်မယ်"

"မှန်လိုက်တာ ဆရာရယ် ... နောက်ဆုံးမေးခွန်းတစ်ခု မေးမယ်"

"မေးပါ ... ဆရာက ဖြေဖို့အသင့်ပဲ"

"ကျွန်တော့်မှာ ချစ်သူရှိတယ် ... သူ့နာမည် ဘယ်သူလဲ သိချင်လို့"

ဆရာဒေဝ မျက်လုံးသေကြီးနဲ့ သူ့ကိုစိုက်ကြည့်ပြီး ...

"မင်း ညာနေတာ၊ မင်းချစ်သူရဲ့နာမည်ကို သိချင်ရင် အဲဒီကောင်မလေး လစ်တဲ့အချိန် သူ့လွယ်အိတ်ထဲက စာအုပ်အဖုံးမှာကြည့်"

"ဟာ ... ကောင်းလိုက်တဲ့ဆရာ၊ ကွက်တိကို ဟောနိုင်ပါလား"

"ဆရာဒေဝပဲ ... ဟဲ ဟဲ"

ဗေဒင်ဆရာ သဘောအတော်ကျသွားတယ်။

ပြီးတော့ ...

ရပြီ ဆိုတဲ့သဘောနဲ့ နောက်တစ်ယောက်ခေါ်တယ်။ ရှေ့သုန်ကရှေ့နားကပ်သွားပြီး လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ ခုံပုလေးပေါ် တရိုတသေ တင်ပေးတယ်။

"မင်းက လက္ခဏာကြည့်ဟောစေချင်တာလား"

"ဟုတ်ကဲ့"

"ကောင်းပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြွေသန့်လက္ခဏာကို မှန်ဘီလူးထုတ်ကာ အသေအချာ အလေး အနက် အသေးစိတ်ကြည့်ပြီး ...

"မင်း ... စိတ်တတ်အကြီးအကျယ် ကျစရာနဲ့ကြုံမယ်၊ ပြီးတော့ ... မင်းမှာ ရန်သူရှိနေတယ်"

"မှန်လိုက်တာ ဆရာရယ်"

"သရက်သီး, မရမ်းသီး မစားနဲ့"

"ဘာဖြစ်လို့လဲ"

"ဝမ်းသွားမှာစိုးလို့"

"မှန်လိုက်တာ ... သမီးရန်သူကို အနိုင်ရအောင် ယတြာပေးပါ ဆရာ ... အားကိုးပါတယ်"

"စားတစ်ချောင်း သွားလေရာ ဆောင်ထား၊ ရည်းစားရလိမ့် မယ်၊ ကွမ်းစားတတ်သူနဲ့ ရည်းစားဖြစ်ရင် ချစ်သူကို အလိုမလိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ပေကုန်မှာပေါ့"

"ဟုတ်တာပေါ့"

အေးမာက နောက်ကနေ တခွိခွိနဲ့ ရယ်တယ်။ ဝကြီးနဲ့ သူက ခပ်ပြုံးပြုံးပဲ။ ရယ်ချင်တာကို အောင့်ထားတော့ ပြုံးသွားတာပေါ့။

"ယတြာပေးမယ် ... လိုက်မှတ်"

"ဟုတ်ကဲ့ ဆရာ"

"ချစ်သူရဲ့ ဘယ်ဘက်လက်သူကြွယ်ကို ထောက်စူးချွန်နဲ့ နာ အောင်ထိုး၊ အားလို့ မအော်တဲ့လူမှ အိမ်ထောင်ဘက်အမှန် ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

"သိချင်တာရှိရင် မေး"

"သမီးအဖေ ဘယ်တော့လောက် မုန့်ဖိုးများများပေးမလဲ ဆရာ"





"ထီပေါက်တဲ့နေ့"

"ဟုတ်ပြီ ... ထပ်မေးဦးမယ်၊ သမီးအဖေ ထီတယ်တော့ ပေါက် မလဲ"

"ထီပေါက်စဉ်ထဲက ဂဏန်းတွေနဲ့ သူထိုးတဲ့ထီလက်မှတ် ဂဏန်း တူတဲ့နေ့ ပေါက်မယ်"

"ဟာ ... အိုကေ ... ကျေးဇူးအရမ်းတင်တယ် ဆရာ"

"ဟေ့ကောင် အောင်ဘု"

အောင်မြင်ခန့်ညားသောအသံကြီးက ဗေဒင်ဟောခန်းပြင်ပကနေ ထွက်လာရာ ဆရာဒေဝက ...

"ခင်ဗျာ"

"ကိုယ့်နေရာ ကိုယ်မနေဘဲ ဘာလာရှုပ်တာလဲ"

"ဗေ ... ဗေဒင်တွက်ပေးနေတာ"

"ငါ ... ဆရာဒေဝနာမည်နဲ့ လာလုပ်စားတာပေါ့ ... ဟုတ်လား။ သွား ... ဆိုင်ရှေ့ တံမြက်စည်းလှဲ"

"ဟုတ်ကဲ့"

သူတို့အားလုံး အခုမှ သဘောပေါက်လိုက်တယ်။ ဆရာဒေဝ အစစ်ကို အားလုံးဝိုင်းကြည့်လိုက်သောအခါ ...

"ဘထူး ... ကိုယ်ဝန်ဆောင်နေနည်းရေးတဲ့ ... ဆရာဘထူး"

"ဟာ ... မင်းတို့ ဆရာ့နာမည်အရင်းကို သိနေပါလား။ ကောင်း တာပေါ့၊ တပည့်ရင်းတွေပဲ ... ဘာအခက်အခဲတွေ ကြုံလာလဲ ... ပွင့် ပွင့်လင်းလင်းသာပြော"

"နေပါစေတော့ ဆရာ ... သမီး ဘာမှမခက်ခဲတော့ပါဘူး"

"အားမနာပါနဲ့ ... ဆရာအတိအကျ တွက်ပေးပါ့မယ်"

"ရော့ ဆရာ ... ဉာဏ်ပူဇော်ခ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရွှေသုန်က တစ်ထောင်တန်နှစ်ရွက်ထုတ်ပေးလိုက်ပြီး ဗောာခန်းထဲမှထွက်ရန် ပြင်လိုက်ရာ ဆရာဒေဝ အံ့သြစွာနှင့် ဗေဒင်ဟောသည့်ထိုင်ခုံတွင်ထိုင်ကာ ကျန်နေခဲ့တော့သည်။



## အခန်း (၉)

ကျွန်မဘဝမှာ . . . ငယ်ငယ်တည်းက ဆော့ဖော်ဆော့ဖက် ကျောင်းသွားဖော်, ကျောင်းသွားဖက် သူငယ်ချင်းနှစ်ယောက် ရှိခဲ့တယ်။ သူတို့နှစ်ယောက်နဲ့အတူ ကြီးပြင်းလာတဲ့ ကျွန်မဘဝဟာ တစ်ဦးတည်းသော သမီးဆိုပေမယ့် အထီးမကျန်ခဲ့ဘူး။

ထူးမင်းထက်ဆိုတဲ့ . . . ကျွန်မသူငယ်ချင်းက ကျွန်မနဲ့ သော်ဇော်အပေါ် အမြဲငဲ့ညှာတတ်တယ်။ အတန်းထဲမှာ သော်ဇော်နဲ့ကျွန်မ အဆင့် 'တစ်' နေရာရအောင် အမြဲလုနေပေမယ့် သူက 'နှစ်'နေရာပဲရတယ်။ 'တစ်' ဆိုတဲ့နေရာ သူနဲ့မဆိုင်သလို နေခဲ့တယ်။

သူက . . . နွမ်းပါးပါတယ်။ ပညာတော့ ကြိုးစားတယ်။ အထက်တန်းရောက်လာလို့ အလှအပပိုမိုပေါ်လွင်လာတဲ့ ကျွန်မကို ကောင်လေးတွေက စ,တိုင်း သူက ရန်ဖြစ်လိုက်ရတာအမော။

သော်ဇော်က ရန်ပွဲထဲ ဘယ်တော့မှမပါ။ ခပ်အေးအေးနေတတ်တဲ့ သူ့စရိုက်ကြောင့်ပဲ ထင်ပါရဲ့။ မိဘကလည်း အရမ်းချမ်းသာ၊ လိုတာအကုန်ပြည့်စုံတဲ့ သော်ဇော်နှင့် ထူးမင်းထက်ဘဝက အများကြီး ကွာခြား



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းပေမယ့် သံယောဇဉ်နဲ့ ဖက်တွယ်ခဲ့တဲ့ ရင်းနှီးမှုအဖြူထည်ကားချပ်က ပျောက်မသွားခဲ့ဘူး။

တက္ကသိုလ်ရောက်ကြတော့ . . . နေထိုင်ရာ တစ်နေရာစီ ကွဲသွားကြပေမယ့် ယူတဲ့မေဂျာက တစ်ခုတည်းယူတာမို့ အတွဲမပျက် သံယောဇဉ်တွေ အရှည်တည်တံ့လာတယ်။

ဖြူဖြူတောင့်တောင့် သော်ဇော်ရဲ့ဟန်ဟာ မိန်းကလေးတွေ စိတ်ဝင်စားစရာဖြစ်ခဲ့ပေမယ့် မှုန်ကုပ်ကုပ် အသားညိုညို ဂျစ်ကန်ကန်ပုံပေါက်တဲ့ ထူးမင်းထက်ကို ဘယ်သူမှ သတိမထားမိပါဘူး။

အမှန်အတိုင်းပြောရရင် . . . ထူးမင်းထက်ကို ဘယ်သူမှ စိတ်မဝင်စားတာကို ကျွတ်ကျေးဖူးတင်မိတယ်၊ တစ်ခါတလေ မိန်းမတွေရဲ့စိတ်ဟာ ဆန်းတယ်မဟုတ်လား။ အရာရာ အဆင်သင့်ပါတယ်ဆိုတဲ့လူကို ရင်မခုန်ဘဲ၊ ချောက်ထဲ အတူခုန်ချမယ်ဆိုတဲ့လူကို ပိုမက်မောတတ်တယ်လေ။

သော်ဇော်ရဲ့မျက်လုံးတွေထဲမှာ ကျွန်မအပေါ် သံယောဇဉ်ထက်ပိုတဲ့အရိပ်အယောင် တွေ့လာရပေမယ့် ထူးမင်းထက်ကတော့ တစ်ခါတစ်ရံ ကျွန်မကို ခိုးကြည့်တာကလွဲလို့ ထူးခြားတာ ဘာမှမတွေ့ရပါဘူး။

မိန်းမဖြစ်ရတဲ့ဘဝဟာ ရွေးချယ်ပိုင်ခွင့်မရှိဘဲ အရွေးခံသက်သက်ဖြစ်နေရတာကို ကျွန်မ ရင်နာလို့မဆုံးဘူး။ ကျွန်မတို့နဲ့ပတ်သက်ရင် အရာရာအနစ်နာခံတတ်တဲ့ ထူးမင်းထက်ရဲ့စိတ်ကြောင့်လည်း ကျွန်မ ရင်မောရတယ်လေ။

သော်ဇော် . . . ကျွန်မကိုကြည့်တဲ့မျက်လုံးမျိုးတွေနဲ့ ထူးမင်းထက် . . . ကျွန်မကိုမကြည့်တာကို ခံရခက်တဲ့ ကျွန်မရင်ကို ဘယ်လိုထုတ်ပြရမလဲ။

မိန်းမတစ်ယောက်ရဲ့ ဖော်ကျူးခွင့်မရတဲ့ ဟစ်ကြွေးသံကို ထူးမင်းထက်ကြားအောင် ကျွန်မ ဘယ်လိုပြောရမလဲ။ ကျွန်မဘဝမှာ အစိုးရိမ်





ဆုံးက သော်ဇော်က ချစ်တယ်ပြောလို့ ထူးမင်းထက်က ရှောင်ပေးမှာကို တွေးပူမိတယ်။

တကယ်လို့ . . . ထူးမင်းထက်က ချစ်တယ်ပြောရင် သူ့လက်မောင်းကို ရဲရဲဆုပ်ပြီး သော်ဇော်ကိုပြောမယ်၊ ဒါ . . . ငါချစ်သူလို့ သံယောဇဉ်တွေ ညီပေမယ့် ရင်ခုန်သံက တစ်ခုတည်းမို့ ကျွန်မနှလုံးသားကို သော်ဇော် နားလည်ပေးမှာပါ။

မနက်ပိုင်း အတန်းတက်ရမည့်နှစ်ချိန်လုံးကို လွှတ်ကာ တစ်ယောက်တည်း ကဲန်တင်းမှာ ထိုင်နေမိတယ်။

စားပွဲပေါ်မှာချထားတဲ့ လက်ဖက်ရည်ပေါ့ကျတစ်ခွက်ကို တို့တောင် မတို့မိ။ သူ အတန်တန်ပြောဖို့ခက်နေတဲ့ ရွှေဝသုန်ကို သော်ဇော်ရဲ့ အချစ်အကြောင်း ဘယ်လိုစ,ပြောရမှန်းမသိ။

ရွှေဝသုန် လက်ခံနိုင်ပါ့မလား။ ဘယ်လိုပဲဖြစ်ဖြစ် သော်ဇော် အသေအချာ အကူအညီတောင်းထားတာမို့ ဒီနေ့ ပြောဖြစ်အောင် ပြောမည်ဟု အိမ်ထဲမှ ဆုံးဖြတ်လာတယ်လေ။

ပထမတစ်ချိန်ပြီးသွားတော့ စာသင်ဆောင်ကနေ ရွှေဝသုန် ထွက်လာတာကို သူလှမ်းတွေ့လိုက်တယ်။ သူရှိရာ ကဲန်တင်းသို့ လာနေမှန်းသိပေမယ့် ခေါင်းကိုငုံ့ကာ စားပွဲခုံကို အဓိပ္ပာယ်မဲ့ ငေးပြီးကြည့်နေမိတယ်။

"ထူးမင်းထက် . . . နင် ဘာလို့အတန်းမတက်တာလဲ"

"ဘာရယ်မဟုတ်ပါဘူးဟာ"

"နင့်အိမ်မှာ အဆင်မပြေတာ ဘာရှိလို့လဲ ပွင့်ပွင့်လင်းလင်းပြော



www.burmeseclassic.com

www.burmeseclassic.com



. . . ငါ တတ်နိုင်တဲ့ဘက်က ကူညီမယ်''

''အိမ်မှာ အဆင်ပြေပါတယ်ဟာ''

''ဒါဆိုလည်း နင့်မျက်နှာက ဘာလို့ပုပ်သိုးနေတာလဲ . . . ပြုံးပြုံးရွှင်ရွှင်နေစမ်းပါဟာ''

''အေးပါ . . . ငါပြုံးပါ့မယ်''

''အေး . . . ပြုံး . . . ပြုံးစမ်း . . . အဲဒီလိုမှပေါ့''

သူ အဲတတ်နိုင်ဆုံး ပြုံးရယ်ဖို့ ကြိုးစားလိုက်တယ်။ ရင်ထဲတော့ နင့်နေတာပဲ။ ဒါပေမဲ့ . . . ရွှေဝသုန့်စကားတွေကို သူ ဘယ်တုန်းကမှ လွှန်ဆန်ခဲ့တာ မဟုတ်ဘူးလေ။

''အစ်မ . . . ဘာသောက်မလဲ''

''ပေါ့ကျတစ်ခွက်ပေး''

စားပွဲထိုးလေး လာမေးတာကိုဖြေရင်း ရွှေဝသုန်က . . .

''ထူးမင်းထက် . . . ဟိုကောင် သော်ဇော် ဘာလို့ ကျောင်းမတက်တာလဲ . . . နင့်ကို ပြောသွားသေးလား''

''ပုသိမ်ဘက် လူနာမေးသွားမယ်လို့ ပြောသွားတာပဲ''

''စာတွေ ကူးပေးရဦးမယ် . . . စိတ်ညစ်ပါတယ်''

''စိတ်မညစ်နဲ့ဦး . . . နင့်ကို သော်ဇော်ပြောခဲ့တဲ့အကြောင်း ပြောမလို့ . . .''

''ဘာလဲ . . . အရေးမကြီးရင် မပြောနဲ့''

''သော်ဇော့်အတွက်တော့ အရေးကြီးတယ် ဝသုန် . . . နင့်ကို သေချာပြောပေးပါတဲ့''

''ကြွေးကိစ္စလား . . . ငါဆပ်ပြီးပြီလေ''

''မဟုတ်ဘူး၊ သူ . . . က . . . နင့်ကို ချစ်တယ်တဲ့''

''ဘာ''





ရွှေဝသုန့်အသံက ဟိန်းထွက်သွားတယ်။ ဆိုင်ထဲက စားပွဲထိုးတချို့တောင် လှမ်းကြည့်တာကို တွေ့ရတယ်။

''ဟုတ်တယ် ဝသုန် . . . သော်ဇော်က နင့်ကိုဖွင့်ပြောဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ . . .''

''တော် . . . ထူးမင်းထက်၊ နင်ပြောတာကို ငါသဘောပေါက်ပြီ နင်ကတစ်ဆင့် ပြောနိုင်းတာပေါ့''

''ဟုတ်တယ်''

လေသံက တိုးတိုးညင်ညင်သာသာလေး ပြန်ဖြေရ၏။ ရွှေဝသုန့်ကိုလှမ်းကြည့်တော့ ဝေ့နေတဲ့ မျက်ရည်စတွေနှင့် ကဲန်တင်းအပြင်ဘက်ကို ကြည့်နေတယ်။ ပြီးတော့ . . .

''အချစ်ဆိုတာ . . . ပေးဆပ်ခြင်း၊ စွန့်လွှတ်ခြင်းဆိုတာ တွေကို ငါမယုံဘူး ထူးမင်းထက်၊ ငါသိထားတာက အချစ်နဲ့ဘဝ တစ်ထပ်တည်းကျချင်တယ် . . .၊

မနက်ဖြန်တွေ အများကြီးကို ငါ လျှောက်ရဦးမှာ၊ အဲဒီနေ့တွေမှာ . . . ခံစားချက်ကို မျိုသိပ်ပြီး အပြုံးတုတွေ မျက်နှာမှာ တပ်မထားချင်ဘူး''

''သော်ဇော်က နင့်အတွက် အကောင်းဆုံးလူတစ်ယောက်ပါ ဝသုန်''

''သချာနည်းနဲ့တွက်ရင် မှန်မှာပေါ့ ထူးမင်းထက် . . . ခံစားချက်ဆိုတာ စာရွက်ပေါ် မှင်နဲ့ရေးခြစ်လို့ ရတာမဟုတ်ဘူး''

ရွှေဝသုန့်စကားလုံးတွေက ရင်ထဲကထွက်လာမှန်း သိသာတယ်။ အသံကို အတတ်နိုင်ဆုံး တုန်ခါမှုမရှိအောင် ထိန်းပြီး သူ့ကိုပြောနေတာပဲ။

''သော်ဇော့်ဘဝက အရာရာ ပြည့်စုံပါတယ် ဝသုန်ရယ်''

''ပြည့်စုံတာ ငါဘာလုပ်ရမှာလဲ . . . ပြီးတော့ ငါက သူ့ဆီက



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်တွေကို အမြိန့်သားတက်ထိုင်ပြီး သုံးဖြုန်းဖို့ ဘဝနဲ့လဲရမှာလား''

''သေချာစဉ်းစားပါ ဝသုန် . . . သော်ဇော်က နင့်ကို ကြောက်လည်းကြောက်တယ်၊ သိပ်လည်း ချစ်ရှာပါတယ်''

''မိန်းမတစ်ယောက် ရွာတာ၊ ကြမ်းတာ၊ သူ့ခံစားချက်နဲ့ တခြားစီပဲ . . . ထူးမင်းထက်၊ စရိုက်ကြောင့်၊ ဒါမှမဟုတ် ဗီဇကြောင့် ရွာတာ၊ ကြမ်းတာ ဖြစ်နေတာ၊ တကယ်တမ်း ယောကျ်ားတွေနဲ့ကြုံရင် ဘယ်လောက်ကြမ်းတယ်ဆိုတဲ့ မိန်းမလည်း ယဉ်ကျေးသွားတာမဟုတ်လား''

ထူးမင်းထက် ရွှေဝသုန်ကို ငေးကြည့်ရင်း နားထောင်နေတယ်။ ရွှေဝသုန်ရဲ့ လေးနက်တဲ့အယူအဆတွေကြောင့်လည်း သူ အကြိမ်ကြိမ်သက်ပြင်းကို ခိုးချရတယ်လေ။

''နင်ပြောသလို ငါတို့ဘဝတွေဟာ ပုစီဖောင်းပါ . . . လေတစ်ချက်ဝှေ့တာနဲ့ အပေါ်ကို တက်နိုင်သလောက် ကြိုးစားတက်ကြည့်ပါတယ်၊ ကိုယ်ပိုင်အစွမ်းနဲ့ မရောက်နိုင်ဘူးဆိုတာ သိမှ မြေကြီးပေါ်ပစ်စလက်ခတ် ပြုတ်ကျတော့တာပဲ။

ရွေးချယ်ပိုင်ခွင့်မရတဲ့ တို့မိန်းမတွေဘဝဟာ ပုစီဖောင်းနဲ့ ဘာထူးလို့လဲ၊ ပြုတ်ကျတဲ့မြေကြီးမှာ စူးရှိခဲ့ရင် ပုစီဖောင်းဘဝ ဆုံးရှုံးတာပဲလေ''

''ဟုတ်ပါတယ် . . . ဒါပေမဲ့ . . .''

နှုတ်က အလိုလို ဆွံ့အလို့သွားတယ်၊ စကားလုံးတွေကလည်း လည်ချောင်းဝမှာတင် တစ်ဆို့နေသည်။

''ထူးမင်းထက် . . .''

''ဟင်''

''နင် . . . ငါ့ကို သော်ဇော်နဲ့ ချစ်သူဖြစ်စေချင်တာလား''

''အင်း''





''တစ်ခုတော့ နင့်ကို ပြောလိုက်မယ်''

''ပြောပါ''

သူ့ကို ရွှေဝသုန်က သေချာစိုက်ကြည့်ပြီး . . .

''ဝသုန်ဆိုတဲ့ နင့်သူငယ်ချင်း သိပ်ကံဆိုးတယ် ထူးမင်းထက်၊ သူ့ဘဝမှာ သူလိုချင်တဲ့အရာကို အလိုချင်ဆုံးလူဆီက မရခဲ့ဘူး''

'' . . . . . . ''

''ဒါပေမဲ့ ကျေနပ်ပါတယ်၊ ကျေနပ်ရမှာပေါ့ . . . နင် ဖြစ်စေချင်တဲ့ သော်ဇော်ရဲ့ ချစ်သူဘဝကနေ အိမ်ထောင်ဘက်တစ်ယောက်ဖြစ်အောင် ငါကြိုးစားပါ့မယ်''

''သော်ဇော်သိရင် အရမ်းဝမ်းသာမှာပါ ဝသုန်''

''သူ့ဝမ်းသာဖို့ မလိုဘူး . . . နင်ကျေနပ်ဖို့ပဲ လိုတယ်''

''ငါကျေနပ်ပါတယ် ဝသုန်ရယ်''

သူ့ကို ရွှေဝသုန်က နာကျင်စွာ တစ်ချက်ပြုံးပြီး လွယ်အိတ်ထဲမှ ထောက်ပူးချွန်ကို ထုတ်ကာ လက်သူ့ကြွယ်ကို ရုတ်တရက် လှမ်းထိုးလိုက်တယ်။

လက် စစ်ခနဲ နာသွားပေမယ့် . . . မအော်ဘဲ ကျိတ်နေလိုက်တယ်။ စိတ်ဆိုးလို့ သူ့ကိုလုပ်တာပဲဟု တွေးမိပြီး ရွှေဝသုန်ကို . . .

''ငါ့လက်ပေါက်သွားအောင် ထိုးလိုက် ဝသုန်''

''နင် မနာဘူးလား''

''ဟင့်အင်း''

''ငါ စမ်းကြည့်တာပါ . . . သော်ဇော် ဘယ်တော့ပြန်လာမှာလဲ''

''တနင်္လာနေ့ထင်တာပဲ''

''သော်ဇော့်ကို ကန်တင်းမှာ စောင့်ခိုင်းလိုက် . . . ငါ အဖြေပေးလိုက်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com




"ကောင်းပါတယ်"

ရွှေဝသုန် ကဲန်တင်းထဲက လှည့်ကာထွက်သွားသည်။ သူ့ရင်တစ်ခုလုံး နာကျင်လှိုက်လှဲလှုပ်ရှားလာမယ့် ... သူ့အပေါ် တစ်သက်လုံး စာနာစိတ်နဲ့ကူညီခဲ့သော သော်ဇော်ရဲ့ဆန္ဒကို ဖြည့်ပေးရတာကြောင့်လည်း ရင်ထဲမှာကျေနပ်နေမိတယ်။

လေးကွေးသော ခြေလှမ်းတွေနှင့် အိမ်ပြန်ဖို့ ကားမှတ်တိုင်ကို လျှောက်လာတယ်။ အတန်းတက်ချင်တဲ့စိတ်လည်း မရှိတော့။

ရွှေဝသုန့်ရင်ကို မြင်ပေမယ့် ... သူ ဘာမှမတတ်နိုင်ခဲ့။ အချစ်အတွက် အရာရာကိုရင်ဆိုင်ဖို့ သူ့ရဲကောင်းတစ်ယောက်အဖြစ် မှတ်တမ်းရေးထိုးဖို့ဆိုတာ တကယ့် လက်တွေ့မှာ မတတ်နိုင်တာ ဝသုန်ရယ် ... နင်သိမှာပါလေ။



ဝေါယာဥ်ထမ်းပြီး
ရွှေနန်းကိုဆက်ဖို့
တော်ကောက်ခံရသူ မိဖုရားအတွက်
ငါ့ပန်းတွေ ကြွမ်းနေတာ
ဘာဆန်းသို့လဲ ချစ်သူရယ် . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သော်ဇော် ခရီးက ပြန်ရောက်ရောက်ချင်း သူ့အိမ်သို့တန်းလာ ကာ ဝသုန်အခြေအနေကို မေးသည်။

"ဝသုန့်ကို ပြောဖြစ်လား ထူးမင်းထက်"

"အေး"

"ဘာပြောလဲ ထူးမင်းထက် . . . အခြေအနေကောင်းလား . . . ပြောစမ်းပါကွာ"

အငမ်းမရ တရစပ်မေးနေသော သော်ဇော့်ကို ပခုံးသို့ဖက်ကာ . . .

"လာကွာ . . . လက်ဖက်ရည် သွားသောက်ရအောင်၊ ဆိုင်ကျမှ အေးအေးဆေးဆေးပြောတာပေါ့ကွာ"

"ငါ့ရင်တွေ အရမ်းခုန်နေလို့ကွ ထူးမင်းထက်ရ"

"လာပါကွာ"

အိမ်ကနေ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို လမ်းလျှောက်ထွက် လာကြရင်း . . . လက်ဖက်ရည်ဆိုင်စားပွဲမှာ ဝင်ထိုင်လိုက်တော့ . . .





"ဝသုန်ကို ငါပြောတော့ သူ့သဘောက မဆိုးပါဘူး . . . အချစ်နဲ့ ဘဝ တစ်ထပ်တည်းဖြစ်ချင်တယ်တဲ့"

"ငါ တကယ်လက်ထပ်မှာပါ၊ မင်း သူ့ကို ပြောလိုက်သေးလား"

"ပြောတယ်"

"သူ ဘာပြောလဲ"

"မင်းနဲ့တွေ့ချင်တယ်တဲ့၊ တနင်္လာနေ့မနက် တို့ထိုင်နေကျ ကန် တင်းက စောင့်နေ . . . သူ လာလိမ့်မယ်"

တက်ကြွတဲ့ဟန်ပန်နှင့် မျှော်လင့်ချက်တို့က သော်ဇော့်မျက်လုံး မှာ အရောင်လက်နေတယ်။ သော်ဇော့်စိတ်က အရမ်းနူးညံ့မှန်း သူသိ တယ်။

ရွှေဝသုန်ကို ချစ်တဲ့အချစ်ကလည်း ဖြူစင်လေးနက်မှန်း သူ ခန့်မှန်းမိပေမယ့် . . . ရင်ဘတ်ထဲရေးထားတဲ့ သူ့ရဲ့ကဗျာတချို့ကို မမြင်နိုင် အောင် သိုဝှက်သိမ်းဆည်းထားလို့ သော်ဇော် မမြင်ခဲ့ဘူးလေ။

"ငါ . . . ဝသုန်နဲ့ လက်ထပ်ပြီးရင် နိုင်ငံခြားကို ခေါ်သွားမယ်၊ ဒက်ဒီတို့ မာမီတို့လည်း ဟိုမှာရှိတာဆိုတော့ ဝသုန် ပျင်းမှာမဟုတ်ဘူး"

"ကောင်းတာပေါ့"

"သားသမီးရရင်တော့ ဒီကို ပြန်လာမယ်၊ မြန်မာလို နေထိုင်ကြီး ပြင်းစေချင်တယ်၊ မင်းကတော့ လူပျိုကြီးလုပ် . . . ငါနဲ့ဝသုန်နဲ့ ရတဲ့ကလေး တွေ ထိန်း"

"အေးပါကွာ . . . မင်းစိတ်ကူးတွေ အရမ်းကောင်းတယ်၊ ငါ လည်း အိမ်ထောင် မပြုချင်ပါဘူး။ ငါတို့ခြံလေးကို အခုလိုပဲ အပင်စိုက်ရင်း တိုးတက်အောင်လုပ်မယ်၊ မင်းတို့ကလေးတွေလည်း ထိန်းမှာပေါ့"

ထူးမင်းထက်စကားကို သော်ဇော်က အားရကျေနပ်စွာ ပြုံးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အိမ့် တို့သူငယ်ချင်း"

အားရပါးရ ပြောကာ . . . သော်ဇော်ပျော်တာကိုကြည့်ပြီး သူလည်း လိုက်ပျော်မိသည်။ အိမ်သို့ပြန်လိုက်လာပြီး အမေ့ရောဂါအခြေအနေကိုမေး၊ စားဆေးတချို့ ဝယ်ပေးကာ ပြန်သွားသည်။

နောက်ရက်တစ်ရက်တွင် သော်ဇော်က . . .

"မင်းတို့အားလုံးကို ဒီနေ့နေ့လယ် ကန်တင်းမှာ ထမင်းကျွေးမယ်"

"ဘာအတွက်လဲ သော်ဇော်"

အေးမာက မေးလိုက်ရာ . . .

"ငါ့အချစ်ကို ရွှေဝသုန်က လက်ခံတဲ့အထိမ်းအမှတ်နဲ့ ကျွေးမှာပြီးတော့ သူက အားလုံးရဲ့ရှေ့မှာ ငါ့ကို အဖြေပေးမယ်တဲ့"

"ဟုတ်လား ဝသုန်"

"အင်း"

ရွှေဝသုန့်ပုံက . . . ပြုံးရယ်ခြင်း ကင်းမဲ့နေပြီး မျက်နှာထားတည်တည်ဖြင့် ခေါင်းညိတ်ပြ၏။ ဝကြီးက . . .

"အဝလား သော်ဇော်"

"ကြိုက်သလောက်သာစား"

"ငါက အပြတ်ဆွဲမယ်၊ အဆောင်တောင် နှစ်ပတ်,သုံးပတ် ပတ်လျှောက်လိုက်ဦးမယ်"

"ဘာလို့လဲ"

"ဗိုက်ချောင်အောင်ပေါ့ကွာ"

ဝကြီးပုံကို ကြည့်ပြီး . . . သော်ဇော် သွေးပျက်သည့်ပုံ လုပ်ပြမယ့် သူ့ရင်က အပျော်တွေကို အားလုံးမြင်နေရတယ်။

"ထူးမင်းထက်ရယ်, ငါရယ်, ဝသုန်ရယ်က နေ့လယ် ထမင်းဝိုင်း





မှာ ဟင်းတစ်မျိုးတည်းကို အတူစားမယ်"

"ငါ အတူမစားဘူး"

"ဘာလို့လဲ ဝသုန်"

"ထူးမင်းထက်စားတာနဲ့ကို အတူမစားချင်တာ"

"ငါသိပြီ . . . ဒီကောင်က ညစ်ပတ်တယ်"

"ရပါတယ် သော်ဇော် . . . မင်းတို့ကြိုက်တာ မှာစားကြပါ၊ အရိုးလောက် ကိုက်ရရင်တောင် ငါကျေနပ်တယ်"

ထူးမင်းထက်ကို ရွှေဝသုန်က မျက်စောင်းတစ်ချက်လှည့်ထိုးပြီး ရှေ့သို့ ပြန်လှည့်သွား၏။

"နေ့လယ်ကလည်း မရောက်နိုင်သေးဘူးကွာ"

"နောက်တစ်ချိန် ကျူတိုရီရယ်ဖြေပြီးရင် သွားစားတာပေါ့ ဝကြီးရာ"

"အချိန်တွေက လေးကွေးလွန်းလို့ပါ သော်ဇော်ရယ်"

"အငတ်ကောင်"

အေးမာ ဝင်ပြောတာကို ဝကြီးက မျက်စိတစ်ဖက်မှိတ်ပြတယ်။ အေးမာက ဘယ်လို သဘောပေါက်သွားသည်မသိ . . .

"ဘာသဘောလဲ ဝကြီး . . . ပွင့်ပွင့်လင်းလင်းပြောစမ်း"

"ရက်စရာကြီး"

"ဘာ"

"နင်နဲ့ငါ နှစ်ယောက်တည်းမှ ပြောမယ် အေးမာရယ် . . . ငါ့စိတ်ကို မဆွပါနဲ့"

"ပေးစမ်း . . . နင့်လက်"

"မပေးဘူး အေးမာ . . . လူလယ်ကောင်မှာ အဲဒီလို အခွင့်အရေးယူတာ ငါမကြိုက်ဘူး။ နှစ်ယောက်တည်းဆို ကြိုက်သလို ခွင့်ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ ...ကဲဟယ် ...ကဲဟယ်"

အေးမာ ရှက်ရှက်နှင့် ထူးမင်းထက်ကိုကျော်ကာ ဝကြီးကျောကုန်းကို ထုတော့သည်။ ဝကြီးနှင့် သူက ဆင်နှင့်ဆိတ်လောက်သာ ရှိကာ အေးမာ့အားလောက်ကိုတော့ ဝကြီးက လုံးဝမဖြု။

'ဒေါင် ..ဒေါင် ..ဒေါင်'

"အား ...အာ ...အ"

လူ့ပုစိတ်တို အေးမာက ...ကွန်ပါဘူးနဲ့ ဝကြီးခေါင်းကို ထဆော်လိုက်ရာ ခေါင်းကိုပွတ်ပြီး တအားအားနဲ့ တစ်ချိန်လုံးကို အော်နေတာ ...အကန်းထဲသို့ ဆရာဝင်လာမှပဲ ရပ်တော့တယ်။

နေ့လယ်ပိုင်း ထမင်းစားချိန်ရောက်တော့ အားလုံး ကန်တင်းကို လာကြတယ်။ ဝကြီးက သူ့ခန္ဓာကိုယ်နဲ့ လိုက်ဖက်ညီစွာ အစားအစာတွေကို မှာတယ်။ သော်ဇော်က ...

"တို့သုံးယောက် ထမင်းပေါင်းမှာစားမယ် ...မင်းကြိုက်လား"

"ရတယ်"

"ငါ ထမင်းပေါင်းမစားဘူး ...ကြာဆံကြော်စားမယ်"

ဝသုန်က သော်ဇော်ကို ပြောလိုက်ရာ ...

"ငါလည်း ဝသုန်နဲ့ ကြာဆံကြော်စားမယ် ...ထူးမင်းထက်ရော"

"ထမင်းပေါင်းပဲ စားမယ်ကွာ"

အေးမာကလည်း သူကြိုက်သည့် ခေါက်ဆွဲကြော် မှာစားသည်။ ခဏကြာတော့ ...စားပွဲထိုးလာချသည့် အစားအစာတို့ကို ဝကြီးနဲ့ အေးမာက အပြတ်တွယ်နေကြတာ ဘာစကားမှတောင် မပြောတော့ဘူး။ ထူးမင်းထက် စိတ်မပါစွာ စားနေတာကို သော်ဇော်မြင်တော့ ...

"ထူးမင်းထက် ...မင်း ထမင်းပေါင်း မကြိုက်ဘူးလား"





"ကြိုက်ပါတယ် ...ဗိုက်သိပ်မဆာလို့"

"ငါက စားလို့ကောင်းတယ် ...လိုက်ပွဲ ထပ်မှာလိုက်မယ် သော်ဇော်"

"လုပ်ကွာ ဝကြီး ...ငါက မင်းလိုလူမျိုးကို ဒါနပြုချင်တာ၊ အားရတယ်ကွာ ...ထမင်းကြော်နှစ်ပွဲ ကုန်နေပြီ"

"မင်း အဲဒါစောကတည်းက ကြိုပြောရင် ငါ့အမျိုးတွေ ကျောင်းခေါ်လာတယ်၊ တို့တစ်မျိုးလုံးမှာ ငါ အစားအနည်းဆုံးပဲ"

"နင် အစားအနည်းဆုံး"

အေးမာက အံ့ဩစွာဝင်ပြောတော့ ဝကြီးက ဟင်းချိုကို ခပ်သောက်ရင်း ...

"ငါ့ဘကြီး ဝက်သွားပေါ်တာ ပြန်လာတော့ ဝက်ရဲ့အမြီးနဲ့ သွားပဲ ပြန်ပါလာတယ်"

"ဈေးမှာ ဝင်ရောင်းခဲ့လို့လား"

"မဟုတ်ဘူး အေးမာ ...ပေါ်ရင်း မြည်းခဲ့တာ"

"စူပါ အငတ်ကြီးပေါ့"

"ကြိုက်သလိုသာ ပြော ...ငါ့အဖေ ရွာမှာ ငါးဖမ်းတုန်းက ငါးရွှေးတစ်ကောင် ရဖူးတယ်"

"မဖြစ်နိုင်ဘူး ...ငါးရွှေးဆိုတဲ့ငါးက အကြီးကြီးလို့ ငါကြားဖူးတယ်"

"ယုံချင်ယုံ၊ မယုံချင်နေ ...အိမ်ပြန်ရောက်တော့ ငါ့အဖေလက်ထဲမှာ ..."

"အမြီးနဲ့ သွားပဲ ပါလာတယ်မဟုတ်လား"

"အေးမာ ...နင်သိပ်တော်တယ်၊ တို့အမျိုးတွေရဲ့ ရာဇဝင်ကို သိနေတာပဲ၊ မထူးပါဘူး ...တို့အမျိုးထဲ ဝင်လို့ရအောင် ငါ့ကိုယူလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်"

အေးမာနဲ့ ဝကြီးအပြန်အလှန်ပြောဆိုနေတာကို သူတို့သုံးယောက်က ကြည့်ရယ်တယ်။

ဝကြီးက အေးမာကို စ၊ အေးမာက စိတ်တို၊ ပြော ချင်ရာပြော … သူတို့အုပ်စုက အမြဲစည်နေတော့တယ်လေ။

"ဝကြီး … မင်းက မင်းအမျိုးယောက်ျားတွေအကြောင်း ပြောတော့ အေးမာ ဘယ်စိတ်ဝင်စားမလဲ … မိန်းမတွေအကြောင်း ပြောလိုက်လေ"

"ဟုတ်တာပေါ့ ထူးမင်းထက်၊ ကဲ … ငါ့အမေအကြောင်း နင့်ကို ပြောပြမယ် … ဒါမှ နင် နေတတ်ထိုင်တတ်မှာ"

"ငနာနော် … ငါ့ကိုပဲ ထိခိုက်နေတယ်"

"ငါ့အမေ ထမင်းစားပြီးလို့ အိမ်ရှေ့လမ်းထွက်လျှောက်ရင် ရပ်ကွက်ထဲက ဝမ်းဆွဲသည် အလုပ်လာစပ်တော့တာပဲ"

"ဘာဖြစ်လို့လဲ"

"အမေ့ဗိုက်က မွေးခါနီး ကိုယ်ဝန်သည်လောက်ကို ပူသွားတာ … အဲဒီလောက်ကို အစားစားတာ၊ မယုံရင် ငါ့အိမ်က ထမင်းအိုးကို နင်လိုက်ကြည့် …"

"ဘယ်လောက်ကြီးလို့လဲ"

"သဘော်ကို အပေါ်အမိုးဖြုတ်ပြီး ချက်ရတယ်"

"တော်ပြီ … နင်တို့ အမျိုးထဲဝင်လို့ ထမင်းချက်တာဝန်ကျရင် ထမင်းရည်ငှဲ့ရမှာ မလွယ်ဘူး၊ သဘော်ကို ဘယ်လက်ခုနဲ့ ဘယ်နေရာ သွားငှဲ့ရမလဲ"

"နင်တို့အိမ်ရှေ့ မြောင်းထဲ ငှဲ့ပေါ့ဟာ"

ဝကြီးနဲ့အေးမာက … သူတို့ စကားနိုင်လုလိုက်၊ စားလိုက်နှင့်





စားပွဲတစ်ခုလုံး စားပြီးသားပန်းကန်များနှင့် ပြည့်နေသည်။

သော်ဇော်က …

"ကဲ … စားလို့သောက်လို့ပြီးသွားရင် ဝသုန်က ငါ့ကို မင်းတို့ရှေ့မှာ အခမ်းအနားနဲ့ အဖြေပေးမှာတဲ့ … ဟုတ်တယ်မဟုတ်လား ဝသုန်"

"အင်း"

"ဝသုန် … နင် ငါ့ကို အဖြေပေးတော့လေ"

ရွှေဝသုန် ခေါင်းကိုငုံ့ထားပြီး စားပွဲကို အဓိပ္ပာယ်မဲ့ ဖေးနေတာကို သော်ဇော်က ဘေးကကြည့်ကာ ပြောလိုက်၏။

ထူးမင်းထက်က ကန့်တင်းအပြင်ဘက်ကိုသာ ကြည့်နေတယ်။

ရွှေဝသုန် … သော်ဇော့်ကို အဖြေပေးမယ့်အသံကို မကြားရဲတာ အမှန်ပါ။

သိပ်မြတ်နိုးစွာ … တိတ်တခိုးချစ်တဲ့ ချစ်သူက တခြားယောက်ျား တစ်ယောက်ကို ချစ်တယ်ဆိုတဲ့ အဖြေပေးခြင်းဟာ သူတို့နှစ်ယောက်ရဲ့ ဘဝကို ခွဲထုတ်တာပဲလို့ ခံစားရတယ်လေ။

"ထူးမင်းထက်"

ရွှေဝသုန့်ရဲ့အသံက အနည်းငယ် တုန်နေတယ်။ သူ ခပ်ရဲရဲပြန်ကြည့်တော့ … ချစ်သူရဲ့ မျက်ဝန်းထောင့်တစ်ခုမှာ မျက်ရည်စလေးက ပုန်းလျှိုးကွယ်လျှိုးရှိနေတာကို မြင်မိလိုက်တယ်။

"ပြောလေ ဝသုန်"

"ငါ … သော်ဇော့်ကို အဖြေပေးလိုက်တော့မယ်"

"အင်း"

အသံကို ပုံမှန်ဖြစ်အောင် ကြိုးစားပြောလိုက်တော့ … ရွှေဝသုန်က …

"ငါ့ဘဝမှာ သိပ်ရင်းနှီးတဲ့ ယောက်ျားနှစ်ယောက်နဲ့ ကြုံခဲ့ရတယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အပေါ် တစ်ယောက်ထားတဲ့ သံယောဇဉ်တွေကလည်း အရမ်းဖြူစင်ခဲ့ကြတယ် ...၊

ဘဝထဲကို ဝင်ဖို့ ငါ့ကိုခေါ်တာက သော်ဇော်ပဲ။ ငါ့မှာ အများကြီးရွေးစရာမလိုဘူး၊ သော်ဇော်ရဲ့မေတ္တာကိုလည်း ငါနားလည်တယ်၊ ထူးမင်းထက်ရဲ့သံယောဇဉ်လည်း ငါသိတယ် ...၊

ဒီတော့ ... လာပါလို့ခေါ်တဲ့ လူနောက်ကိုလိုက်ဖို့ သော်ဇော့်အချစ်ကို ငါလက်ခံလိုက်ပါပြီ''

ပြောကာ ... ဝိုင်းထဲက ထွက်သွားဖို့ပြင်လိုက်ရာ သော်ဇော်က ...

''ဘယ်သွားမလို့လဲ ဝသုန် ... ငါလိုက်ပို့မယ်''

''နင်နေခဲ့ ... ငါတစ်ယောက်တည်း နေချင်တယ်၊ ငါ့နောက်ကို ဘယ်သူမှ လိုက်မလာနဲ့''

ပြောကာ ... ကန်တင်းမှ ထွက်သွားသည်။ ထူးမင်းထက်က သော်ဇော့်ကို ...

''သူရှက်သွားတာ နေမှာပါ၊ မိန်းကလေးတွေက ဒီလိုပဲ သော်ဇော် ... နားလည်ရခက်တယ်''

''တစ်ခုခုမှားနေပြီနဲ့ တူတယ် ... ထူးမင်းထက်''

''ဘာမှမမှားဘူး ... ဝသုန့်အကြောင်း သိရဲ့သားနဲ့ကွာ''

''ဟုတ်တယ် သော်ဇော် ... ဝသုန့်မှာ စိတ်ညစ်စရာ ရှိရင်ရှိမှာပေါ့၊ နောက်နေ့လည်း တွေ့လို့ရနေတာပဲ''

အေးမာပါ ဝင်ပြောမှ သော်ဇော် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ မျက်နှာကတော့ သိပ်မကောင်း ...

''သော်ဇော် ... ချစ်သူဘဝ ခုမှစတာ၊ မင်းကို ဝသုန်က စမ်းတာပါ၊ မင်းမျက်နှာ စူပုပ်မနေနဲ့၊ ရှင်းစရာရှိတာ ရှင်း ... အတန်း သွားတက်





မယ်''

ဝကြီးပါ ဝိုင်းပြောမှ ... သော်ဇော့်မျက်နှာ အနည်းငယ် ပြုံးလာတော့တယ်။ ကန်တင်းမှထွက်လာပြီး လမ်းရောက်တော့ သော်ဇော်က သူ့ပခုံးကိုဖက်ကာ ...

''ထူးမင်းထက် ... ဝသုန် ငါ့ကို တကယ်ချစ်ပါတယ်နော်''

''ချစ်ပါတယ် ... မင်းက သိပ်စိုးရိမ်တတ်တာပဲ''

''အချစ်ဦးလေကွာ ... ဝသုန်ဟာ ငါ့ဘဝရဲ့ အရာရာ အဦးဆုံးလူပါ''

သော်ဇော်က ခံစားချက်တွေကို လွတ်လပ်စွာ ပေါက်ကွဲပြရင်း စာသင်ဆောင်ဘက်သို့ လျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com




အခန်း (၁၁)

BURMESE CLASSIC .com

ယော်ဇော်နဲ့ ရွှေဝသုန်တို့ ချစ်သူဘဝရောက်သွားကြပေမယ့် . . . ထူးထူးခြားခြား သွားတာလာတာ မရှိ။ အရင်လိုပဲ သူငယ်ချင်းအုပ်စုလိုက် သွားကြလာကြ၊ နောက်ပြောင်ကြနှင့် နေလာခဲ့သည်။

ရွှေဝသုန်က အရင်လို ထူးမင်းထက်နှင့်နှစ်ယောက်တည်း သွားတာလာတာမျိုး မလုပ်တော့။ အတတ်နိုင်ဆုံး ယော်ဇော့်အပေါ် ဝတ္တရားလည်း မပျက်ခဲ့။

ဒီလိုနှင့် . . .

စာသင်နှစ်တွေ ကုန်ဆုံးကာ နောက်ဆုံးနှစ်သို့ပင် ရောက်လာခဲ့ကြသည်။

တစ်ရက်မှာ ရွှေဝသုန်က သူတို့ အားလုံးကို . . .

"မနက်ဖြန်ညနေ ငါ့အိမ်မှာ ငါမွေးနေ့ပွဲလုပ်မယ် . . . နင်တို့ အားလုံး လာကြ"

"ဝသုန် . . . ငါက မင်္ဂလာဒုံမှာနေတာဆိုတော့ မိုးချုပ်ရင် ပြန်ဖို့ မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပူနဲ့ . . . ငါပြန်ပို့ပေးမယ် အေးမာ၊ ဝသုန်က သူမွေးနေ့ကို သူငယ်ချင်းအားလုံး လာစေချင်တာ"

သော်ဇော်ဝင်ပြောမှ အေးမာ ကျေနပ်စွာ ခေါင်းညိတ်လိုက်တယ်။ ဝကြီးကတော့ . . .

"ဘာကျွေးမှာလဲ ဝသုန်"

"ကြက်သားပလာတာ၊ အအေးလူနည်းနည်းပဲ လုပ်တာပါ . . . တို့ရပ်ကွက်ထဲက အသီလေးငါးယောက်ရယ်၊ တို့အုပ်စုရယ် . . . ဒါပဲ"

"ကောင်းတယ် . . . ငါ အပြတ်စားမှာနော်"

"ရတယ် . . . နင့်အတွက် သီးသန့် ပိုချက်ထားမယ်"

"ငါထင်တယ် ထူးမင်းထက် . . . ဝသုန့်ကို တို့မောင်တစ်ခုလုံးက အလှဆုံးလို့ပြောတာ မလွန်ဘူး။ တကယ်လှတာကွာ . . . ကြည့်ရင်းနဲ့ ဂျူနီဖာလိုပက်(ပ်)နဲ့ တူလာတယ်"

"ဟာကယ်လား ပွကြီး"

"ခေါင်းမပါရင် ပြောတာပါ"

"ဝက်ပုပ် . . . ငါက အကောင်းမှတ်လို့"

'ဟား . . ဟား . . ဟား'

သူတို့အားလုံး ဝိုင်းရယ်ကြတော့ ရွှေဝသုန်လည်း ရယ်တာပဲ။ တကယ်ဆို ရွှေဝသုန်က ဂျူနီဖာလိုပက်(ပ်)ထက် ပိုလှတယ်လို့ သူထင်တယ်။

ဒါဟာလည်း ဖြူစင်တဲ့စိတ်နဲ့ပါ။ ရွှေဝသုန်လှနေတာကိုက သော်ဇော့်အတွက် ပိုတောင် ဝမ်းသာမိပါသေးတယ်။

"ငါတို့သာ ကျောင်းပြီးသွားရင် ဒီကဲန်တင်းတော့ အထီးကျန်ဖြစ်တော့မယ်"

"နောက်ကျောင်းသားတွေ အဆက်မပြတ် လာနေမှာပဲကွာ . . .





ဘာမှမထူးခြားပါဘူး ဝကြီးရာ"

"မင်း ဘာမှမသိဘူး ထူးမင်းထက် . . . တို့လို လေပေါ၊ ရေနွေးများများသောက်၊ လက်ဖက်ရည်တစ်ခွက်ကို အားလုံးမျှသောက်တဲ့လူမျိုး ဒီကဲန်တင်းမှာ ရှိတော့မှာမဟုတ်ဘူး"

"အားမငယ်နဲ့ . . . မျိုးဆက်သစ်တွေက တို့ထက်အခြေအနေ ပိုဆိုးတယ်၊ ကော်ဖီမစ်တစ်ထုပ်ကို လမ်းကဝယ်လာပြီး ကဲန်တင်းက ရေနွေးနဲ့ ဖျော်သောက်မယ့်ကောင်တွေ ရှိလာဦးမှာ"

"ဝမ်းသာတယ်ကွာ"

"ဟေ . . . ဘာလို့လဲ"

"တို့သမိုင်းက သူတို့ထက် ပိုလှမှာပေါ့ကွ"

"တော်ကြပါတော့ . . . နင်တို့ရဲ့ ငမွဲဇာတ်လမ်းတွေ နားညည်းတယ်၊ မနက်ဖြန်ညနေ ငါ့အိမ်ကို အကုန်လာကြ"

"လာမှာပါ . . . လက်ဆောင်တော့ ယူမလာရဘူးမဟုတ်လား၊ ယူလာရင် နင်စိတ်ဆိုးမှာ ကြောက်တယ်"

ဝကြီးက ပြုံးဖြီးဖြီးနဲ့ပြောတော့ . . . ရွှေဝသုန်က အားလုံး တစ်ချက်လွှတ်အမိန့် ချလိုက်တယ်။

"မရှိ ရှိတာ ယူခဲ့ . . . ဒါပဲ၊ လက်ဆောင်မပါရင် ခြံဝမှာပဲ စားရမယ်"

"ငါ့ဆီမှာ ဝက်ပဲရှိတယ် . . . နင့်ကို မွေးနေ့လက်ဆောင်အဖြစ် ဝက်တစ်ကောင်ပေးမယ်"

"အကောင်ကြီးလား"

"ငါ့လောက်ရှိတယ်၊ အထီး . . . လူပျို . . . အဲ . . . ဝက်ပျို"

"ရတယ် . . . အထီးပဲဖြစ်ဖြစ်၊ အမပဲဖြစ်ဖြစ် ပေါ်စားမယ်၊ အကုန်ရင် ရပ်ကွက်ထဲ လှည့်ရောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သော်ဇော် . . . မင်း နောင်ရေးစိတ်ချရပြီ၊ ဝသုန်က လိုအပ်ရင် မင်းကို ဝက်သားရောင်းကျွေးမှာ"

"ဝက်သားတော့ မရောင်းနိုင်းချင်ပါဘူး ဝကြီးရယ်"

"ဘာနိုင်းမလဲ"

"ဆိုက်ကားနင်းနိုင်းမယ်၊ သူတို့ မြောက်ဒဂုံက ဆိုက်ကားနင်းတာ အလုပ်ဖြစ်တယ်"

"သော်ဇော်"

ရွှေသုန့်အသံက ကျယ်လောင်စွာ ထွက်လာတယ်။ သော်ဇော်က မျက်နှာငယ်လေးနှင့် . . .

"ပြောလေ ဝသုန် . . . ငါဘာကူညီပေးရမလဲ"

"ငါ ဆိုက်ကားနင်းရင် နင်ဘာလုပ်မလဲ"

"ကလေးမွေးမယ် . . . အဲ . . . ကလေးထိန်းမယ်၊ ထမင်းချက်မယ်၊ ဟင်းချက်မယ်၊ ပြန်လာရင် နင်မူးမလာနဲ့နော် ဝသုန် . . . မိဘအိမ် ဆင်းသွားမှာ"

သော်ဇော်စတာကို ဝသုန်က ဒေါသဖြစ်ပြီး မျက်နှာနီရဲလာကာ

"ငါ့လုပ်စာကို တော်တော်စားချင်တယ်ပေါ့"

"အေးပေါ့ဟ"

"အဲဒီလိုဆိုရင် နောက်နေ့ကစပြီး ကျောင်းလာရင် ပါးကွက်ကွက် ပန်းပန်လာခဲ့"

"အင်း ပါ"

'ဟား . . ဟား . . ဟား'

သော်ဇော်က နွဲ့ပြီး ဝသုန့်စကားကို ခေါင်းညိတ်တော့ အားလုံး ဝိုင်းရယ်ကြတယ်။ သော်ဇော်နှင့် ဝသုန် ချစ်သူတွေသာ ဖြစ်လာတယ် . . . အခေါ်အဝေါ်၊ အပြောအဆိုက မပြောင်းလဲခဲ့ဘူး။





သော်ဇော်က တခြားချစ်သူတွေလို နေထိုင်ပြောဆိုချင်ပေမယ့် ဝသုန်က ခွင့်မပြုခဲ့ဘူး။

"ဝသုန် . . . မွေးနေ့လုပ်မှာက ညနေပိုင်းဆိုတော့ မနက်ပိုင်း ဘုရားသွားပါလား . . . ငါလိုက်ပို့မယ်"

"အမေနဲ့ သွားဖို့ပြောပြီးပြီ . . . သော်ဇော်"

"နင်နဲ့ငါက ချစ်သူတွေပဲ ဝသုန်ရယ် . . . တစ်ခါတလေ သွားဖို့ လာဖို့ အခွင့်အရေးပေးပါလား"

"ငါမှ ဝါသနာမပါတာ"

"ဝါသနာပါမှ သွားလို့ရမှာလား ဝသုန်ရယ် . . . ချစ်သူဘဝဟာ ဘယ်လောက် ရင်ခုန်စရာကောင်းလဲ၊ မိုးရေထဲ ထီးအတူ ဆောင်းလျှောက်၊ ရုပ်ရှင်ကြည့်၊ ဘုရားသွား . . . ငါ့မှာ ဒီအခွင့်အရေး ဘာမှမရဘူး"

သော်ဇော်က သူ့ရင်က ခံစားရတာတွေ အန်ကျလာတယ်။ ဝသုန်ကတော့ ခပ်တည်တည်ပဲ။

"အဲဒီလို နေချင်ရင် တခြားကောင်မလေးတစ်ယောက်ကို သွားကြိုက်ပါလား . . . ငါက နတာ မကြိုက်ဘူး"

"ဟုတ်တယ် သော်ဇော် . . . ဝသုန် ကြမ်းတာ မင်း သိရဲ့သားနဲ့ကွာ"

ဝကြီးက သော်ဇော်စိတ်ပြေအောင် ဝင်ပြောပေမယ့် သော်ဇော်ကတော့ . . .

"နွေးထွေးတဲ့မေတ္တာတရားနဲ့ သန့်ရှင်းတဲ့အချစ်ကို ပိုင်ဆိုင်တဲ့လု တိုင်းဟာ ချစ်သူနဲ့အတူတူ မြင်မြင်သမျှကို အလှပဆုံးဖြစ်အောင် ကြည့်ချင် ကြတာပေါ့ကွာ"

"မြင်မြင်သမျှကို အလှပဆုံးကြည့်ချင်ရင် . . . ပန်းခြံသွား၊ အတွဲ သွားချောင်း"

www.burmeseclassic.com



“ချောင်းစရာလိုလို့လား ဝသုန်၊ ငါက သူများချောင်းတာကို ခံချင်တာ … အခုတော့ လူတွေက ချောင်းစရာမလိုဘဲ ရှင်းရှင်းကြီးကို မြင်နေကြတယ်”

“နင် … နောင်တရနေတာလား သော်ဇော်”

အားလုံးက သော်ဇော့်ခံစားမှုကို တနာတွာနဲ့ အသံတိတ်နေတယ်။ ဝကြီးတောင် မစတော့။

“နင့်ကိုချစ်လို့ ချစ်မိတဲ့နောင်တ … ငါ ဘယ်တော့မှ မရဘူး ဝသုန် … ဘာလို့လဲဆိုတော့ နောင်တမရှိတဲ့အချစ်နဲ့ ချစ်ခဲ့လို့ပဲ …၊

ကောင်းကင်မှာ လသာတာ ဘယ်အတွက်ကြောင့်ပဲ သာသာ … လသာတယ်ဆိုတဲ့ အသိနဲ့တင် ကျေနပ်နေတဲ့ ငါ့ကို တိမ်တိုက်ရဲ့ မိုက်မဲမှုတွေနဲ့ မှောင်ကျသွားမယ့်အချိန်တွေ ရောက်မလာပါစေနဲ့လို့ ဆုတောင်းနေရတယ် … ဝသုန်”

“သော်ဇော် … နင့်ဒိုင်ယာလော့တွေ အရမ်းကောင်းတာပဲ၊ နင် ညဘက် တီဗွီကလာတဲ့ကိုရီးယားကားတွေ ကြည့်လား”

“ကြည့်ပါတယ်”

“ဒါကြောင့် နင့်စကားလုံးတွေ ပြောင်မြောက်နေတာ၊ နင့်ကို ပြန်ပြောနိုင်အောင် ငါလည်း ဒီညကစပြီး ကိုရီးယားကားတွေ ကြည့်တော့မယ်”

သော်ဇော် ဝသုန့်ကို ပြုံးပြလိုက်တယ် … နာနာကျင်ကျင်နဲ့ပါ။ ဝသုန်ကတော့ သူ့ကို လျှာထုတ်ပြလိုက်တယ်လေ။

ဒါပါပဲ …။

ဘယ်လိုပဲဖြစ်ဖြစ်ပါ … သော်ဇော့်ရင်က အချစ်တွေ ဝသုန့် အပေါ် လျော့ပါးစေခြင်းမရှိခဲ့ပါလေ။

မြတ်နိုးတွယ်တာစွာနဲ့ ချစ်ရတဲ့ ဝသုန့်ရဲ့ရင်မှာ သူ တကယ်ရှိရဲ့





လားလို့ တစ်ခါတလေ တွေးမိပေမယ့် …

စွဲလမ်းလွန်းတဲ့ အချစ်စစ်စစ်တွေနဲ့မို့ ထာဝရပိုင်ဆိုင်ခွင့်ကိုသာ မျှော်လင့်နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မွေးနေ့ပွဲတွင် လူက စုံနေပြီ။

ထူးမင်းထက်က အခုထိ ရောက်မလာသေးသောကြောင့် ...

ရွှေဝသုန်က တမျှော်မျှော် ဖြစ်နေတယ်။

"သော်ဇော် ... မနေ့က ထူးမင်းထက် နင့်ကို ဘာပြောသေးလဲ"

"ဘာမှမပြောပါဘူး ... ဒီကောင်ကလည်း နောက်ကျလိုက်တာ"

"ဖုန်းဆက်ကြည့်ပါလား"

"ခုန ဆက်ကြည့်သေးတယ် ... သူတို့အိမ်နားက ဖုန်းလိုင်းမမိဘူးဖြစ်နေတယ် ဝသုန်"

"ခက်တာပဲ"

ရွှေဝသုန် ညည်းညူရင်း ခြံဝထွက်ကြည့်လိုက်၊ ပြန်ဝင်လိုက် လုပ်နေတယ်။ သူတို့ ခြံကျယ်ကျယ်လေးထဲမှာ စားပွဲခုံရှည်ကို သပ်ရပ်စွာချထားပြီး ပန်းကန်၊ ဇွန်း စတာတွေကို အဆင်သင့် တင်ထား၏။

စားပွဲထိပ်မှာ လုပသောမွေးနေ့ကိတ်ကို တင်ထား၍ ကိတ်မုန့်ပေါ်တွင် ဖယောင်းတိုင်ငယ်များကို ရွှေဝသုန်သက်စေ့ အတိုင်းနှစ်ဆယ် ဖိုက်





ထားတယ်။

"ထူးမင်းထက်ဆိုတဲ့ကောင်က ဘာလုပ်လုပ် နောက်က အမြဲ အေးဆေးဆိုတာချည်းပဲ၊ ငါက ဗိုက်ဆာနေပြီ ... သူ မပါလည်း စတော့ဟာ"

"ဝကြီး ... ဘယ်လိုဖြစ်နေလဲ၊ ပြီးမှ သေအောင်စား ... ထူးမင်းထက်လာမှပဲ စမယ်"

"ဟုတ်သားပဲ ဝကြီးရယ် ... ရှိတဲ့သူငယ်ချင်းမှ ငါးယောက် ... တစ်ယောက်မလာသေးဘဲ စရင် ဘယ်ကောင်းမလဲ"

"အေးမာ ... နင်က အိမ်နောက်ဖေး ဝင်ဝင်မြည်းနေတော့ ဗိုက်ဘယ်ဆာမလဲ၊ ငါ မနက်ကတည်းက ဘာမှစားမထားဘူး ဝသုန်ကုသိုလ်ရအောင် စားမလို့ ... ငါ ဗိုက်ကို အလိုမလိုက်ထားဘူး"

"ဆယ်မိနစ်ထပ်စောင့်မယ်"

"ကောင်းတယ် ဝသုန်"

ရွှေဝသုန် စိတ်မောလာသည်။ သော်ဇော်က ထူးမင်းထက်တို့ အိမ်နားသို့ သူ့ဟမ်းဖုန်းနှင့် အကြိမ်ကြိမ် ဆက်ကာခေါ်နေ၏။ အချိန်က တဖြည်းဖြည်းနှင့် ဆယ်မိနစ်ပြည့်လာရာ ...

"ဝသုန် ... ဆယ်မိနစ်ပြည့်ပြီ"

"အေး"

'တူ .. တူ .. တူ ..'

သော်ဇော့်ဖုန်းကို ဖုန်းဝင်လာသဖြင့် သော်ဇော် ဖုန်းကိုနှိပ်ကာ

"ဟဲလို ... သော်ဇော်ပါ"

"..........."

"ဟုတ်ကဲ့ ... ပြောပါ"

"...........



www.burmeseclassic.com

“ဟင် … အခု ဘယ်မှာလဲ”

“…………”

“ဟုတ်ကဲ့ … ကျွန်တော် လာခဲ့ပါမယ်”

“…………”

“စိတ်ချပါ”

သော်ဇော် ဖုန်းပိတ်လိုက်ပြီး မျက်နှာက သိပ်မကောင်း။ ရွှေဝသုန်က သော်ဇော့်ကို ကြည့်ပြီး …

“ဘယ်ကဖုန်းလဲ”

“ကဲပါ … နင့်မွေးနေ့ပွဲ စရအောင်”

“ကောင်းပြီလေ … ငါ့မွေးနေ့ပွဲကို မလာတဲ့ ထူးမင်းထက်… ငါ့သူငယ်ချင်းအဖြစ် ယာယီ ရပ်ဆိုင်းလိုက်မယ်”

စားပွဲပေါ်က မွေးနေ့ကိတ်တွင် ဖယောင်းတိုင်များ ထွန်းလိုက်ကြပြီးသောအခါ အားလုံးက …

“Happy Birthday … to You”

ပြိုင်တူ ဝိုင်းဆိုလိုက်ကြပြီး … လက်ခုပ်တီးကာ ဖယောင်းတိုင်မီးများကို ဝိုင်းမှုတ်လိုက်ကြ၏။

“ငါတို့သူငယ်ချင်း ရွှေဝသုန် … ပျော်ရွှင်မှုတွေ အမြဲရပါစေ”

“ကျေးဇူးပဲ ဝကြီး”

“ရော့ … နင့်အတွက် မွေးနေ့လက်ဆောင်”

ပါကင်စက္ကူနှင့် ကျကျနနထုပ်ထားသော မွေးနေ့လက်ဆောင်ကို ဝကြီးက ရွှေဝသုန့်ကို ပေးလိုက်သည်။ အေးမာက …

“ရော့ … ဝသုန်”

“ဟယ် … မွေးပွခွေးရုပ်လေး။ ငါ အဲဒီ့အရုပ်ကလေးတွေကို သိပ်ချစ်တာ”





ရွှေဝသုန် … အေးမာပေးတဲ့ ခွေးရုပ်လေးကို ရင်ဘတ်ထဲ ထွေးထားလိုက်၏။

သော်ဇော်က …

“ဝသုန် … ဒါ ငါ့လက်ဆောင်”

“ဟင် … ဘာလဲ”

“စိန်လက်စွပ်လေ”

“တန်ဖိုးရှိပြီး ဈေးကြီးတာ ငါမလိုချင်ပါဘူး”

“ဘယ်ဟုတ်မလဲ ဝသုန် … နင့်လက်စွပ်ကို ငါယူထားတယ် မဟုတ်လား”

“အကြွေးနဲ့ သိမ်းထားတာပါ”

“ထားပါတော့ … ငါ နင့်လက်စွပ်ကို အမြဲဝတ်ထားမယ်၊ ငါ ပေးတဲ့လက်စွပ်ကိုလည်း နင်ယူထားလိုက်ပေးပါ၊ နင့်လက်မှာ စွပ်ကြည့်မယ်”

ပလက်တီနမ်ဖြင့် ကွပ်ထားသော စိန်လက်စွပ်ကို ဝသုန့်လက်သူကြွယ်တွင် စွပ်ကြည့်ရာ … ကွက်တိဖြစ်နေသည်။

“လက်စွပ်က ငါ့လက်နဲ့ ကွက်တိပဲ”

“နင့်လက်စွပ်အတိုင်း လုပ်ထားလို့ပါ ဝသုန်”

“ကဲ … စားလို့ရပြီလား … ဗိုက်ဆာနေပြီ”

“နေဦး … နင်ပေးတဲ့လက်ဆောင်ကို ဖွင့်ကြည့်ဦးမယ်”

ရွှေဝသုန် ဝကြီးပေးသည့် ပါကင်ထုပ်ကို ဖွင့်ကြည့်လိုက်ရာ…

“ဟင် … ဝက်ရုပ်လေးပါလား”

“အထင်မသေးနဲ့ … ငါ့ဝက်က စကားပြောတတ်တယ်၊ ကြည့်နေ … ငါလုပ်ပြမယ်”

ဝက်ရုပ်ကလေးဗိုက်အောက်မှ သံပတ်ပေးရသည့် မောင်းတံကို

www.burmeseclassic.com



လှည့်ကာ အောက်သို့ချပေးလိုက်ရာ ဝက်ရုပ်လေးမှ . . .

"ဗိုက်ဆာတယ် . . . ဗိုက်ဆာတယ်"

"ဟာ . . . ဝကြီး . . . နင့်အရုပ်က နင့်အတိုင်းပဲ"

"ဒါမှ ဝသုန် . . . ငါ့ကို အမြဲသတိရမှာပေါ့ အေးမာရဲ့"

"နင့်ကို သတိမရချင်ဘူး . . . တော်ကြာ ရောဝတီတစ်တိုင်းလုံး ဝယ်နေရဦးမယ်"

"ဘာလို့"

"သဘော်နဲ့ထမင်းချက်တဲ့ နင်တို့ . . . စားဖို့ ရောဝတီတစ်တိုင်း လုံးက ထွက်တဲ့ဆန်နဲ့မှ လောက်ပါ့မလား"

"အင်"

ဝကြီး နင်သွားတယ်။ ဒါတောင် . . . မွေးနေ့ပွဲက အစားတွေကို မစားရသေးဘူး။ အဲဒီနောက် . . .

"ကဲ . . . စားမယ့်အစီအစဉ် စမယ်"

"အကောင်းဆုံးပဲ"

အေးမာနှင့် ရွှေဝသုန်က မုန့်ပွဲတွေ ပြင်ပေးရင်း . . .

"ဝသုန် . . . ဘာလို့ ငါးပွဲပြင်တာလဲ"

"ထူးမင်းထက် မလာလည်း သူနေရာမှာ မုန့်ပွဲထားမယ်လေ . . . အသိအမှတ်ပြုတဲ့ သဘောပေါ့"

"နင် . . . ထူးမင်းထက်ကို သံယောဇဉ် အရမ်းကြီးတယ်နော်"

အေးမာက ဝသုန်ကို တိုးတိုးကပ်ပြောတယ်။

"ငါ့အတွက် ထူးမင်းထက်ဟာ နေရာတိုင်း အရေးပါနေတယ် အေးမာ၊ ဒါပေမဲ့ . . ."

အေးမာကို သူပြန်ပြောတာလည်း တိုးတိုးပါ။ ဝကြီးနဲ့ သော်ဇော်က သူတို့ ဘာပြောတာလဲဆိုတဲ့ စူးစမ်းတဲ့အကြည့်နဲ့ လှမ်းကြည့်ပြီး





"ငါ့အတင်းမပြောနဲ့နော် . . . ငါ အပြတ်ဆွဲမှာ"

"စားပိုးနင့်ပြီး သေရင် . . . နင့်ကို ပေါ်စားမယ်"

"ရတယ် . . . ကြိုက်သလိုသာ ပြော"

ဝကြီးက ကြက်သားပလာတာ တစ်ပွဲပြီးတစ်ပွဲ စားလိုက်၊ လိုက် တောင်းလိုက်နှင့် . . . အလျဉ်မမီ ဖြစ်နေတော့တယ်။

"နင်တို့နားက သူငယ်ချင်းတွေ မလာကြဘူးလား"

"ငါ မဖိတ်တော့တာ၊ တော်ကြာ . . . ဝကြီးကိုမြင်ပြီး ကြိုက်သွားမှ ါ မျက်နှာပူနေရဦးမယ်"

"ရပါတယ် ဝသုန်ရယ် . . . ဝကြီး အသည်းကြီးပါတယ်၊ ဘယ်န ယောက်ပဲဖြစ်ဖြစ် မျှချစ်လို့ရတယ်"

"ကြိုက်သွားမယ်ဆိုတာ ငါတို့နားက ငါဖိတ်မယ့်သူငယ်ချင်းက က်သားရောင်းတယ်၊ နင့်လို ဝဖီးနေတဲ့ပုံဆို ချိန်စရာတောင် မလိုဘူး . အချိန်ကို တန်းပြောလို့ရတယ်"

"ဝကြီးက ချစ်တတ်တယ်၊ အသားပဲ ပေးရပေးရ၊ အသွေးပဲ းရ ပေးရ၊ အချစ်အတွက်ပဲ . . . ပေးလိုက်မယ် . . . ကြိုက်တာ ယူစမ်းပါ ၊ တစ်ခုတော့ ရှိတယ် . . . ငါက လပြည့်လကွယ်ပဲ ရေချိုးတာ"

"ဟယ် . . . ညစ်ပတ်လိုက်တာ"

အေးမာက နှာခေါင်းရှုံ့ပြီး ဝကြီးကိုပြောတော့ ဝကြီးက သူ့ရဲ့ ဇ်ပုဒ်တွေအတွက် ဂုဏ်ယူနေသည်။

"အချစ်အတွက် ဒီခန္ဓာကိုယ်ကို ဘယ်လို ပေးဆပ်ရ ပေးဆပ်ရ ုံးဝ မတွန့်ဟိုဘူး"

"တော်တော့ ဝကြီး . . . ငါ့သူငယ်ချင်းတွေ မဖိတ်မိတာ သူတို့ ကောင်းတယ်၊ အချစ်အတွက် နင့်ခန္ဓာကိုယ်ကို ထိန်းထားစရာ မလိုဘူး

အချစ်မတွေ့ခင် နင်သေရင် သင်္ချိုင်းစက်က လူတွေ ငိုသည်းနေ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ အခေါင်းလည်း မဆန့်၊ မီးစက်ထဲလည်း မဝင်၊ မသေခင်လည်း ပုပ်၊ သေတော့လည်း နံနဲ့ အားလုံး ဒုက္ခရောက်မယ်''

ရွှေဝသုန်ရဲ့ ပျစ်ပျစ်နှစ်နှစ် နှိုပ်ကွပ်တာကို သွားဖြဲလေးနဲ့ နား ထောင်နေတဲ့ ဝကြီးက . . .

''နောက်တစ်ပွဲလုပ်ဦး အေးမာ''

''ကုန်ပြီ''

''လုပ်ပါဟာ . . . နင်က အိမ်ရှင်မကောင်းတစ်ယောက်ဆိုတာ နင့်လက်ကဝဲတွေ ကြည့်တာနဲ့တင် သိနိုင်ပါတယ်၊ ငါ ဈေးဖိုး ပံ့ပိုးမှန်ပေးရ ပါ''

''ဘာ . . . ငါ့လက်က ဝဲတွေမဟုတ်ဘူး . . . မိတ်တွေ''

''မရှက်ပါနဲ့ဟာ . . . ဝဲပေါက်တာ ရှက်စရာမဟုတ်ပါဘူး၊ ညဘက်အိပ်ရင် ဝဲလေးတွေကုတ်ပြီး စိတ်ကူးယဉ်တဲ့ဖီးလ်က အရမ်းကောင်း တယ် . . .၊

ငါတောင် ဝဲပေါက်ချင်လို့ နင့်ဆီ သင်တန်းလာတက်ဦးမယ်''

'ဒေါင်'

အေးမာလက်က မြန်တယ်။ စားပွဲပေါ်က စတီးဇွန်းနဲ့ ဝကြီး ခေါင်းကို ထထုလိုက်တာ . . . အသံက ဝကြီးလေသံထက် ပိုကျယ်သွား တော့တယ်။

''ပေါက်ကရ လျှောက်ပြောတဲ့ကောင် . . . ခံရပြီမဟုတ်လား''

သော်ဇော်က ပြောလိုက်ရာ . . .

''အိမ်ထောင်ရေးဆိုတာ ဒီလိုပဲကွ . . . ဘက်ညီတာ ရှားတယ် သည်းခံရတာပေါ့ကွာ''

''ဝကြီး . . . ရေ''

''ဟေ''





''နောက်တစ်ချက် လာပြီ''

'ဒေါင်'

အေးမာလက်သံက ယခင်ထက် ပိုပြောင်တယ်။ ဝကြီး ဒီတစ်ခါ ဘာသံမှ ထွက်မလာတော့ဘူး။ သူ့ရှေ့က ကြက်သားပလာတာပွဲကို ဆက် စားလို့သာ နေတော့တယ်။

အားလုံး စားလို့သောက်လို့ပြီးတော့ သော်ဇော်က . . .

''ဝသုန်''

''ဟင်''

''နင့်မွေးနေ့မှာ ငါမပြောချင်ပေမယ့် ပြောမှဖြစ်မယ့်စကား ပြော မယ်''

''ဘာလဲ . . . အထူးအဆန်း''

သော်ဇော် ပြောဖို့ အရှိန်ယူနေရသည်။ မျက်နှာကလည်း မကောင်း။ ရွှေဝသုန်က သော်ဇော် ဘာပြောမလဲ ကြည့်နေတယ်၊ ဝကြီးနဲ့ အေးမာ အသံကလည်း တိတ်နေတယ်။

''ထူးမင်းထက်''

''ဘာဖြစ်လဲ . . . ဒီကောင် ငါ့မွေးနေ့တောင် မလာဘူးလေ''

''သူ . . . မယ်လမုဘုရားရှေ့မှာ ညနေက ကားတိုက်ခံရလို့တဲ့''

''ဘာပြောတယ်''

ရွှေဝသုန့်အသံက ကျယ်လောင်စွာ ထွက်သွားတယ်။ ဝကြီးနဲ့ အေးမာတို့လည်း ရုတ်တရက် ကြောင်သွားကြတယ်။

''မင်းကို ဘယ်သူပြောတာလဲ သော်ဇော်''

''ခုန ဖုန်းလာတာ၊ သူ့အစ်မ ငါ့ကို လှမ်းပြောတာ''

''နင် ဘာလို့ ချက်ချင်း ငါ့မပြောတာလဲ သော်ဇော်''

''နင့်မွေးနေ့ပွဲ ပျက်သွားမှာစိုးလို့ပါ ဝသုန်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် သေရေးရှင်ရေးဟာ ... လာ သော်ဇော် ... ထူးမင်းထက်ဆီ သွားမယ်၊ အခြေအနေဘယ်လိုလဲ ... စိုးရိမ်ရလား"

"အင်း"

"ရှင်းရှင်းပြောစမ်း သော်ဇော် ... ထူးမင်းထက် အသက်ရှင်ရဲ့လား"

"မြောက်ဥက္ကလာဆေးရုံက အရေးပေါ်ဌာနမှာ"

အရူးတစ်ယောက်လို ဖြစ်နေတဲ့ ရွှေဝသုန် ... အိမ်ထဲသို့ ပြေးဝင်သွားပြီး သူ့မိဘများကိုခွင့်တောင်းကာ ပြန်ထွက်လာတယ်။

"လာ ... သွားကြရအောင်၊ အေးမာ ... နင်ပါ လိုက်ခဲ့"

"အေး ... လိုက်မယ်"

"ငါလည်း လိုက်မယ်"

ဝကြီး၊ အေးမာနှင့် ရွှေဝသုန်တို့ ... သော်ဇော့်ကားနှင့် မြောက်ဥက္ကလာဆေးရုံသို့ လာခဲ့ကြသည်။

စိတ်စောနေ၍လား မသိ ... ခရီးက တော်တော်နှင့်မရောက်နိုင်။

"အေးမာ ... နင့်အိမ်ကို ဖုန်းဆက်လိုက်ပါလား ... မိုး အရမ်းချုပ်နေရင် ငါတို့လိုက်ပို့မယ်လို့"

"အေး ... ငါပြောလိုက်မယ်"

"ဖုန်း ... ရော့"

သော်ဇော့်ဆီက ဖုန်းကို အေးမာကို လှမ်းပေးလိုက်သည်။ ဘုရားစာများကို အကြိမ်ကြိမ်ရွတ်ပြီး ထူးမင်းထက် ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းနေမိ၏။

မျက်လုံးထဲမှာလည်း ထူးမင်းထက်ရဲ့ပုံရိပ်တို့က လွှမ်းမိုးလို့နေကာ ... သူ့ရင်မှာ အလွန်ပူလောင်လှပေမယ့် လွတ်လပ်စွာ မကျရဲတဲ့ မျက်ရည်တွေက သော်ဇော့်ကို အားနာနေတယ်။





ငါ ... ဘယ်လို ကြေကွဲရမလဲ ထူးမင်းထက်ရယ်။

ငါ့ရင်က နှလုံးသားကို နင် အစကတည်းက ဆွဲထုတ်ယူသွားခဲ့တာပါ။ ဘယ်နေရာမှ ပထမ,မရခဲ့တဲ့ နင့်ကို ငါကတော့ ထိုက်ထိုက်တန်တန် နေရာပေးခဲ့ပေမယ့် ...

နင် မယူခဲ့တာလား ...

ဒါမှမဟုတ် ...


မယူချင်တာလားလို့ ...

ငါ မေးခွင့်ရချင်လို့ပါ ထူးမင်းထက် ... ရယ်။



www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁၃)

ဆေးရုံအရေးပေါ်ဌာနရောက်တော့ ထူးမင်းထက်အမေနှင့် အစ်မလူနာစောင့်သည့်ထိုင်ခုံတွင် ထိုင်နေရာ . . . သူတို့ဝင်လာတာကို တွေ့သဖြင့် ထူးမင်းထက် အစ်မက . . .

"လာ . . . ထူးမင်းထက်ကို အရေးပေါ်အခန်းမှာ အော်ပရေးရှင်းလုပ်နေတယ်"

"အခြေအနေကောင်းရဲ့လား မကြီး"

"မပြောတတ်သေးဘူး သော်ဇော် . . . အမေနှင့် မကြီးကတော့ စိတ်ပူလွန်းလို့ ငိုလိုက်ရတာ . . . ဘာမှလည်း လာမပြောကြဘူး . . . ဟင့် . . . ဟင့်"

ထူးမင်းထက်အစ်မက ပြောပြီးငိုလေရာ . . . သော်ဇော်တို့လည်း လွန်စွာ စိတ်မကောင်းဖြစ်ကြသည်။

အေးမာက မျက်ရည်ဝဲနေ၏။ ရွှေဝသုန်က သူ့ပါးပေါ် လိမ့်ဆင်းလာတဲ့ မျက်ရည်တွေကို မသုတ်ဘူး။ အံကို တင်းတင်းကြိတ်ပြီးထားတယ်။

သော်ဇော်က . . . ထူးမင်းထက် အမေနှင့် အစ်မကို . . .

www.burmeseclassic.com



"အရမ်းလည်း စိတ်မပူပါနဲ့ ... လိုအပ်တာမှန်သမျှ ကျွန်တော် အကုန်လုပ်ပေးမယ်"

"အဒေါ်မှာ သားဆိုလို့ သူတစ်ယောက်ပဲ ရှိတာပါ၊ အဒေါ့်သား လေး ဘာမှမဖြစ်ပါစေနဲ့လို့ပဲ အဒေါ်ဆုတောင်းနိုင်တယ်"

ပြောလည်းပြော၊ ငိုလည်းငိုလေရာ ... သော်ဇော် ဘေးနား ဝင်ထိုင်ပြီး ထူးမင်းထက်အမေကို ဖြေသိမ့်နေ၏။

"သော်ဇော် ... တာဝန်ခံဆရာမရုံးခန်း ဘယ်နားမှာလဲ ... ငါသွားတွေ့မယ်"

"ဝသုန် ... စိတ်ထိန်းဟာ၊ ဒါ ဆေးရုံ ... နင် စိတ်မြန်တိုင်း လိုက်လုပ်လို့မရဘူး"

"သော်ဇော်ပြောတာ မှန်တယ်သူငယ်ချင်း ... နင် စိတ်ကို ငြိမ် ငြိမ်ထား"

အေးမာက ရွှေသုန့်လက်ကို ကိုင်ပြီး အားပေးတယ်။ အဲဒီအချိန် မှာ ...

တာဝန်ကျဆရာမတစ်ဦး သူတို့ရှေ့ကို လျှောက်လာတာကို မြင် တော့ ဝကြီးက ...

"ဆရာမ ... ကားတိုက်ခံရတဲ့ လူနာအခြေအနေ သိချင်လို့ပါ"

"အော်ပရေးရှင်း ပြီးတော့မှာပါ ... အသက်အန္တရာယ်အတွက် မစိုးရိမ်ရဘူး"

"ကျေးဇူးပါပဲ ဆရာမ"

ဆရာမရဲ့စကားကြားမှ အားလုံး သက်ပြင်းချလိုက်နိုင်တယ်။ ဝသုန်လည်း ထိုင်ခုံမှာ ထိုင်ချလိုက်ပြီး ... မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ အုပ်ထားလိုက်သည်။

"ဒီနေ့ ... ဝသုန့်ရဲ့ မွေးနေတဲ့၊ မွေးမနေ့ပွဲမသွားခင် ဘုရားမှာ





ဝသုန့်အတွက် ဆီမီး၊ ရေချမ်း၊ ပန်းကပ်ပေးမယ်ဆိုပြီး လေးနာရီလောက်က ထွက်သွားတာ၊ အပြန် မိုးချုပ်မယ်လို့လည်း ပြောသွားတယ် ...၊

ညနေ ခြောက်နာရီလောက်ရောက်တော့ အိမ်ကို ရဲဝန်ထမ်းတစ် ယောက် ရောက်လာပြီးပြောလို့ ... သော်ဇော့်ဆီ ဖုန်းဆက်ပြီး ဆေးရုံ တန်းပြေးလာတာ"

"ဟုတ်ကဲ့"

ထူးမင်းထက်အမေ ... ဒေါ်ဖြူအိစကားကြောင့် ရွှေသုန် ရင်နင့် သွားတယ်။ သူ့အတွက် ဘုရားမှာသွားလှူရင်း ထူးမင်းထက် ကားတိုက်ခံ ရတာ ဆိုတော့ ...။

"သားကလေ သူ့သူငယ်ချင်းတွေပေါ် သိပ်ချစ်တာ၊ သော်ဇော့်ကို လည်း ကားမောင်းတာ စိတ်မချဘူး အိမ်မှာ အမြဲပြောတယ် ... သော်ဇော့် ကျေးဇူးတွေ သူ့မှာ တစ်ပုံကြီးတဲ့ ...၊

ဝသုန့်ကိုဆိုလည်း ဘာလုပ်လုပ် ... အကောင်းပဲ မြင်တယ်၊ ဝသုန်က စွာပေမယ့် စိတ်ရင်း သိပ်ကောင်းရှာတာလို့ အမြဲပြောတာ၊ ဝသုန့်ကို မွေးနေ့လက်ဆောင်ပေးဖို့ ဘုရားမှာ ဖိုးဝရုပ်ဝယ်သွားမယ်လို့ အဒေါ့်ကို ပြောသွားသေးတယ်"

"တော်ပါတော့ အဒေါ်ရယ်"

ဝသုန် ဆက်မကြားချင်တော့။ ထူးမင်းထက် ... သူနှင့် သော် ဇော့်အပေါ် ဘယ်လောက် အနစ်နာခံလဲဆိုတာ သူ အသိဆုံးပဲမဟုတ်လား။

နေရောင်အောက်ကို မခေါ်ချင်တဲ့ ချစ်သူဟာ ... သူကိုယ်တိုင် နေပူခံပြီး အေးမြတယ်ထင်တဲ့ အရိပ်တစ်ခုဆီကို တွန်းပို့ပေးခဲ့ပေမယ့် ... ခံစားမှုနဲ့ လူဖြစ်နေတဲ့ဘဝကို မေ့လျော့တာလားလို့ သူမေးလိုက် ချင်သည်။

ဒါပေမဲ့ ... ဘယ်လို မေးခွင့်ရှိမှာလဲ။ ချစ်သူရဲ့ရင်ထဲက သိတတ်



www.burmeseclassic.com

www.burmeseclassic.com



လွန်းတဲ့ ကျေးဇူးတရားတွေကို ဘယ်လို ထုတ်ပေးရမလဲ။

အော်ပရေးရှင်းအခန်းတံခါးပွင့်လာတော့ . . . အားလုံး အပြေးအလွှားထပြီး သွားကြည့်တယ်။ အခန်းထဲမှ တာဝန်ရှိဝန်ထမ်းနှစ်ဦးက လက်တွန်းလှည်းကို တွန်းကာ . . . ထူးမင်းထက်ကို အပြင်သို့ ထုတ်ယူလာသည်။

ခေါင်းတွင် ပတ်တီးကိုစည်းထားပြီး ခြေထောက်တစ်ဖက်တွင်လည်း ကျောက်ပတ်တီးစည်းထား၏။ ထူးမင်းထက်ကတော့ သတိမရသေး။

"လူနာရှင်လား"

"ဟုတ်ပါတယ်"

"လူနာကို အဆောင်ထဲကို ပို့မယ် . . . အခေါ်တို့ လိုက်ခဲ့ကြပါ"

"ဟုတ်ကဲ့"

ထူးမင်းထက်ကို တွန်းသွားသော လှည်းနောက်သို့ လိုက်ကာ အဆောင်သို့ရောက်လာ၏။ ခုတင်လွတ်တစ်လုံးပေါ် မ,တင်ပေး၊ ဆေးပိုက်များကို တိုင်တွင်ချိတ်ပေးပြီးနောက် ဝန်ထမ်းက . . .

"အခြေအနေကောင်းပါတယ် . . . လောလောဆယ် သတိရမှာ မဟုတ်သေးဘူး။ စိုးရိမ်စရာလည်း မရှိဘူးလို့ ဆရာဝန်ကြီးက မှာလိုက်တယ်"

"ကျေးဇူးပါပဲ"

ဝန်ထမ်းနှစ်ယောက် ထွက်သွားသောအခါ သူတို့အားလုံး ထူးမင်းထက်ဘေး၌ ဝိုင်းကာ အခြေအနေကိုကြည့်ကြတယ်။

"ခေါင်းက ပေါက်ပြဲရုံ . . . ပြဿနာမရှိပါဘူး၊ ခြေထောက်က ကျိုးသွားတာလားမသိဘူး"

"ခြေထောက်ကျိုးသွားလည်း စတီးချောင်းထည့်ရင် ရပါတယ်





. . . တော်သေးတာပေါ့ . . . အသက်အန္တရာယ် မထိခိုက်တာပဲ ကံကောင်းတယ်"

ရွှေဝသုန်ကတော့ ထူးမင်းထက်မျက်နှာကို ငေးကြည့်ရင်း တွေတွေကြီး ရပ်နေတယ်။

သိပ်မကြာခင်ပဲ ဆရာဝန်မလေးတစ်ယောက် ရောက်လာပြီး . . .

"လူနာက မနက်လောက်မှ သတိရမယ်၊ မစိုးရိမ်ပါနဲ့ . . . ခြေထောက်ရိုး ကျိုးသွားတာပါ၊ ခေါင်းက နည်းနည်းပါးပါး ပွန်းရုံပဲ"

"ဟုတ်ကဲ့ . . . လိုအပ်တာ ပြောပါ ဒေါက်တာ"

"လူနာသတိရမှ သူ့အခြေအနေပေါ်မူတည်ပြီး ပြောပါ့မယ်၊ ဆေးသွင်းတာတော့ မပြတ်စေနဲ့"

"ဟုတ်ကဲ့"

ဆရာဝန်မလေးက လိုအပ်တာများကိုပြောပြီး ပြန်ထွက်သွားသောအခါ ထူးမင်းထက်အမေက . . .

"သားတို့ ပြန်ချင်ပြန်တော့လေ . . . မိုးသိပ်ချုပ်နေမယ်"

"ကျွန်တော် စောင့်ပေးမယ်"

ဝကြီးက ပြောတော့ သော်ဇော်က . . .

"ဒါဆို . . . ငါ အေးမာနဲ့ ဝသုန့်ကို လိုက်ပို့ပြီး ပြန်လိုက်မယ်၊ နောက်မှ စောစောလာမယ်၊ ရော့ . . . ငါ့ဖုန်း ယူထား၊ အရေးကြီးရင် နံပါတ်ကို ဆက်လိုက်၊ မင်းအိမ်ကို ဘယ်လိုပြောမလဲ"

"ရတယ် . . . ငါ ဖုန်းလှမ်းဆက်လိုက်မယ်"

"ကောင်းပြီ . . . ငါတို့ သွားတော့မယ်၊ အဒေါ် . . . ရော့ . . . လိုမယ်မယ် ယူထားလိုက်၊ မနက်မှ ထပ်ယူခဲ့မယ်"

သော်ဇော်က သူ့ပိုက်ဆံအိတ်ထဲမှ ငွေနှစ်သောင်းကို ဒေါ်ဖြူအိုး ပေးလိုက်တယ်။ ဒေါ်ဖြူအိုက အားနာစွာနှင့် ငြင်းသော်လည်း . . .



www.burmeseclassic.com

www.burmeseclassic.com



သော်ဇော်က အတင်းပေးသဖြင့် ယူထားလိုက်သည်။

တကယ်လည်း ထူးမင်းထက်အတွက် လိုအပ်သည့်ငွေကြေး သူ့မှာ မရှိပါ။

"ဝကြီး . . . ဆရာဝန်က အရေးပေါ်လိုအပ်တာ ဝယ်ဖို့ပြောလို့ ငွေမရှိရင် ဘယ်အချိန်ဖြစ်ဖြစ် ငါ့ကိုဖုန်းဆက်လိုက်"

"အေးပါ . . . မင်း ပူမနေနဲ့ . . . ငါ့မှာ ဆွဲကြိုးရှိတယ်"

"မင်းဆွဲကြိုးက ညဘက် ဘယ်မှာမှ ပေါင်လို့မရဘူး"

"လိုအပ်ရင် လဲထားမှာပေါ့ကွာ၊ စိတ်အေးအေးသာထား . . . ကားကို ဂရုစိုက်မောင်း"

"အေး"

ရွှေဝသုန်က ထူးမင်းထက်အမေနဲ့ အစ်မကို နှုတ်ဆက်တယ်။

"သမီးပြန်တော့မယ် . . . မနက်မှ လာမယ် အဒေါ်"

"ကျေးဇူးပါပဲ သမီးရယ်"

သူတို့သုံးယောက် . . . ဆေးရုံက ပြန်ထွက်လာကြပြီး အေးမာ နေသည့် မင်္ဂလာဒုံကို အရင်လိုက်ပို့လိုက်သည်။ မင်္ဂလာဒုံကနေ ပြန် ထွက်လာတော့ . . . ည ကိုးနာရီပင် ကျော်နေပြီ။

"ခုမှ သတိရတယ် . . . မနက်ကျရင် ငါ ပစ္စည်းသွားထုတ်ရဦး မယ်၊ ထူးမင်းထက်အတွက် ပိုက်ဆံဘယ်လိုပို့ပေးရမလဲ၊ ပစ္စည်းထုတ်ဖို့ မသွားရင်လည်း မဖြစ်ဘူး"

"ငါလိုက်ယူမယ် သော်ဇော် . . . ပြီးရင် နင် ငါ့ကို ပြန်လိုက်ပို့ပေး"

"ကောင်းတယ် . . . ငါ နင့်ကို ငွေနှစ်သိန်းပေးလိုက်မယ်၊ မနက် ဆေးရုံသွားရင် နင်ယူသွားပေါ့၊ ငါ နေ့လယ်လောက်မှ ဆေးရုံရောက်မယ်"

"ရတယ်လေ"

သော်ဇော် . . . မြောက်ဒဂုံရှိ ရွှေဝသုန့်အိမ်သို့ ဝင်မပို့တော့ဘဲ





သူနေသည့် သုဝဏ္ဏသို့ ကားကို တန်းမောင်းလာခဲ့သည်။ ညက . . . ထုထု ထဲထဲကို မှောင်နေတာပါ။

သူ့ဘေးက ချစ်သူ ရွှေဝသုန်ရဲ့ ညိုးရော်ရော်မျက်နှာလေးကို မြတ်နိုးစွာနဲ့ ကြည့်နေမိတယ်။

"ဝသုန်"

"ဟင်"

"နင့်ကို . . . ငါ သိပ်ချစ်တယ်ဟာ"

"ငါ သိပ်စိတ်ညစ်နေတယ် သော်ဇော် . . . ကားကိုသာ ဂရုစိုက် မောင်းဟာ"

သော်ဇော် ဘာမှဆက်မပြောတော့ဘဲ ကားလေးက တရိပ်ရိပ်နှင့် . . . လမ်းမတစ်လျှောက် ပြေးလွှားလို့သာ နေတယ်လေ . . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကျွန်မတစ်ကိုယ်လုံး မောဟိုက်နေတယ်။ ပါးပေါ်လိမ့်ဆင်းလာတဲ့ မျက်ရည်တွေက . . . ဆုံးကို မဆုံးနိုင်တော့။

ဝမ်းနည်းခြင်း၊ ယူကျုံးမရဖြစ်ခြင်းတို့နှင့်အတူ ကိုယ်ခန္ဓာကို ရှုံ့ရှာစွာ ကြည့်မိတယ်၊ ဒေါသဖြစ်ခြင်း၊ သည်းမခံနိုင်ခြင်းတွေရဲ့ အဆုံးမှာ . . . ကျွန်မရဲ့ဘဝ တစ်ဆစ်ချိုး ပြောင်းလဲခဲ့ရပြီလေ။

“ငါမှားတယ် ဝသုန် . . . နင်ကြိုက်တဲ့အပြစ် ငါ့ကိုပေးပါ”

သော်ဇော်ရဲ့ တိုးလျှိုးတောင်းပန်သံက ကျွန်မကို လှောင်နေသလို ပါပဲ။

“မကြားချင်ဘူး . . . လုံးဝ မကြားချင်ဘူး”

တိမ်တိုက်တစ်ခုရဲ့ အစွန်းကနေ ကျဆုံးခန်းကတော့ . . . မလှမပနဲ့ တစ်စစီ လွင့်ထွက်ခဲ့ရတယ်။

ကျွန်မရဲ့ နောက်ဆုံးရှိုက်သံအဆုံးမှာ မျက်ရည်က ထွက်မလာတော့ဘဲ တိတ်ဆိတ်နေတယ်။ နီရဲနေတဲ့ မျက်ဝန်းတို့ရဲ့ အကြည့်ကလည်း ဝေဝေဝါးဝါးနဲ့ကို ဖြစ်နေတာ။





“ငါ နင့်ကို လက်ထပ်မှာပါ ဝသုန် . . . နင့်ကို အပျော်ကြံခဲ့တာ မဟုတ်ပါဘူး”

ယောကျ်ားတစ်ယောက်ရဲ့ ကတိစကားက ကျွန်မရဲ့ အရှက်နဲ့ သိက္ခာကို အလျော်အစားသဘောမျိုးလား . . .

ကျွန်မ မတွေးတတ်တော့ပါ။

“နင် . . . ငါ့ကို အိမ်ပြန်ပို့ပေး သော်ဇော်”

စကားကို တစ်လုံးချင်းပြောတော့ . . . သော်ဇော်က သူ့အမိန့်ကို နာခံသည့်ပမာ ထိုင်ရာကထပြီး ပြန်လိုက်ပို့ဖို့ ပြင်တယ်။

ကြေမွနေတဲ့ အကျီနဲ့လုံချည်တို့ကို ဆွဲဆန့်လိုက်ပြီး . . . အခန်းထဲကထွက်ကာ အိမ်ရှေ့ရောက်တော့ . . . သော်ဇော်က ကားတံခါးကို အဆင်သင့်ဖွင့်ပေးထားသဖြင့် ကားထဲဝင်ထိုင်လိုက်တယ်။

လည်ချောင်းတစ်ခုလုံးလည်း ခြောက်ကပ်လွန်းလို့ မျိုချစရာ တံတွေး မရှိတော့ဘူး။ အရှေ့ကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေတဲ့ မျက်ဝန်းနဲ့အတူ . . . အသက်မဲ့သလိုဖြစ်နေတဲ့ မျက်နှာက အသေကြီး။

“နင် . . . ငါ့ကို တစ်ခုခု အပြစ်ပြောလိုက်ပါ ဝသုန် . . . ငါ့စိတ်ကို ငါမထိန်းနိုင်ခဲ့လို့ အခုလို . . .”

“တော်တော့ သော်ဇော် . . . ဘာမှ ဆက်မပြောနဲ့၊ နင်ရတဲ့ အခွင့်အရေးကို နင်အသုံးချခဲ့တာပဲ”

“ငါမှားတယ် ဝသုန်ရယ် . . . အရမ်းမှားသွားတယ် . . . ငါ့ကို ခွင့်မလွှတ်ပါနဲ့”

“ခွင့်မလွှတ်ပါနဲ့ . . . ဟုတ်လား သော်ဇော်၊ နင့်ကို ခွင့်မလွှတ်ရင် . . . ငါ့ဘဝ ‘တစ်’ဆိုတဲ့နေရာ ပြန်ရောက်မှာလား . . .၊

ဘဝဟာ ကိန်းဂဏာန်းဆန်ဆန် ရပ်တည်နေတယ်ဆိုရင် . . . ဘယ်တော့မှ ပြန်မဖြစ်နိုင်တဲ့နေရာကို ခွင့်လွှတ်ရင် ပြန်ရောက်မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် အလျော်တစ်ခုခုနဲ့ တွန်းပို့ရင် ပြန်မတ်နိုင်လို့လား . . . ပြောစမ်း သော်ဇော်"

သော်ဇော် ခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်ပြီး . . .

"နင့်အမေးတွေကို ငါမဖြေတတ်ဘူး ဝသုန်၊ နင့်ကို သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ်၊ နင့်ရဲ့အရှက်နဲ့ သိက္ခာကို ငါကြောင့် ကြွေကျလို့ပဲ ဖြစ်ဖြစ် . . . ငါ့ကို လက်ထပ်ခွင့်ပေးပါ"

ကျွန်မ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်တယ်၊ ပြီးတော့ ကျွန်မရဲ့ အကြည့်စူးစူးက သော်ဇော့်မျက်နှာကို စိုက်ကြည့်ပြီး . . .

"နင့် . . ကို . . ငါ . . ဘယ် . . တော့ . . မှ . . လက်မထပ်ဘူး"

'ကျွိ'

သော်ဇော် ကားကို ဘရိတ်နင်းပြီးရပ်လိုက်တယ်၊ ကားတံခါးကို ရုတ်တရက်ဖွင့်ပြီး အောက်သို့ဆင်းကာ ကျွန်မ,ထိုင်နေရာဘက်သို့ လျှောက် လာသည်။

ကားတံခါးပြတင်းကို ခေါင်းငုံ့ပြီး ကျွန်မမျက်နှာနှင့် အနီးဆုံး အနေအထားကို ကြည့်ပြီး . . .

"နင် ငါ့ကို မချစ်ခဲ့ဘူးမဟုတ်လား"

ကျွန်မ လုံးဝမဖြေပါ။ ဖြေစရာလည်း လိုမယ်လို့ မထင်ခဲ့။

"ငါသိတယ် ဝသုန် . . . ဒါပေမဲ့ ငါက နင့်ကိုချစ်တယ်၊ အဲဒီ အတွက် ပိုင်ဆိုင်ချင်တယ်၊ ပိုင်ဆိုင်ခွင့်ရဖို့လည်း ငါကြိုးစားခဲ့တယ် . . .၊

အခု ငါ့အိမ်မှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက်ဟာ ရည်ရွယ်ချက်မပါဘဲ နင့်ကို ချစ်လွန်းတဲ့စိတ်နဲ့ ငါ့စိတ်ကို မထိန်းနိုင်ခဲ့လို့ပါ . . . တစ်နေ့ လက် ထပ်မှာပဲဆိုတဲ့အသိကြောင့်လည်း ပါတယ်"

ကိုယ်ကိုမတ်ပြီး ကားအမိုးပေါ် လက်တင်ကာ ရှုံးသွပ်သူတစ် ယောက်လို ပြောနေတဲ့ သော်ဇော့်စကားသံတွေက ကျွန်မနားကို လာရိုက်





ခတ်ပေမယ့် ဘယ်လိုမှမခံစားရတာ ကျွန်မကိုယ်ကျွန်မ အသိဆုံးပဲလေ။

"အခုတော့ ငါကိုယ့်ငါ သိပြီ ဝသုန် . . . နင့်အတွက် မက်ခဲ့တဲ့ ငါ့အိပ်မက်တွေကို ငါ့ကိုယ်ငါ ပြန်နှိုးပြီး အဆုံးသတ်ဖို့ ငါကြိုးစားတော့မယ်"

ပြောပြီး . . . ကားမောင်းသည့်နေရာ ပြန်လာကာ ကားကိုမောင်း ထွက်လာသည်၊ ကျွန်မတို့အိမ်ရှေ့မှာ ကားကိုရပ်ပေးပြီး ကြွပ်ကြွပ်အိတ်နှင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို ကျွန်မကို ကမ်းပေးတယ်။

"ဒီငွေကို ထူးမင်းထက်အမေကို ပေးလိုက်ပါ"

"ကောင်းပြီလေ . . . နင့်ကားထဲမှာ နင်ပေးတဲ့လက်စွပ် ထားခဲ့ တယ်"

"ငါကတော့ နင့်လက်စွပ် ပြန်မပေးတော့ဘူး၊ နင် ငါ့ကို မချစ် ပေမယ့် နင့်အငွေ့အသက်ကို တစ်သက်လုံးရဖို့ နင့်လက်စွပ်လေးကို စွပ် ထားပါရစေ"

"ရတယ်"

ပြောကာ . . . ခြံတံခါးကိုဖွင့်ပြီး အိမ်ထဲဝင်လာခဲ့တယ်၊ မိုးသိပ် ချုပ်လို့ စိတ်ပူနေတဲ့ အဖေနဲ့အမေက တံခါးဝမှာစောင့်ရင်း . . .

"မိုးသိပ်ချုပ်နေပြီ သမီးရယ် . . . ထူးမင်းထက်အခြေအနေ ဘယ် လိုလဲ"

"အသက်အန္တရာယ်တော့ မစိုးရိမ်ရတော့ဘူး . . . ခြေထောက်က ကောင်း,မကောင်း မပြောနိုင်ဘူး အမေ"

"အေးလေ . . . အသက်ကို မထိခိုက်တာပဲ ကံကောင်းပါတယ်၊ သမီးလည်း သွားအိပ်တော့ . . . ပင်ပန်းရောပေါ့"

"ဟုတ်ကဲ့"

ကျွန်မ အိပ်ခန်းထဲဝင်ကာ ခုတင်ပေါ် ပစ်လှဲချလိုက်တယ်။

မျက်ဝန်းထဲ လိမ့်ဆင်းလာတဲ့ မျက်ရည်က . . . ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်မေးနေပေမယ့် အဖြေက မရခဲ့ဘူး။

ရှက်ရွံ့ခြင်း၊ အားငယ်ခြင်းတွေကြောင့်ဆိုရင် မိန်းမတစ်ယောက်ရဲ့ဘဝကို စိတ်နာမိတယ်လေ . . .။

ကျွန်မ မရောက်ချင်တဲ့ခရီးက မသွားဘဲ ရောက်ခဲ့တာမို့လည်း ကိုယ်တိုင် အပြစ်ပြောရမှာ ခက်လို့နေတာ မဆန်းပါဘူး။

ကံတရားရဲ့ စီရင်ခွင့်ကို မျက်ရည်တွေက အယူခံဝင်ခဲ့ရင်တောင် ဘဝ . . . ဆိုတာက အသစ်ဖြစ်လာမှာ မဟုတ်တော့ဘူးလေ။



## အခန်း (၁၅)

ထူးမင်းထက်အခြေအနေက တစ်နေ့တခြား တိုးတက်လာတယ်။ ခြေထောက်ရိုးက ကျိုးသွားတာမို့ စတီးချောင်းနှင့် အစားထိုးခဲ့ရသည်။

လိုအပ်တာမှန်သမျှကို သော်ဇော်က အကုန်အကျခံ လုပ်ပေးတယ်။

ကျောင်းလည်း မတက်နိုင်သေးသလို စာမေးပွဲရက်အမီတောင် ဆေးရုံက ဆင်းခွင့်ရဖို့ မသေချာသေး။

"အားမငယ်ပါနဲ့ကွာ . . . နောက်နှစ်ဖြေပေါ့၊ အဓိကက မင်းခြေထောက် ကောင်းဖို့ပဲလိုတယ်"

"ဟုတ်တော့ဟုတ်ပါတယ် သော်ဇော် . . . ငါလိုလူအတွက် နောက်တစ်နှစ်ဆိုတာ မလွယ်ဘူးလေ"

"စိတ်ထဲမထားနဲ့ ထူးမင်းထက်၊ ငါရှိတာပဲ . . . ပူမနေနဲ့ကွာ"

"မင်းကျေးဇူးတွေ ဘယ်လိုဆပ်ရမလဲ သော်ဇော်၊ မင်းနဲ့ ထသန့်နဲ့ အဆင်ပြေရဲ့လား"

သော်ဇော်ခေါင်းကို ယမ်းလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲပြီးရင် ငါ နိုင်ငံခြားသွားတော့မယ် . . . ဒက်ဒီနဲ့ မာမီကလည်း ခေါ်နေတယ်၊ ဝသုန်နဲ့ငါ့ဇာတ်လမ်းလည်း ပြီးသွားပြီ"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ"

"အဆင်မပြေလို့လို့ပဲ မှတ်ထားကွာ"

ထူးမင်းထက် . . . စိတ်မကောင်းစွာ သော်ဇော်ကို ကြည့်တယ်။ သူသတိထားမိတာက ဝသုန်နဲ့သော်ဇော် အတူတူ ဆေးရုံကို လာကြည့်လေ့မရှိ။

ဝသုန်နှင့် အေးမာ နှစ်ယောက်တည်းလာတတ်သလို သော်ဇော်က သူတစ်ယောက်တည်းသာ လာလေ့ရှိ၏။

ဝကြီးက . . . တစ်ခါတစ်ရံမှသာ လာလေ့ရှိပြီး လိုအပ်လျှင် ညဘက်စောင့်ပေးမည်ဟု အမြဲပြောသည်။

"ကားသမားရဲ့အခြေအနေ ဘာကြားလဲ ထူးမင်းထက်"

"သူက ငါ့ကို ဝင်တိုက်ချင်သို့ သက်သက်တိုက်တာမှ မဟုတ်တာ . . . ငါ ကျေအေးပေးလိုက်တယ်"

"မင်းကို ငါလေးစားတာ အဲဒီအချက်တွေပဲ ထူးမင်းထက်၊ မင်းဟာ စိတ်ထား အရမ်းကောင်းတယ် . . . တခြားလူတွေသာဆို ဘယ်ရလိမ့်မလဲ"

"သော်ဇော်ရယ် . . . ငါ့ကိုတိုက်တဲ့ လိုင်းကားမောင်းတဲ့လူကလည်း သူ့အိမ် စားဝတ်နေရေးပြေလည်အောင် ကားကိုမောင်းရတာ၊ အပိုငွေဆိုတာလည်း ဘယ်ရှိပါ့မလဲ၊ မတော်တဆဖြစ်တာကို အခွင့်အရေးတစ်ခုအနေနဲ့တောင်းရင် ငါ ဘယ်တရားမလဲ"

"ဟုတ်ပါတယ်"

"ယာဉ်စည်းကမ်းအရတော့ နည်းနည်းပါးပါး အရေးယူခံရမှာပေါ့ကွာ၊ ငါကျေအေးထားတော့ သူ့မှာ ပြဿနာ ဒီလောက်မရှိပါဘူး"





သော်ဇော် . . . ထူးမင်းထက်ရဲ့စကားလုံးတွေက သူ့ရင်ထဲ စွဲသွားတယ်။ ခန္ဓာကိုယ်အစိတ်အပိုင်း ထိခိုက်သွားခဲ့တာတောင် ခွင့်လွှတ်နိုင်သည်။

"ကျောက်ပတ်တီး ဘယ်တော့ ဖြည်မလဲ"

"နှစ်ရက်,သုံးရက်နေရင် ဖြည်ရမယ်ပြောတာပဲ"

"စလျှောက်လျှောက်ချင်း ချိုင်းထောက်နဲ့ သွားရဦးမယ် ထင်တယ်"

"ကြာတော့လည်း ကောင်းသွားမှာပါ"

"အေးကွာ . . . ငါလည်း ကောင်းသွားပါစေလို့ ဆုတောင်းနေတာ၊ စာမေးပွဲလည်း နီးနေပြီ . . . စာကျက်ဦး၊ ငါ့ဆီလာတာနဲ့ မင်း စာကျက်ပျက်နေဦးမယ်"

"ရပါတယ်ကွာ"

"ဝသုန်လာရင် ငါပြောဦးမယ်၊ သူ့စိတ်က ကလေးစိတ် . . . မင်းကို စိတ်ကောက်နေတာ နေမှာပါ"

"မင်းပြောလည်း ထူးမယ်မထင်ဘူး၊ ပြောမနေနဲ့ . . . ငါလည်းတတ်နိုင်သမျှ ငါ့ဝေဒနာကိုထိန်းထားတယ်"

သော်ဇော်ရဲ့အသံက ဆုံးဖြတ်ချက်အပြီးချပြီးသည့်ပုံ ဖြစ်နေ၍ သူလည်း ဝသုန်နှင့်ကိစ္စ ဆက်မပြောတော့။

အချိန်အတော်ကြာကြာ တခြားကိစ္စတို့ကို ပြောပြီး သော်ဇော် ပြန်သွားသည်။ ညနေစောင်းရောက်သောအခါ ဝသုန်နှင့် အေးမာ ရောက်လာကြ၏။

"ထူးမင်းထက် . . . ခြေထောက်ကိုက်သေးလား"

"မကိုက်တော့ဘူး ဝသုန်"

"ငါ စိတ်ပူနေတာ . . . အဒေါ် ညဘက် လာစောင့်တယ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

''အမေက ကျန်းမာရေးသိပ်မကောင်းတော့ မစောင့်နိုင်းတော့ဘူး . . . ငါလည်း သက်သာနေပြီပဲ''

''ဖြစ်ပါ့မလားဟယ်''

''ကြင်ပါကယ် . . . အပေါ့အပါးသွားရင် ချိုင်းထောက်နဲ့သွားတာ တခြားလူနာစောင့်တွေကိုလည်း အကူအညီတောင်းရတာပေါ့''

ရွှေဝသုန် . . . ထူးမင်းထက်ကို ကြည့်ပြီး စိတ်မကောင်းပေမယ့် သူကိုယ်တိုင်စောင့်ဖို့က ဘယ်လိုမှမဖြစ်နိုင်ပါ။

''ဝသုန် . . . နင်နဲ့ သော်ဇော် ဘာဖြစ်ကြတာလဲ''

''မမေးနဲ့ ထူးမင်းထက် . . . သူနဲ့ငါ လမ်းခွဲလိုက်ပြီ''

''ဘယ်ဟုတ်မလဲဟာ''

''ထူးမင်းထက် . . . မိန်းမတစ်ယောက်ဟာ လူသိရှင်ကြား သူတို့ ရည်းစားကို အလွယ်တကူ ဘယ်သူမှ ဖြတ်မှာမဟုတ်ဘူး''

''သော်ဇော် နင့်ကို သိပ်ချစ်ပါတယ်''

ရွှေဝသုန် မျက်နှာတင်းသွားပြီး . . .

''သူချစ်တာထက် ငါ့ကို အပိုင်သိမ်းချင်တာ၊ အချစ်စစ်ဟာ ရလို့မရှိဘူးဆိုတာ ငါသိခဲ့ရပြီ၊ ပြီးတော့ . . . ငါကိုယ်တိုင်လည်း သူ့ကို မချစ်ဘူး''

''ဟင်''

မိန်းမတစ်ယောက်ရဲ့ ပြတ်သားမှုကို သူအံ့သြရသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် . . . သော်ဇော်နဲ့ရွှေဝသုန်တို့ရဲ့ ပြဿနာကို သူ မသိပါ။

''နောက်ရက်တွေ ငါမလာတော့ဘူး ထူးမင်းထက် . . . စာမေးပွဲလည်း ဖြေရတော့မယ်''

''အေးပါ . . . စာကျက် . . . ငါကောင်းနေပြီပဲ၊ ပတ်တီးဖြည်





ပြီးရင် ဆင်းရတော့မှာ''

''အဲဒီကျမှပဲ အိမ်လာတော့မယ်''

''အေး''

ရွှေဝသုန်နှင့် အေးမာပြန်သွားတော့ . . . သူ့ဘေးမှာရှိတဲ့ စာအုပ် တစ်အုပ်ကို ကောက်ဖတ်ကာ နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သူ့ဘဝဟာ အခုဆို အတော်ပြောင်းလဲခဲ့ပြီ။ ခြေထောက်
အရင်လို အကောင်းကြီးမဟုတ်တော့ဘဲ ... လမ်းလျှောက်လျှင် အနည်း
ငယ် ထော့နဲ့ ထော့နဲ့ ဖြစ်နေသည်။

သော်ဇော်လည်း နိုင်ငံခြားသို့ အပြီးထွက်သွားသလို ဝသုန်
အေးမာ၊ ဝကြီးတို့လည်း ... စာမေးပွဲပြီးသွား၍ ဆုံဖြစ်တော့မည် မထင်
သူကတော့ ... အိမ်က ပန်းခြံထဲမှာပဲ အမေနှင့် အလုပ်အ
လုပ်ကာ နေသည်။

ဒီလိုနှင့် တစ်ရက်မှာ ... ရွှေဝသုန် သူ့အိမ်သို့ ရောက်လာသည်

"လာ ဝသုန် ... တစ်ယောက်တည်းလား"

"ထူးမင်းထက် ... နင့်အိမ်မှာ ဘယ်သူရှိလဲ၊ ငါ အရေးကြီး
စကား ပြောမလို့"

"အမေ ခြံထဲမှာ၊ ဘာပြောမှာလဲ ... ပြော"

ရွှေဝသုန် ... သူ့ကို တစ်ချက်ကြည့်ပြီး ခေါင်းကိုငုံ့လိုက်တယ်
ပါးစပ်ကလည်း ပြောဖို့ မဝံ့မရဲနှင့် ...





"ငါ့မှာ ကိုယ်ဝန်ရှိနေပြီ"

"ဘာ ... ဘယ်လို"

အံ့သြခြင်း၊ မယုံကြည်ခြင်းတွေနှင့် ရွှေဝသုန်ပြောတာ သူ နား
ကြားများမှားတာလားဟု ထင်မိသည်။

"နင့်မှာ ကိုယ်ဝန်ရှိတယ် ... ဟုတ်လား ဝသုန်"

"ဟုတ်တယ် ထူးမင်းထက်"

"ဘယ်သူနဲ့ ရတာလဲ"

သူ အသံတုန်ကာ မေးလိုက်တော့ ... ရွှေဝသုန် မျက်ရည်တွေ
ဝိုင်းလာပြီး သော်ဇော်နှင့် ဖြစ်ပျက်ခဲ့သည့် ညကအကြောင်းတို့ကို ပြော
ပြလိုက်သည်။

"ဒါဆို ဘယ်လိုလုပ်မလဲ ... သော်ဇော်က နိုင်ငံခြားထွက်သွား
ပြီ"

"ငါလည်း ဘာလုပ်ရမှန်းမသိလို့ နင့်ဆီ ပြေးလာတာ ... ငါ့ကို
ကူညီပါဦး ထူးမင်းထက်ရယ်"

"ငါ ကားတိုက်ခံရတဲ့နေ့ကဆိုတော့ ... ဟာ ... သုံးလတောင်
ကျော်နေပြီ"

"ဟုတ်တယ် ... ငါ သေသာသေလိုက်ချင်တယ်"

ရွှေဝသုန်က ပြောလည်းပြော၊ ငိုလည်း ငိုလေရာ ... ထူးမင်း
ထက် ဘာလုပ်လို့ လုပ်ရမှန်းမသိ။ ခေါင်းကို တဖျင်းဖျင်းကုတ်ကာ ...

"ဒီကောင့်ဆီ အကြောင်းကြားဖို့က ငါ့မှာ သူ့လိပ်စာ မရှိဘူး ...
နင့်မှာရော ရှိလား"

"မရှိဘူး ... ဩစတေးလျဆိုတာပဲ သိတယ်"

"ခက်တာက ... ဒီကောင် ငါ့ဆီ ဖုန်းမဆက်တာပဲ အဆုံးကို
အဆက်အသွယ် ဖြတ်သွားတာဟ"



www.burmeseclassic.com

www.burmeseclassic.com



''ငါဘာလုပ်ရမလဲ ထူးမင်းထက်''

''နေဦး . . . ငါ သူဦးလေးနဲ့ အဒေါ်ဆီသွားပြီး သူ့ဆီ ဘယ်လို ဆက်သွယ်ရမလဲ မေးလိုက်မယ်''

'ဟင့် . . ဟင့် . . ဟင့်'

ရွှေဝသုန်က ငိုလို့သာနေတော့တယ်။ သူ့စိတ်ထဲလည်း ဘယ်လိုမှ မကောင်းနိုင်တာမို့ . . .

''အရမ်းလည်း ဝမ်းနည်းမနေပါနဲ့ ဝသုန်ရယ် . . . နင့်ဘေးမှာ ငါတစ်ယောက်လုံးရှိပါတယ်''

သူ့ရဲ့နှစ်သိမ့်စကားကြောင့် ရွှေဝသုန် တစ်ချက်မော့ကြည့်ပြီး

''နင် . . . ဘာလုပ်ပေးမှာမို့လဲ''

သူ ဘာဆက်ပြောရမှန်း မသိတော့။ ပါးစပ်က ဆွံ့အလို့သွားသည်။ ရွှေဝသုန်က . . .

''ထူးမင်းထက် . . . ငါ့ဘဝဟာ အခု ဘာနဲ့တူလဲဆိုတော့ နွေလွန်မှ ပွင့်တဲ့ ပန်းလိုပဲ၊ မိုးရေလိုချင်လည်း မိုးက ကောင်းကောင်းမရွာသေး။ နေရောင်ကို ရဖို့မျှော်တော့လည်း နေက တိမ်နောက်မှာပုန်းနေတယ်။ ကြာတော့ . . . အဲဒီပန်းဟာ ရိုးတံမှာပဲ ဘဝဆုံးတော့တယ်''

''အေးဟာ . . . သော်ဇော်နဲ့ အဆက်အသွယ်ရရင် သိပ်ကောင်းမှာပဲ''

စကားလမ်းကြောင်းကို ပြောင်းစေရန် ထူးမင်းထက်ပြောလိုက်ရာ

''နင်တွန်းပို့လို့ ရောက်တဲ့ခရီးက သွေးပျက်စရာချည်းပဲ၊ လှည့်ပြီး ပြန်လာတော့ . . . ထပ်သွားပါ, ငရဲခန်းမဟုတ်ဘူး, ပူတယ်ဆိုရုံ လေးလို့ . . . နင်ထပ်ပြောတယ်။

တကယ်ဆို ခံစားမှုမပါဘဲ အသက်မဲ့နေတဲ့ ငါ့ခန္ဓာကိုယ်ကို အကြိမ်ကြိမ်သံပတ်တင်းခဲ့တာ နင်ပဲ''





''နင် . . . အပြေလည်ဆုံးဖြစ်အောင် ပြောတာပါ''

''ငါ့ဗိုက်ကကိုယ်ဝန်ကို ကိုယ့်ဘာသာ မွေးရဲတယ်၊ ပတ်ဝန်းကျင်က လက်ညှိုးထိုးတာကို . . . ငါ့အသိုက်အဝန်းက ရင်ဆိုင်နိုင်ရင်ပေါ့ဟာ''

''အဲဒီလို ဘယ်ဖြစ်မလဲ . . . ကလေးရဲ့ အနာဂတ်လည်း ရှိသေးတယ်လေ''

သူ့စကားကို လက်ခံတာလား၊ လက်မခံတာလားတော့ မသိ . . ။ ရွှေဝသုန် ဘာစကားမှ မပြောတော့။

အဲဒီအချိန်မှာ ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ထူးမင်းထက် အမေ ဒေါ်ဖြူအိ ခြံထဲမှ တက်လာတယ်။

''ဝသုန်လေး ရောက်နေပါလား . . . ကြာပြီလား''

''ဟုတ်ကဲ့ အဒေါ်''

''ထမင်းစားပြီးမှ ပြန်ပေါ့ . . . ငါးလေးအိုးကပ်ချက်ထားတယ်''

''မစားတော့ပါဘူး အဒေါ် . . . သမီး သွားစရာရှိသေးလို့''

''စားသွားပါ ဝသုန်ရယ် . . . ငါတို့က ဆင်းရဲလို့လား''

ထူးမင်းထက် ပြောတာကို ဝသုန်က . . .

''နင် ဆင်းရဲလို့ ငါငြင်းခဲ့တာ ဘာရှိလို့လဲ၊ ငါ စားလို့မဝင် ဖြစ်နေတာ ကြာပြီ''

''ဩော် . . . အေး . . . ဟုတ်သားပဲ''

''ဟဲ့ . . . ဘာတွေပြောနေတာလဲ''

''ဝသုန် မဆာသေးလို့တဲ့ အမေရေ''

ထူးမင်းထက် သူ့အမေကို လှမ်းပြောလိုက်ပြီး . . .

''ဝသုန် . . . ငါတို့ ဘုရားသွားရအောင်''

''သွားမယ်လေ''

ထူးမင်းထက် အဝတ်အစား ထလဲကာ အိမ်မှထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရောက်တော့ . . .

ဘုရားဝတ်ပြုပြီး မြောက်ဘက်အုတ်ခုံလေးမှာ ထိုင်ကြတော့ ထူးမင်းထက်က . . .

"နင် သေချာစဉ်းစား ဝသုန် . . . နင့်ဗိုက်ထဲက ရင်သွေးလေးဟာ သော်ဇော်ရင်သွေးလေးပါ၊ ဘယ်လိုပဲဖြစ်ဖြစ် . . . ကလေးကြီးလာရင် သူ့အဖေ,အမေရဲ့မေတ္တာနဲ့ နွေးထွေးချင်မှာပဲ . . .၊

နင့်ရဲ့ မခံချင်စိတ်နဲ့ ကိုယ့်ဆန္ဒတစ်ခုပဲ ဦးစားပေးရင် ကလေးရဲ့ ဘဝကို ချိုးနှိမ်ရာကျလိမ့်မယ်၊ ကိုယ့်မာနကို ချိုးနှိမ်ပြီး သော်ဇော်ကို စောင့်လိုက်ပါ"

"နင်ပြောတာ မှန်ပါတယ် ထူးမင်းထက် . . . ကလေးအတွက် ငါ သူ့ကိုလက်ခံမယ်ဆိုရင်တောင် သူ့ကို ဘယ်အထိစောင့်ရမလဲ . . .၊

ငါစောင့်နိုင်ရင်တောင် ဒီဗိုက်က စောင့်မှာမဟုတ်ဘူး . . . တစ်နေ့တခြား ပူလာတော့မှာ"

"ဟုတ်သားပဲ"

ထူးမင်းထက် အကျပ်ရိုက်သွားကာ အပြင်းအထန် စဉ်းစားတယ်။ ပြီးတော့ . . .

"ဒီလိုလုပ်မယ်"

"ဘယ်လိုလဲ"

"နင် ငါ့ကို လက်ထပ်လိုက်"

"ဘယ်လို ထူးမင်းထက်"

"ဒီလိုလေဟာ . . . နင်ဗိုက်ပူလာရင် ကလေးအဖေဟာ ငါပဲလို့ အားလုံးထင်အောင်ပေါ့၊ ဒီကြားထဲ သော်ဇော်ကို ရအောင်ဆက်သွယ်မယ် . . .၊

သူပြန်လာရင် အကျိုးအကြောင်းရှင်းပြမယ် . . . သူ လက်ခံမှာပါ"





"နင့်အစီအစဉ် မဆိုးပါဘူး . . . ဒါပေမဲ့ ငါမလုပ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ . . . နင် သိပ်နစ်နာမှာစိုးလို့၊ ငါလို ကိုယ်ဝန်နဲ့မိန်းမကို ဘယ်လိုသတ္တိနဲ့ နင်လက်ထပ်မှာလဲ"

"အဖြူစင်ဆုံး လက်ထပ်မှာ ဝသုန်၊ ဒီနည်းလမ်းဟာ နင်ရယ့် ဗိုက်ထဲက ကလေးရယ်အတွက် အကောင်းဆုံး နည်းလမ်းပါ။ နင် လက်ခံပေးပါနော်"

"ထူးမင်းထက်ရယ်"

ကျွန်မ ဒုတိယအကြိမ် မျက်ရည်ကျရပြန်ပြီ။ အခုတစ်ခါ ကျတဲ့ မျက်ရည်ကလည်း . . . ထူးမင်းထက်ရဲ့ အနစ်နာခံမှုအတွက်ပါပဲ။

ကျွန်မ,သိပ်ချစ်ရတဲ့ . . . ရင်ထဲကချစ်သူဟာ သူ့သွေးသားမဟုတ်တဲ့ ကျွန်မဗိုက်ထဲက ကလေးအတွက် အကောင်းဆုံး ညှိသည်သရုပ်ဆောင်တစ်ယောက်အဖြစ် တစ်ခန်းရပ်ပြဇာတ်မှာ ဝင်ကပေးဦးမယ်တဲ့၊ သူဟာ ကျွန်မအတွက် လူလာဖြစ်ပေးရတာဆိုရင် . . . သူ လူဖြစ်နေပါလျက်နဲ့ ရင်ထဲကခံစားမှုကို ဘာလို့ မပေါက်ကွဲရတာလဲ။

အခုတော့ . . . မိုးမလုံတဲ့ သူ့တဲကနေ ကြယ်တွေရေဖို့ ကျွန်မကို ခေါ်နေပြီ။ ကျွန်မ . . . မိဘတွေရဲ့ဆန္ဒကို ဆန့်ကျင်ပြီး လာရမှာပါ။ ကျွန်မ မကြောက်ပါဘူး။

ထူးမင်းထက်လို လူမျိုးကိုလည်း ကျွန်မမိဘတွေက လက်မခံဘူးလေ . . .။ ဆင်းရဲလို့တဲ့၊ မတတ်နိုင်ပါဘူး . . . ထီးရိပ်လေးတစ်ခုဟာ တစ်ကိုယ်လုံး မလုံနိုင်ပေမယ့် အနိုက်အတန့်တော့ ရေမစိုနိုင်ဘူးဆိုတာ ကျွန်မ သိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ရွှေဝသုန်နဲ့အတူနေဖို့ သူတို့လမ်းက ခြံကျယ်ကျယ်လေး တစ်ခြံကို ဝယ်လိုက်တယ်။ သစ်ခွပန်းပင်လေးတွေနှင့် အိမ်လေးက ချစ်စရာလေးပါ။

အိမ်ထောင်ပရိဘောဂကို လိုအပ်တာလောက်ပဲ ဝယ်ကာ နှစ်ယောက် နေလို့ ရရုံ၊ စားလို့ ရရုံလောက်အတွက် အဓိက ထားခဲ့သည်။

လိုအပ်တဲ့ငွေအားလုံးကို ရွှေဝသုန်က ပေးထားတာမို့ ... သူစိတ်မပူရပါ။ အားလုံး အသင့်ဖြစ်ပြီဆိုတော့ ... ရွှေဝသုန် အိမ်က ဆင်းလာခဲ့သည်။

"ဝသုန် ... နင့်အိမ်ကလူတွေ လိုက်လာမလား မသိဘူးနော်"

"မပူနဲ့ ... လိုက်လာမှာ မဟုတ်ဘူး။ ငါနဲ့ အပြတ်ဆွေးနွေးခဲ့တယ် ... ကိုယ့်လမ်းကိုယ်လျှောက်လို့ ဒုက္ခရောက်ရင် အိမ်ရိပ်တောင် လာမနင်းနဲ့တဲ့"

"မိဘက စိတ်ဆိုးလို့နေမှာပေါ့"

"ငါ့အဖေနဲ့ အမေအကြောင်း ငါသိတယ် ထူးမင်းထက်၊ ငါတို့မှာ





ပြဿနာတစ်ခုဖြစ်ရင် ဆွေးနွေးတယ် ... ကိုယ်မှန်ရင် ဆက်လုပ်ပဲ၊ အခုကိစ္စကိုတော့ အဖေနဲ့ အမေက နိုးပဲ"

ရွှေဝသုန့်ပုံက လုံးဝတုန်လှုပ်ဟန်မပြ ... တည်တည်ငြိမ်ငြိမ်ပဲ။

"နင်အိပ်ရင် အခန်းထဲမှာ အိပ်၊ ငါက ဘုရားခန်းမှာ အိပ်မယ်၊ ငါ့ကိုလည်း ယုံပါ"

"ငါ ယုံပါတယ် ထူးမင်းထက်ရယ်"

"မနက်ဖြန် ဝကြီးနဲ့အေးမာ လာလိမ့်မယ်"

"ဟုတ်လား"

"သူတို့က တို့ကို တကယ့်လင်မယားအစစ်လို့ ထင်နေကြတယ် ... နင် ကူညီမပျက်စေနဲ့နော် ... ဝသုန်"

"အေးပါ"

ထူးမင်းထက် ... ရင်ထဲ ဝမ်းသာသလိုလိုနှင့် ရွှေဝသုန်ကို စိုက်ကြည့်တယ်။ ရွှေဝသုန်ကလည်း ရှက်ပြုံးလေး ပြုံးလို့၊ ထူးမင်းထက်ကို စချင်တာနဲ့ တစ်ချက် ခိုးအကြည့်မှာ ...

"ဘာကြည့်တာလဲ ... ငါရှက်တယ်"

"ဘာ ... ဘာမှမဟုတ်ပါဘူး၊ နင် မျက်နှာသစ်ပြီးပြီလားလို့ ကြည့်တာ"

"ညဘက် ... မျက်နှာသစ်ရတာလား"

"ဟာ ... ဘာမှန်းမသိဘူးဟာ ... ဝသုန်နော် ... ငါ့ကို မစနဲ့"

"အမလေး ထူးမင်းထက်ရယ် ... ငါရှက်ဖို့ ထားဦး"

မျက်နှာကြီးနီရဲကာ ရှက်နေတဲ့ ထူးမင်းထက်ကို ဝသုန်က လှမ်းပြောပြီး ...

"ငါ အိပ်ချင်ပြီ ... အိပ်တော့မယ်"

"အိပ်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝသုန် အိပ်ခန်းထဲဝင်တော့ . . . ထူးမင်းထက် အိမ်ရှေ့ဘုရားခန်းမှာ ထိုင်ပြီးဘုရားရှိခိုးတော့တယ်။ သူက သိပ်ကြောက်နေတယ်လေ။ အိမ်ထောင်ဦးလို့ ပြောရမှာလား၊ ဘာလားတော့ မသိ . . . သူ့ရင်မှာ တဒိုင်းဒိုင်းနဲ့ကို ခုန်နေတာ။

ဒါတောင် . . . ရိဟာဖယ်ပဲ ရှိသေးတာလေ။

မနက်ရောက်တော့ . . . ရွှေဝသုန် ရေချိုးတော့ သူက တုံကင်နှိုးပြီး တိုင်ကီထဲကို ရေဖြည့်ပေးတယ်။

အဲဒီအချိန်မှာ . . . ဝကြီးနဲ့ အေးမာ ရောက်လာကြတယ်။

"ဝကြီးတို့ လာကွာ . . . အိမ်ပေါ်တက်"

"ထူးရေ . . . တဘက်ယူပေးဦး"

ရွှေဝသုန်က ဝကြီးတို့ရှိမှန်းသိလို့ လှမ်းနောက်တာပါ။

"ဘာ . . . 'ထူး' . . . ဟုတ်လား ဝသုန်"

"ဟုတ်တယ်လေ ဝကြီးရဲ့ . . . ဘာဖြစ်လို့လဲ"

"နားယားတယ် . . . ငါတို့ရှေ့မှာ မခေါ်နဲ့၊ တော်ကြာ အေးမာတနင့်အတု လိုက်ခိုးပြီး . . . ငါ့ကို အရင်းစွတ်ပြီး ကြီးရေလို့ခေါ်ရင် ဒုက္ခ"

"ဝကြီးနော်"

ဝကြီးစကားကို အေးမာက ဟန့်တော့ . . .

"နင် . . . အားမကျဘူးလား အေးမာ"

"အားကျတော့ ငါက ဘယ်သူ့သွားယူရမှာလဲ"

"ငါ့ယူပေါ့"

"သေ"

သူတို့သူငယ်ချင်းတွေ နောက်ကြပြောင်ကြနဲ့ သူတို့အိမ်လေးမှာ ရယ်သံတွေ လွှမ်းမိုးနေတယ်။

"သော်ဇော်ကို သတိရတယ်ကွာ . . . ဒီကောင် ဘယ်သူ့မှ





အဆက်အသွယ်မလုပ်ဘူး။ ဟိုတစ်လောက သူတို့လမ်းထဲက ငါ့အသိဆီသွားတော့ အိမ်တံခါး သော့ခတ်ထားတယ်။ သူဦးလေးနဲ့ အဒေါ်ပါ နိုင်ငံခြားပါသွားလား မသိဘူး"

"မဟုတ်ဘူး ဝကြီး . . . သူဦးလေးနဲ့ အဒေါ်က ပုသိမ်ဘက်ကရွာ ပြန်သွားတာ"

"ဒါကြောင့် သော့ခတ်ထားတာကိုး"

"ဝကြီးနဲ့ အေးမာ . . . ထမင်းစားမယ်မဟုတ်လား"

"စားမယ် ဝသုန် . . . ဘာချက်မလို့လဲ"

"ခရမ်းသီးနှပ် . . မျှစ်ကြော် . . ပဲဟင်း"

"အသီးအရွက်ချည်းပဲ"

"ငါတို့မှာ ဝင်ငွေရှိတာ မဟုတ်ဘူး။ ရာသက်ပန် သက်သတ်လွတ်စားဖို့ အဓိဋ္ဌာန်ထားတယ်"

ရွှေဝသုန့်ကိုကြည့်ပြီး ဝကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ . .

"နှစ်တို့ပဲ သက်သက်လွတ်ဟား၊ ညှိသည့်အတွက် အသားတော့လုပ်"

"ထူးရေ . . . အသားတဲ့ . . . ဈေးသွားလိုက်ဦး"

"ထူးမင်းထက် ဈေးသွားတာလား"

"ငါက ဝသုန့်ကို ဘာမှမခိုင်းဘူး . . . တစ်ခုပဲ ခိုင်းတာ"

"ထူးနော်"

"ပြောစမ်း ထူးမင်းထက် . . . ငါစိတ်ဝင်စားတယ် . . . မင်းအတွေ့အကြုံတွေပြော . . . ငါ မရှက်တတ်ဘူး"

"ရေနွေးတည်တဲ့အလုပ်ပဲ ခိုင်းတာ"

"ဟာကွာ"

'ဟား . . ဟား . . ဟား'



www.burmeseclassic.com

www.burmeseclassic.com



အားမလိုအားမရဖြစ်သွားတဲ့ ဝကြီးကို အားလုံးက ဝိုင်းကြည့်ပြီး ရယ်ကြတယ်။

"ထူးမင်းထက် ... မင်း ဘာအလုပ်လုပ်မယ်လို့ စိတ်ကူးလဲ"

"အလုပ်တွေတော့ ပြောထားတယ်"

"ငါ့ဦးလေးပွဲရုံမှာ စာရေးဝင်လုပ်ပါလား ... ငါပြောပေးမယ်။ ဘုရင့်နောင်မှာဆိုတော့ မင်းတို့နေရာနဲ့လည်း လမ်းသင့်တယ်"

"ရမယ်ဆို ပြောပေးကွာ ... ငါ အလုပ်လုပ်မှ ဖြစ်မှာ"

"ရရင် ဖုန်းဆက်လိုက်မယ်"

"ကျေးဇူးပဲ ဝကြီး ... အားကိုးပါတယ်"

သူတို့သူငယ်ချင်းတွေ မတွေ့တာကြာလို့ စကားပြောလိုက်၊ စားလိုက်သောက်လိုက်နှင့် ... ညနေစောင်းမှ ဝကြီးနှင့် အေးမာ ပြန်သွားသည်။

"ထူးမင်းထက်"

"ဘာလဲ ဝသုန်"

"ငါ နင့်ကို ထူးလို့ပဲ ခေါ်တော့မယ်"

"အင်း"

ထူးမင်းထက် ခေါင်းညိတ်လိုက်တယ်။ သူ့ရင်ထဲမှာ ညမရောက်သေးဘူး။ လမင်းက သာပြီလေ။

"နင့်ရဲ့ ဖြူစင်တဲ့စိတ်ဓာတ်နဲ့ အနစ်နာခံမှုကို ငါ လေးစားပါတယ် ... အဲဒီအတွက် နင့်ကို ငါ ကန်တော့ပါရစေ"

"မလုပ်ပါနဲ့ ဝသုန်"

သူတားလည်း မရ ... ဝသုန်က သူ့ကို ကျုံ့ကျုံ့ထိုင်ကာ ဦးချရှိခိုးတော့သည်။

"တကယ်မဟုတ်တဲ့ အိမ်ထောင်ပေမယ့် အိမ်ထောင်ဦးစီးဘဝကနေ နင့်ကို အကောင်းဆုံး လုံခြုံပြည့်စုံမှုရအောင် ငါကြိုးစားပါမယ် ဝသုန်"

"ငါယုံပါတယ် ထူးရယ်"

ရွှေဝသုန် မျက်ရည်လေးလည်ပြီး ပြောတယ်။ သူတို့ရဲ့ အေးချမ်းတဲ့ ဘဝအရိပ်ကလေးဟာ ပျော်ရွှင်ချမ်းမြေ့လို့နေလေတော့တယ်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

သူလည်း ဝကြီးဦးလေးပွဲရုံမှာ . . . အလုပ်ရတော့ စားဝတ်နေရေးက ပူစရာ သိပ်မလိုတော့။ လစာလည်းကောင်းသဖြင့် ရွှေဝသုန့်ကလေးအတွက် ကြိုတင် ဝယ်ယူပြင်ဆင်ထားနိုင်ခဲ့သည်။

"နင့်ကလေးပစ္စည်းတွေ ဝယ်ဝယ်လာတာ များနေပြီ . . . နောက်ဝယ်မလာနဲ့တော့ ထူး"

"တို့ကလေး ပြည့်စုံဖို့ အရေးကြီးပါတယ်၊ မွေးဖို့အတွက်လည်း မပူနဲ့၊ အလုပ်ရှင်က ကြိုတင်ငွေ ထုတ်ပေးမယ်တဲ့"

"ငါ့မှာ ရွှေတွေရှိပါတယ်"

"ဟာ . . . မလုပ်နဲ့ . . . ကလေးလေး ကြီးလာရင် ဝတ်ဖို့ထားရမယ်၊ နင့်ဗိုက်ကလည်း မမွေးနိုင်သေးဘူး၊ ငါ ကလေးချီချင်လှပြီ"

"တစ်လပဲစောင့် . . . မွေးဘော့မှာ၊ အမေ နေ့လယ်က လာသေးတယ် . . . မွေးခါနီးရက်ကျရင် သူ လာစောင့်မယ်တဲ့"

ရွှေဝသုန်က ထူးမင်းထက်အမေကို သူခေါ်သလိုပဲ အမေဟုခေါ်သည်။ အိမ်ချင်းကလည်း မဝေးလှတာမို့ ရွှေဝသုန်အပေါ် ထူးမင်းထက်





အမေရော အစ်မပါ ဂရုစိုက်၏။

"ထူး"

"ဟင်"

"ငါမွေးလာမယ့် ကလေးကျရင် နင် တကယ်ချစ်မှာပါနော်"

"ချစ်မှာပေါ့ ဝသုန်ရဲ့ . . . နင့်စိတ်ထဲက အတွေးရိုင်းတွေ ဖျောက်လိုက်နော်၊ နင်နဲ့ငါ ဘယ်လိုအခြေအနေပဲရှိရှိ . . . ကလေးဟာ ငါတို့ကလေးပါပဲ"

"ငါလေ . . . နင့်လိုလူမျိုးနဲ့ ဆုံချင်တာ"

"သွားအိပ်တော့နော်၊ ကိုယ်ဝန်သည်ဆိုတာ အားရှိမှဖြစ်မှာ . . . ကိုယ်ဝန်ဆောင်အားဆေးလည်း ပုံမှန်သောက်ရဲ့လား"

"သောက်ပါတယ်"

ရွှေဝသုန့်ကိုယ်ဝန် ရင့်လာတဲ့အချိန်ကစပြီး အိမ်အလုပ်မှန်သမျှကို ထူးမင်းထက် . . . လုပ်ပြီးမှ အလုပ်သွားသည်။ ရွှေဝသုန်ကို ဘာအလုပ်မှ မခိုင်းတော့။

"အိပ်တော့လေ ဝသုန် . . . ငါ အဝတ်လျှော်လိုက်ဦးမယ်"

"မအိပ်ချင်သေးပါဘူး . . . နင်အဝတ်လျှော်တာ ထိုင်ကြည့်ဦးမယ်"

"မရဘူး . . . အိပ်ရမယ်၊ ကိုယ်ဝန်ဆောင်ဟာ တစ်နေ့ကို ပုံမှန်ရှစ်နာရီ အနည်းဆုံး အိပ်ရမယ်လို့ . . . စာစောင်တစ်ခုမှာ ငါဖတ်မူးတယ်"

ရွှေဝသုန့်လက်ကို ဆွဲကာ အခန်းထဲပို့ ဖျာပေါ်မှာအိပ်စေ၍ ခြင်ထောင်ချပေးပြီး . . . အိမ်ရှေ့သို့ ပြန်ထွက်လာကာ အဝတ်လျှော်ဖို့ အိုးအောက်ဆင်းသွားတော့သည်။

ကြည်နူးပီတိစိတ်တွေက ကျွန်မရင်တစ်ခုလုံး ပြည့်နက်နေသေမယ့် . . . အိမ်ထောင်စစ်မဟုတ်တော့ ဝမ်းနည်းစိတ်က ရင်ကို လာရိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ဆဲပါ။

ဘယ်အချိန်မှာ . . . သော်ဇော်ရင်ခွင်ထဲ ကျွန်မကို ပြန် ထည့်မှာလဲ . . . တွေးမှုမိပေမယ့် ကျွန်မရင်က ရင်သွေးလေးကို မမြင်သေးခင်ကပင် သူထားတဲ့ မေတ္တာကြောင့် မခွဲလောက်ပါဘူး လို့ ကြောက်ကြောက်နဲ့ ကျွန်မ အမြဲတွေးနေရတယ်လေ။

၄၁၆၁

အခုရက်ပိုင်း . . . ရွှေဝသုန် မွေးရက်နီးလာတာမို့ အလုပ်လုပ်ရတာ စိတ်ထဲမဖြောင့်။ ဖုန်းသံကြားတိုင်း သူ့ဖုန်းများလားဆိုပြီး နားစွင့်ရတာ အကြိမ်ကြိမ်ပါ။

"ကိုထူးရေ . . . ဖုန်းလာတယ်"

"လာပြီ လာပြီ"

ဖုန်းကို အပြေးသွားကိုင်လိုက်ပြီး . . .

"ဟဲလို"

"သား . . . ဝသုန် ဗိုက်အရမ်းနာနေလို့ ဆေးရုံရောက်နေပြီ"

"မွေးပြီလား အမေ"

"မမွေးသေးဘူး . . . နာနေတုန်းပဲ . . . မင်း ပြန်လာခဲ့ပါလား"

"ဟုတ်ကဲ့ အမေ . . . သား အခု ပြန်ခဲ့မယ်"

ဖုန်းချပြီး သူ့အလုပ်စားပွဲသို့ ပြန်ကာ စာရွက်စာတမ်းများသိမ်းကာ ပွဲရုံပိုင်ရှင်ကို ဝင်တွေ့လိုက်သည်။

"ပြန်လေ ထူးမင်းထက် . . . ရတယ် . . . အန်ကယ် လုပ်စရာရှိတာ ဆက်လုပ်လိုက်မယ်"





"ကျွန်တော်ပြောထားတဲ့ ငွေ . . ."

"အေး . . . ဟုတ်သားပဲ၊ ရော့ . . . တစ်သိန်းမဟုတ်လား"

အံဆွဲထဲက ငွေတစ်သိန်းထုတ်ကာ သူ့ကို ပေးလိုက်သည်။

"ကျွန်တော့်လခက ဖြတ်ပါ"

"မဖြတ်ဘူး . . . အပြီးပေးတာ ထူးမင်းထက်၊ မင်းက အလုပ်ကို စိတ်ချရတယ်၊ ရိုးသားတယ် . . . ဒါကြောင့်ပဲ"

"ကျေးဇူးပဲ အန်ကယ် . . . ကျွန်တော်သွားပြီ"

ထူးမင်းထက် ပွဲရုံလမ်းထိပ်မှ Taxi တစ်စီးကိုငှားကာ မြောက်ဥက္ကလာဆေးရုံသို့ ထွက်လာသည်။

"ဝသုန် . . . ကျန်းကျန်းမာမာနဲ့ မွေးနိုင်ပါစေ"

အကြိမ်ကြိမ် ဆုတောင်းလာခဲ့သည်။

ဆေးရုံမွေးဆောင်သို့ ရောက်သောအခါ သူ့အမေနှင့် လမ်းထဲမှ မိန်းမကြီးတချို့ . . . မွေးခန်းဝ၌ ထိုင်စောင့်နေကြသည်။

"ဝသုန်မွေးပြီလား အမေ"

"မွေးခန်းထဲ ဝင်သွားပြီ၊ မွေးတော့မှာပါ . . . စိတ်မပူနဲ့ အနားရာယ်ကင်း ပရိတ်ရွတ်ပေး"

"ဟုတ်ကဲ့"

သူ ညစဉ် အလွတ်ကျက်နေသည့် . . . အင်္ဂုလိမာလသုတ်ကို အခေါက်ပေါင်းမရေနိုင်အောင် ရွတ်နေသည်။

နာရီဝက်ခန့်ကြာသောအခါ . . . မွေးခန်းထဲမှ နပ်(စ်)မလေးတစ်ဦးက . . .

"ရွှေဝသုန်တို့အိမ်က ဘယ်သူရှိလဲ"

"ကျွန်တော်ရှိတယ်"

"မိန်းမ,ပြောတာ၊ တစ်ယောက် ဝင်ခဲ့ . . . ကလေးဟာခေါ်"



www.burmeseclassic.com

"အေး ... အေး"

ထူးမင်းထက်အမေ ခေါင်းမြှုပ်ထိ မွေးခန်းထဲဝင်သွားပြီး ... မကြာမီ အနီးထုပ်လေးနှင့် နီတာရဲ မွေးကင်းစကလေးကို ခေါ်လာတယ်။

"မိန်းကလေးဟဲ့"

"သမီး ... ငါ့သမီး ... ပေး အမေ"

"ဟဲ့ ... နင်ချီတတ်လို့လား"

"ရတယ် ... သား အိမ်မှာ ညတိုင်းကျင့်ထားတယ်၊ ချီတတ်တယ် ... ပေးပါ အမေရယ်"

သူ ကလေးကို ပွေ့ချီလိုက်တယ်။ ဖြူဖြူဖွေးဖွေး တစ်ပွေ့တစ်ပိုက်ကြီးမို့ သူ ... ကြည့်လို့မဝ ဖြစ်နေတယ်။

"ဝသုန်ရော နေကောင်းလား အမေ"

"ကောင်းပါ့တော်"

သူ့ရင်မှာ နောက်ထပ်အပူတစ်လုံး ကျသွားတယ်။ ကလေးကို ချီထားရင်း ...

"ငါ့သမီးလေးနာမည်ကို ဘယ်လိုပေးရမလဲ ... အားလုံး နာမည်ပါအောင် ရွှေထက်ဇော်လို့ပေးမယ်၊ ရွှေထက်ဇော် ... သမီးလေး မှတ်ထားနော်"

"ဟဲ့ ... ကလေး ပေး ... အခန်းထဲ သွားပြန်ပို့ရမယ်"

မပေးချင်ဘဲ ကလေးကို သူ့အမေလက်ထဲ ပြန်ထည့်ပေးလိုက်သည်။ ရင်မှာ တစ်ခါမှ မပျော်ခဲ့ဖူးတဲ့ အပျော်မြစ်တစ်စင်းက ချက်ချင်းပဲ စီးဆင်းနေတယ်လေ။

သောင်မထွန်းတဲ့ အချိန်ထိပေါ့ ...။



## အခန်း (၁၉)

ထူးမင်းထက် ... အလုပ်ကပြန်လာတာနဲ့ ကလေးကို လက်က မချ။ အလွန်ချစ်သလို အရမ်းလည်း ဂရုစိုက်သည်။ သူ့ကိုကြည့်ပြီး ... ရွှေဝသုန် ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား ... မပြောတတ်တော့။

ဒီလိုနှင့် ... ရွှေထက်ဇော်လေး စကားပြောတတ်တဲ့ သုံးနှစ်ခန့်ပင် ရောက်ရှိလာသည်။

"ဖေဖေ"

"ဗျာ"

"ရွှေ့ကို ချစ်လားတာင်"

"ချစ်တာပေါ့ သမီးလေးရဲ့"

"မေမေ့ကိုရော"

"ဟာင်"

ထူးမင်းထက် ဘာပြောရမှန်းမသိ။ ရွှေဝသုန်က သူ့ဘေးနားထိုင်နေတာမို့ ဖြေရန်ခက်နေသည်။

"ဖေဖေ ပြောလေ"

www.burmeseclassic.com



"ဘာလဲ သမီးရဲ့"

"မေမေ့ကို ချစ်လားလို့"

"ချစ် ... ချစ်တာပေါ့ သမီးရယ်"

ပြောပြီး ... ကမန်းကတန်း ရွှေဝသုန့်မျက်နှာကို ကြည့်လိုက်ရာ ရွှေဝသုန်က ရွှေထက်ဖော်လေးကို ...

"သမီးဖေဖေ ညာနေတာ ... မေမေ့ကို သူ မချစ်ဘူး"

"ဟုတ်လား ... ဖေဖေက ဘယ်သူ့ကို ချစ်လို့လဲ"

"ဟို ... ဟိုလေ ဒေါ်လက်ချမ်းကို ချစ်တာ"

"ဒေါ်လက်ချမ်းက အသားမည်းတယ်၊ ကုလားမကြီး ... မုန်းဖို့ကောင်းတယ်"

ရွှေထက်ဖော်လေးက မဲ့ရွဲ့ပြောတော့ ...

"ဖေဖေ ... ဘယ်သူ့မှ မချစ်တော့ဘူး။ သမီးလေးကိုပဲ ချစ်မယ် ... နော်"

"မရဘူး ... မေမေ့ကိုလည်း ချစ်"

"ဟုတ်ကဲ့ပါ ... ချစ်ပါတယ်"

"ဒါမှ ရွှေဖေဖေ"

ရွှေထက်ဖော်လေးက သူ့လည်ပင်းကို တအားဖက်ထားလိုက်သည်။ သူ သီချင်းဆိုပြီး သိပ်တော့ ... ကိုယ်ပေါ်မှာပင် အိပ်ပျော်သွားရာ ... အခန်းထဲသို့ဝင်ပြီး ခြင်ထောင်ချသိပ်လိုက်၏။

"သမီးအိပ်သွားပြီ ဝသုန် ... ဝသုန်လည်း အိပ်ချင် အိပ်တော့လေ"

"ငါ မအိပ်ချင်သေးဘူး ထူး ... ခြံထဲမှာ လသာတဲ့အရသာ ထိုင်ကြည့်ချင်တယ်"

သူတို့နှစ်ယောက် ကုလားထိုင်နှစ်လုံးကို အိမ်အောက်သို့ ချ





လိုက်သည်။ ခြံထဲဆင်းကာ လသာတဲ့ညလေးမှ စိတ်ကူးယဉ်စရာ ကောင်းလွန်းလှတယ်။

"ထူး ... နင် သမီးလေးအပေါ် ဘယ်လိုသဘောထားလဲ"

"ဟာ ... ဘယ်လိုထားရမလဲ ဝသုန် ... သမီးလေးဟာ ငါ့သမီးလေးပဲ"

"တကယ်လို့ သမီးလေးကို ခွဲရမယ်ဆိုရင် နင်ခွဲနိုင်မလား"

"ဘာ ... ဘယ်လို"

ထူးမင်းထက်အသံက အံ့သြလွန်း၍ တုန်ခါနေတယ်။ ရွှေဝသုန့်အနေနဲ့ အခုလိုစကား ပြောလိမ့်မယ်လို့ သူ မထင်ခဲ့။

"ငါတို့သားအမိကရော ရေရှည် ... နင်နဲ့ ဘယ်လိုပုံစံမျိုးနဲ့နေရမှာလဲ၊ ဟန်ဆောင်အိမ်ထောင်တစ်ခုကို ကြိတ်မှိတ်တည်ဆောက်လို့ ရနိုင်ပါ့မလား ...၊

နင် သေချာစဉ်းစားပါ ... နင် နောက်တစ်ကြိမ် သော်ဇော့ ရင်ခွင်ထဲကို ငါ့ကို ထည့်ပေးဦးမှာလား ... ထူး"

"ငါ မဖြေတတ်ဘူး ဝသုန်ရယ် ... ငါနဲ့နေရင် သမီးလေးနဲ့ နင် ဆင်းရဲမှာစိုးတယ်"

"မပြည့်စုံပေမယ့် ဆပ်လို့မကုန်တဲ့ နင့်မေတ္တာကျေးဇူးကို ငါ ဘယ်လိုပေးဆပ်ရမလဲ၊ ငါ့ရင်မှာ တစ်ခါတလေ သိပ်တင်းကျပ်တယ်။

နင်နဲ့ငါ့ အိမ်ထောင်ရေးဟာ သိပ်ပိရိတယ်မထင်နဲ့ ... ဖေကြီးနဲ့ မေးမာ အခြေအနေအားလုံး သိတယ်"

"ဟင် ... နင်ပြောလိုက်တာလား"

"ကလေးကိုယ်ဝန်ရတဲ့လက တို့ အတူနေတာနဲ့ ကွာနေတော့ ... ငါ့ကိုမေးလို့ ပြောလိုက်တာ"

သူ ခေါင်းကြီးသွားတယ်။ အရင်က ရွှေဝသုန့်အရှက် ကာကွယ်ပြီး

www.burmeseclassic.com



သော်ဇော်ပြန်လာရင် ပိုင်ရှင်ကိုပြန်အပ်ဖို့ ရည်ရွယ်ခဲ့တာ ... တကယ်တမ်း ခွဲရမယ်ဆိုတော့ ...

"ဝသုန် ... ငါ နှင်နဲ့ သမီးလေးနဲ့ကို မခွဲနိုင်ဘူး"

"မခွဲနိုင်ရင် နှင် ... ဘာလုပ်မလဲ"

"ငါ နှင့်ကို သိပ်ချစ်တယ် ဝသုန်၊ ဟိုတုန်းကတည်းက ချစ်ခဲ့တာ ... အခုတစ်ခါတော့ နှင့်ကို မဆုံးရှုံးပါရစေနဲ့ ... ငါ မခွဲနိုင်တော့ဘူး"

သတိလက်လွတ်စကားလုံးတွေက စည်းကမ်းမဲ့ လွင့်ကျလာတော့ ရွှေဝသုန်က ပြုံးတယ်။

"နှင် ... ငါ့ကို ဘယ်လောက်ချစ်လဲ ငါသိတာပေါ့၊ ငါ အဖြေပေးဖို့ လိုသေးလား"

"လိုတယ်"

"ရှင့်ကို ကျွန်မ ငယ်ငယ်တည်းက ချစ်တာပါရှင်၊ ချစ်လွန်းလို့ ရှင်ရေးတဲ့ ဇာတ်ညွှန်းထဲ ငရဲကျခဲ့ရတဲ့သူပါ"

ရွှေဝသုန်ရဲ့လေသံက ရွှဲပြောတဲ့လေသံ ပေါက်ပေမယ့် သူ ... ကျေနပ်တယ်။ ရွှေဝသုန့်လက်ကို အသာဆွဲယူကာ ရင်ခွင်ထဲ ထည့်ထားလိုက်ပြီး ...

"ငါ ရင်တွေ အရမ်းခုန်နေတယ် ဝသုန်"

"ငါက အကြိမ်ကြိမ်ခုန်ခဲ့တော့ အားပျော့နေပြီ၊ နှင့်ရင်ခုန်သံလောက် မကျယ်ပေမယ့် အချစ်ကတော့ အတူတူပဲ"

"ငါတို့ လက်ထပ်ရအောင် ဝသုန်"

"ငါတို့အိမ်ထောင်သက်တမ်း သုံးနှစ်ကျော်ပြီလေ"

"အခုမှ တကယ်လက်ထပ်မှာ၊ မနက်ဖြန် တရားရုံးမှာ အကြင်လင်မယားအဖြစ် တရားဝင် လက်ထပ်မယ်နော်"

"နှင့်သဘောပါပဲ ထူးရယ်"



BURMESE CLASSIC .com



အဲဒီည ... လမင်းက တကယ်သာတာ ... တိမ်တွေကို ရှင်းလို့ ဘယ်တိမ်တိုက်ကမှ သူ့အလင်းကို ဖုံးမပစ်ရဲဘူး။

အချစ်ည တစ်ည ..., အလုပျက်မှာ စိုးလို့တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

"ဝသုန်ရေ မြန်မြန်လုပ်"

"ပြီးပါပြီ ... ခုမှ လောလိုက်တာ လွန်ရော"

တိုက်ပုံအင်္ကျီကို လက်ခေါက်တင်ရင်း အိပ်ခန်းထဲက ရွှေဝသုန်ကို လှမ်းအော်လိုက်ရာ ...

ရွှေဝသုန်က စိတ်မရှည်စွာ ပြန်အော်တယ်။

"မေမေ ... ဘယ်သွားမှာလဲဟင်"

"သမီးဖေဖေ မေမေတို့ကို ခွဲသွားမှာစိုးလို့ စာချုပ်သွားချုပ်မလို့"

"ဖေဖေက ဘာလို့ ခွဲသွားမှာလဲ မေမေ"

"သူက ဝေသန္တရာဘိုးအေလေ ... အလှူအတန်း သိပ်ရက်ရောတာ"

"ဖေဖေ မလှူပါဘူး ... ဟိုနေ့က အိမ်ကို အလှူလာခံတဲ့လူတွေကို ကန်တော့ပါစေရဲ့လို့ပဲ ပြောတယ်"

ရွှေထက်ဖော်လေးက စကားတတ်တတ်နှင့် ပြောလေရာ ထူးမင်းထက်က ရယ်ကျဲကျဲနှင့် ...



BURMESE CLASSIC .com

"ဖေဖေက လူပဲလှူတာ သမီးရဲ့"

"ရွှေကို မလှူနဲ့နော် ... ရွှေက ဖေဖေ့ကို မခွဲနိုင်ဘူး"

ပြောကာ သူ့အပေါ်ပြေးတက်သဖြင့် သူပွေ့ချီထားလိုက်၏။ အိမ်တံခါးကိုပိတ်ကာ ခြံထဲသို့ သူတို့သုံးယောက် ဆင်းလာသည့်အချိန်တွင်

'ကျွိ'

ခြံရှေ့က ကားရပ်သံကြောင့် ... သူရော၊ ဝသုန်ပါ ကားကိုတွေ့လိုက်ပြီး မျက်စိ မျက်နှာပျက်သွားသည်။

"သော်ဇော်"

သူ့ပါးစပ်က လွှတ်ခနဲ ထွက်သွားရာ ... သော်ဇော်က ခပ်နွမ်းနွမ်းပြုံးပြီး ကားပေါ်က ဆင်းလာ၏။

"ငါ ... အားလုံးသိပြီးပြီ ထူးမင်းထက်၊ မင်းကို သိပ်ကျေးဇူးတင်တယ်၊ ဒါ ... ငါ့သမီးလေးမဟုတ်လား"

သူ သွေးပျက်စွာနဲ့ သမီးလေးကို ခပ်တင်းတင်းဖက်ပြီး ရွှေဝသုန့် မျက်နှာကို လှမ်းကြည့်တယ်။

"ငါ ဝသုန့်ကိုစိတ်နာလို့ ဘယ်သူ့ကိုမှ အဆက်အသွယ်မလုပ်ခဲ့တာပါ၊ လွန်ခဲ့တဲ့ တစ်လက ... ဝကြီးနဲ့ ဖုန်းအဆက်အသွယ်ရပြီး မြန်မာပြည်မှာ ငါ့သမီးလေး ရှိတယ်ဆိုလို့ ပြန်လာခဲ့တာ"

"မဟုတ်ဘူး သော်ဇော် ... ဝကြီး မင်းကို နောက်တာ"

"ငါ အားလုံး စုံစမ်းပြီးပါပြီ မင်းရဲ့ အနစ်နာခံမှု၊ ဖြူစင်မှုတွေကို ငါယုံတယ် ... ထူးမင်းထက်"

သူ့ကိုယ်သူ ယိုင်မလဲသွားဖို့ သတိနဲ့ ထိန်းလိုက်တယ်။

ရွှေဝသုန်က သူ့ဘေးသို့လာကာ အလိုက်တသိ လက်မောင်းကို ထိန်းပေးရင်း ...

"ငါနဲ့ ထူးမင်းထက် လက်ထပ်ပြီးပြီ သော်ဇော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နှင်စော်ကားလိုက်လို့ ရခဲ့တဲ့ကိုယ်ဝန်က ကလေးကို နင့်ကလေးလို့ ပြောလို့ရပေမယ့် ... ဖခင်တစ်ယောက်ရဲ့ မေတ္တာနွေးထွေးမှု နင်ကပေးခဲ့လို့လား ...၊

ငါ အနိမ့်ကျဆုံး၊ အခက်ခဲဆုံး လျှောက်နေတဲ့အချိန်မှာ နင်ပေးခဲ့တဲ့ဒုက္ခကို ထူးမင်းထက်က အသန့်ရှင်းဆုံး တာဝန်ယူခဲ့တာပါ ... နင် ထပ်အနိုင်မကျင့်ပါနဲ့တော့"

"ငါ ... ရှင်းပြပါရစေ"

"မရှင်းပါနဲ့တော့ သော်ဇော်ရယ် ... ငါတို့ဘဝလေး မပြည့်စုံပေမယ့် အရမ်းကို သာယာနေပါတယ်၊ ငါ့သမီးလေးရဲ့ ရင်ကိုလည်း ဒဏ်ရာတွေ လာမပေးပါနဲ့ဟာ ... ငါ တောင်းပန်ပါတယ်"

ထူးမင်းထက်လက်ထဲက ကလေးကို သော်ဇော် တွေတွေကြီး ကြည့်ပြီး ...

"သမီးလေး ... ဖေဖေ့ဆီ လာပါဦး"

"ဟင် ... ဒီဦးဦးကလည်း ဖေဖေပဲလား"

"ထူးမင်းထက် ... ငါ့ကို ခဏပေးပါကွာ၊ ငါသမီးလေးကို ချီ ချင်လို့ပါ"

သူ မနေသာတော့ ... ရွှေထက်ဇော်လေးကလည်း သော်ဇော့်ဆီ မလိုက်ချင်။

"သွားလိုက်ပါ သမီးရယ် ... အဲဒီဦးဦးကလည်း ဖေဖေပါပဲ"

"ဒါဆို ရွှေမှာ ဖေဖေနှစ်ယောက်ပေါ့ ... ဘယ်ဖေဖေက ပထမ လဲဟင်"

"ဟိုဖေဖေက ပထမပါ"

"ဖေဖေက ဒုတိယပေါ့"





"ဟုတ်ပါတယ် ... ဖေဖေက ဒုတိယဖေဖေပါ၊ ပထမဖေဖေဆီ သွားလိုက်နော်"

သူ သော်ဇော့်လက်ထဲ ရွှေထက်ဇော်လေးကို ထည့်ပေးလိုက် သည်။

သော်ဇော်က ရွှေထက်ဇော်ရဲ့ပါးနှစ်ဖက်ကို အားရပါးရနမ်းပြီး

"သမီးလေးတို့ ... သုဝဏ္ဏကတိုက်ကို ပြောင်းနေကြတော့နော်"

"ပထမဖေဖေက ဘယ်သွားနေမလဲ"

"ဖေဖေက ဟိုအဝေးကြီးကို ပြန်သွားမှာ၊ ဖေဖေ ရှေ့နေတွေနဲ့ အကုန်စီစဉ်ပေးမှာပါ၊ ဖေဖေဖုန်းဆက်ရင် စကားပြောရမယ်နော်"

"ဟုတ်ကဲ့ ပထမဖေဖေ"

သော်ဇော်က ... ရွှေထက်ဇော်လေးကို သူ့လက်ထဲ ပြန်ထည့် ပေးပြီး ...

"ငါ့သမီးလေးအတွက် ငါစီစဉ်ပေးတာကို မင်း လက်ခံပေးပါ ထူးမင်းထက်"

"သူငယ်ချင်းရယ်"

"သမီးလေးကို သိပ်ချစ်တဲ့ မင်းကို ငါ သိပ်ကျေးဇူးတင်တယ် ... ငါ သွားပြီ"

ကားပေါ်တက်ကာ မောင်းထွက်သွားသော သော်ဇော့်ကို သမီး လေးက လက်ပြရင်း ကျန်ခဲ့သည်။

"ဖေဖေ ... ပထမဖေဖေ ငိုသွားတယ်"

သူ ဘာမှ သမီးလေးကို အဖြေမပေးတော့။ တစ်ဖက်က သမီး လေးကို ချီ၊ ကျန်လက်တစ်ဖက်က ရွှေဝသုန့်လက်ကို ဆုပ်ကာ တရားခံလို အမြန်ဆုံး ထွက်လာခဲ့သည်။

ရင်ထဲမှာတော့ ... သမီးလေးကို အကြိမ်ကြိမ် အပြုံးပေးလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဖေဖေပိုင်ခဲ့ရတာ ကြာပါပြီ သမီးရယ်။ အခုတော့ ကံကောင်းလို့

ဆက် . . မပိုင် . . ရ . . တာ . . ပါ . . လို့။

ပြီးပါပြီ။

သျှင်ဇွမ်းကွီ

28 July 2009

4:00 AM



BURMESE CLASSIC .com

ပရဆန်းကြယ် ချောက်ချားဖွယ်ဝတ္ထု

သစ်ငုတ်စိုးတဲ့ ဖိုးသူည

တမလွန်နှလုံးသားနှင့် ဝိညာဉ်ချစ်သူ

- ဝိညာဉ်မဲ့ ခန္ဓာကိုယ်၏ အေးချမ်းစွာ ပြုံးပြသည့် မသင်္ဂြိုဟ်ရသေးသော
- ချစ်သူ၏ ဝိညာဉ်ကို မစွန့်ပယ်နိုင်၍ အခန်းတစ်ခုတွင် နေရာပေး ထားသည့် အသည်းကွဲ မိန်းမပျို
- ချစ်သူ၏နှလုံးသားကို တခြားလူအားပေးလိုက်၍ ရင်ခုန်သံကို နားထောင်ချင်သူ
- ရေခဲတိုက်အနီးမှ သွားလိုသည့်လမ်းကို ညွှန်ပြသည့် တစ္ဆေကြီး
- တမလွန်ရောက်မနေသော်လည်း ချစ်သူကို စိတ်မချ၍ လူ လောကတွင် နေလိုသည့် တစ္ဆေချစ်သူ
- မိမိချစ်သူ၏ နှလုံးသားနှင့် သစ္စာမဲ့ချစ်တမ်းကစားသည့် သစ္စာ မဲ့သူကို ဖာတ်သိမ်းပေးလိုက်သည့် သွေးစာနေသည့် အစိမ်းမ လေး ...

ရဲရင့်အောင်စာပေ မှ ထွက်တော့မည်

www.burmeseclassic.com